www.burmeseclassic.com

တော်ဝင်မြို့
စာအုပ်တိုက်

# အကြည်တော်

# မိတ္တ ဟဒယ ဟာသ တက်ကျမ်း



www.burmeseclassic.com

## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

www.burmeseclassic.com

| | | |
|---|---|---|
| ၁။ | အလှမွေးငါးများ စီးပွားဖြစ်မွေးမြူနည်း | မောင်လှိုင်းသစ် |
| ၂။ | လေရှူးသုန်သုန် | နန္ဒ |
| ၃။ | ထမ္မာအစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၄။ | ဂဏန်းများနှင့် ကဓုန်ဖြင်း | အောင်ကျော် |
| ၅။ | ထိုင်ရှိ၏ ကိုယ်တွေ့ဝိဇ္ဇာဥ်ဓာတ်လမ်းများ | မောင်လှိုင်းသစ် |
| ၆။ | ရှမ်းဗဲလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၇။ | ကဝေပျို၏ နိဒါန်း | အကြည်တော် |
| ၈။ | ဘီလူး | အကြည်တော် |
| ၉။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၁၀။ | ရွှေမိုးသည်း | အကြည်တော် |
| ၁၁။ | နတ်နေကိုင်း | အကြည်တော် |
| ၁၂။ | မိုးတိမ်ပုံပြင် | အကြည်တော် |
| ၁၃။ | ပြုတ်ထွက်သွားသော ကျောရိုးဆစ်တလေးများ | အကြည်တော် |
| ၁၄။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၅။ | ယောကျ်ားမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၆။ | အိပ်မက်အပိုင်းခွဲ -၉ | အကြည်တော် |
| ၁၇။ | ရိတန်းဆောင်ပဲတီလူး | အကြည်တော် |
| ၁၈။ | နေတစ်ခြမ်း၊ လတစ်ခြမ်း | အကြည်တော် |
| ၁၉။ | မှော်ဆရာ့မှတ်တမ်း | ကိုကိုလေး |
| ၂၀။ | အပြစ်ကင်းတဲ့ ချစ်ခြင်းမေတ္တာ | ကိုဆန်း + ထေမင်းထက် |
| ၂၁။ | အင်္ဂလိပ်လိုပြောမလို့လား-၂ | ချစ်ဖူး |
| ၂၂။ | ပထမ်ဆရာတော် | ဒဂုန်ခင်ခင်လေး |
| ၂၃။ | တိမ်နဲ့ရေးတဲ့အရုပ် | မိုးဆက်လင်းထက် |
| ၂၄။ | ရှိအရာနိုင်နယ်နည်းများ | မောင်လှိုင်းသစ် |
| ၂၅။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်နိုးဝင်း |
| ၂၆။ | ဆိုင်ထိုဝင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၇။ | ဝေါက်ခဲ | ကုသ |
| ၂၈။ | မောင်လှထေး | သိပ္ပံမောင်ဝ |
| ၂၉။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၃၀။ | အိပ်မက်ပန်းအလှမ်းနှင်းဆီ | ညိုနှင်းထိမ် |
| ၃၁။ | ရသစာတမ်းများ | ပေါ်ဦးသစ် |
| ၃၂။ | ပိုးကောင်များ | အကြည်တော် |
| ၃၃။ | ကုလားအုတ်တွေနေတဲ့တဲ | သာရွှေဩ |
| ၃၄။ | ဆပ်တလေးဘကျော်နှင့် ဂန္ထဝင်ဘဘ | မြတ်ထွန်းသစ် |
| ၃၅။ | နှစ်ဂဏန်းရဲ့ပဥ္စလက် | ညိုနှင်းအိမ် |
| ၃၆။ | မောင်လိမ္မာကြာတိုင်းကောင်း | ဥက္ကာမင်းဆတ် |
| ၃၇။ | ကြယ်တစ်သောင်းနဲ့ကတဲ့လ | မိုးဆက်လင်းထက် |
| ၃၈။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၉။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၄၀။ | အချစ်ရဲ့နကွတ် | ပြည့်ပိုင်မှူးထိမ် |
| ၄၁။ | ဇ | အကြည်တော် |
| ၄၂။ | လှန် | မိုးဆက်လင်းထက် |
| ၄၃။ | စီးပွားရေးဓာတ်ပုံပညာနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်စိုးဝင်း |
| ၄၄။ | သတ္တမမြောက် နတ်သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၅။ | မီးနုပ်စ်ရဲ့တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၄၆။ | အောင်မြေ | အကြည်တော် |
| ၄၇။ | ပြောစည်တီး၍ လှူလိုက်သည် | ထူးဆွေအောင် |
| ၄၈။ | ပန်းနုရောင်ပြကွက်ထဲက ကကြိုးလှတဲ့ သတို့သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၉။ | အာဝမ်၏ဆာတေး | အကြည်တော် |
| ၅၀။ | မြူထို့ရေးတဲ့ ကျောက်ဆစ်ကဗျာ | မိုးဆက်လင်းထက် |
| ၅၁။ | နေရင်ခင်အတက် နင်းစက်အနမ်း | ပြည့်ပိုင်မှူးအိမ် |

# အကြည်တော်

# မိတ္တ ဟဒယ ဟာသ တက်ကျမ်း

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၂၅၇၀၆၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၂၉၇၀၆၀၃ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ဂဂ၊ ၃ထပ် (ညာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း (မိုးဝပုံနှိပ်တိုက်) |
| | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင်း ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ် မေလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |




**တစ်** နေ့တွင်ဖြစ်သည်။

ကျွန်တော်ထိုင်နေရာ လက်ဖက်ရည်စားပွဲဝိုင်းတွင် လူငယ်တစ်ဦးရောက်လာသည်။

"ထိုင်မယ်နော်. . ."

စားပွဲတိုင်းမှာ ရှင်းနေပါလျက် ကျွန်တော့်စားပွဲဝိုင်းကိုမှ ရွေးလာသူမို့ သူ့တွင်အကြောင်းတစ်ခုခုရှိကြောင်းသိသာပြီ။

"ဒီလိုဗျာ. . . ကျွန်တော်က စာဖတ်ဝါသနာပါတယ်. . ."

ကျွန်တော် သူ့ကိုသာငေးကြည့်နေမိသည်။

"ဆရာတို့အခေါ်နဲ့ဆို အဖတ်သင် အပျော်ဖတ် တွေပေါ့ အဲ. . . ဘာသာပြန်တွေလည်းဖတ်တော့ဖတ်တယ်. . ."

ကျွန်တော်ခေါင်းညိတ်မိသည်။

"ဟို. . . တက်ကျမ်းတွေ. . ခွန်အားဖြစ်စေမယ့်စာတွေလည်းဖတ်ပါတယ်. . . အဲ. . . ဒါပေမယ့်. . . စာဖတ်လိုက်တိုင်း အိပ်ပျော်ပျော်သွားတယ်ဗျ. . ."

"အဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဖတ်ရတာကလေးတယ်လေ. . . စာကိုယ်၌က လေးတဲ့ အပြင် စာအုပ်ကြီးတွေကထူလွန်းတော့ ရင်ဘတ်ပေါ်တင်ထားပြီး ဖတ်ရင်တောင် အတော်လေးတယ်. . . မေ့ပြီး ရင်ဘတ်ပေါ်တင်ပြီး အိပ်ပျော်သွားရင် ရင်ဘတ်တောင်နာတယ်. . ."

"ရော်. . ."

"အဲဒီတော့ဆရာရယ်. . . ကျွန်တော်တို့က အဲဒီစာမျိုးတွေလည်းဖတ်ချင်တယ်. . အဲ. . ဖြစ်နိုင်ရင် ပေါ့ပေါ့ပါးပါးနဲ့ ကိုယ့်အတွက်အကျိုးရှိပြီး မှတ်သားလို့ရနိုင်မယ့်စာမျိုးတွေ ဖတ်ချင်တယ် ပေါ့ဆရာရယ်. . . ."

သူဆိုလိုရင်းကို ကျွန်တော်အခုမှသဘောပေါက်သွားသည်၊ ဟာသသမားကို တက်ကျွမ်းလာရေးခိုင်းနေခြင်းပင်ဖြစ်သည်။

"ဒါက. . . ခီလိုရှိတယ်ညီလေးရ. . . ဒါမျိုးတွေက အလေးအနက်ထားဖတ်မှ ပိုမှတ်သားမိမှာမျိုးမို့ပါ. . . နောက်ပြီး. . သူကစာတစ်လုံးချင်းပေါ်မှာတန်ဖိုးရှိတယ်. . ."

ကောင်လေးကခေါင်းခါသည်။ ခေါင်းညိတ်သည်။

"ကျွန်တော်သဘောပေါက်တယ်. . သဘောမပေါက်တာ ကဒီစာတွေဘာလို့ဖတ်ရခက်နေတာလဲဆိုတာပဲ. . ."

"အဲ. . ."

ဘာပြန်ပြောလို့ပြောရမှန်းမသိတော့ဘူး။ မြန်မာစာကို မြန်မာစာအချင်းချင်း ဖတ်ရခက်သည်ဆိုတော့ ဘယ်လိုရှင်းပြရမှန်းမသိတော့။ ထို့ကြောင့်. . .

"အဲဒါ. . . ဆရာ့တို့အကူအညီတစ်ခုလောက်တောင်းချင်တယ်. . ."

"ကဲ. . . ဟုတ်ပြီလေ. . . အစ်ကိုက ဘာ အကူအညီပေးရမှာလဲ. . ."

"ဒီလိုလေဗျာ. . ."

ကောင်လေးအားတက်သွားပုံရတယ်၊ ထိုင်ခုံကိုပြင်ထိုင်လိုက်ပြီး. . .

"ကျွန်တော်တို့လူငယ်တွေအတွက်မပျင်းမရိစေဘဲ ပေါ့ပေါ့ပါးပါးဖတ်လို့ရမယ့် တက်ကျွမ်းမျိုးရေးပေးပါလားလို့. . ."

"ဟေ. . ."

သူ့စကားကြောင့် ကျွန်တော်လန့်သွားတယ်။ ပေါ့ပေါ့ပါးပါးဖတ်လို့ရမယ့်တက်ကျွမ်းမျိုးတဲ့၊ သူ့ခဏစိတ်ချမ်းသာစေခြင်းအလို့ငှာ. . .

"အေးလေ. . ကောင်းပြီလေ. . ကြိုးစားကြည့်တာပေါ့. ."

ကောင်လေးမျက်နှာဝင်းလက်သွားတာမြင်ရ၏၊

"ဖြစ်မှာပါ. . . ဆရာ့ကလူနောက်ပဲ. . ."

"အလိုဗျာ. . ."

သူထွက်သွားတော့မှကိုယ့်ဘာသာကိုယ် ရေးသင့်မရေးသင့် ပြန်စဉ်းစားမိသည်။ တက်ကျွမ်းနဲ့ကျွန်တော်ဘာဆိုင်မည်နည်း၊ မုတ်ဆိတ်နှင့်မိတ်ကပ်ကဲ့သို့ ပြဒါးတစ်လမ်းသံတစ်လမ်း။ ဘာလေးရယ်မှမဆီမဆိုင်၊ သို့သော် ခုနကလူငယ်လေးပြောသွားသလို ပေါ့ပေါ့ပါးပါးဖတ်လွယ်မှတ်လွယ် တက်ကျွမ်းလေးတစ်ခု ရေးချင်စိတ်တော့ဖြစ်သွားမိ၏။ ထို့ကြောင့်. . .

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ရေးမည့် မိတ္တဟာဒယတက်ကျမ်းသည် ယခင်ရှိပြီးသားကျမ်းတွေစာအုပ်ကြီးတွေကို ကပြောင်းက ပြန်လုပ်ခြင်းမဟုတ်ပါ။ စိတ်ထဲရှိသည်များကို နားလည်လွယ်အောင် ရေးသားလိုက်ခြင်းဖြစ်ကြောင်း၊ တစ်နည်းဆိုရသော် တိုးတက်ချင်သောလူငယ်များကို ရည်ရွယ်ပါကြောင်း၊

ထိုရည်ရွယ်ချက်မအောင်မြင်ပါကလည်း ဟာသသာဖြစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်းမည်သို့တက်ရမည်မသိပါကြောင်း။ ထိုသို့ဆို၍ ဤစာတမ်းငယ်ကို ဘာကြောင့် အချိန်ကုန်ခံပြုစုနေရသည်ဆိုသော် ဒဿနပညာရှင် စာရေးဆရာ George Santayana ၏စာတစ်ပိုဒ်ကိုသာ ကိုးကားပြပါမည်။

<u>အနုပညာနှင့်ဘဝသည် အမြဲတစေလွတ်လွတ်လပ်လပ်ရှိနေသင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်မျိုးစလုံးမှာ အမြဲတစေစမ်းသပ်နေစရာမို့ဖြစ်၏။</u>

ဤစာအုပ်ဖတ်ပြီးမှ စိတ်ဓာတ်တက်ကြွမလာဘဲ စိတ်ဓာတ်ကျသွားမည်ဆိုပါကလည်းကံတရားသာဖြစ်ကြောင်း စေတနာကောင်းနှင့် ဝေဒနာမောင်းခတ်လိုက်ရပါသည်။ အခုတော့ ဟုတ်လိုဟုတ်ငြား ကဗျာလေးနဲ့စလိုက်ရပါသည်. . .။ အစကတော့ ယဉ်သကိုးဗျ. . .၊

■ ■ ■

www.burmeseclassic.com



**လူငယ်ဆိုတာ**
**နိုင်ငံ့ရဲရင့် စွမ်းရည်မြင့်မား**
**မြတ်သားထူးချွန်**
**ကောင်းမွန်ရှိသော**
**ကြီးမားထက်မြက်**
**အနာဂတ်အတွက်ဖြစ်ရမည်။**

# အမှန်တရားကိုလက်တွေ့ပြခြင်း

BURMESE CLASSIC .com

လူတစ်ဦး၏ ဘဝ အောင်မြင်ခြင်း မအောင်မြင်ခြင်းသည် ရိုးသားမှုနှင့်အမှန်တရားကို လက်ဆုပ်လက်ကိုင်ထားခြင်း အပေါ်မူတည်ပါသည်။ မည်မျှကြီးကျယ်သောသူဖြစ်ပါစေ မမှန်ကန်ခြင်း၊ ရိုးသားမှုမရှိခြင်းတို့က သူ့ဘဝကို မုချဖျက်ဆီးပစ်နိုင်ပါသည်။

တချို့က အမှန်ကိုပြုနေရင်းနဲ့ အမှားများစွာဖြစ်သွားတတ်ကြသည်။ ဆင်ခြင်ခြင်းသည် အမှန်ကိုရောက်နိုင်ရာလမ်းသွယ်တစ်ခုဖြစ်ပါသည်။ ပညာရှင်များက အမှားမပြုခြင်းကိုလည်းမင်္ဂလာဟုမယူဆခဲ့ကြ။ ကြီးကျယ်မြင့်မြတ်သောဂုဏ်သတ္တိကို မိမိကိုယ်တိုင်ပြုနိုင်သောစွမ်းရည်၌သာရှိသည်ဟု ယုံကြည်ကြသည်၊ အမှားကိုမြင်ပြီးလျှင်မိမိ၏ကိုယ်စိတ်နှလုံးသုံးပါးစလုံးအသစ်ဖြစ်စေခြင်းသာ မင်္ဂလာဟုဆိုသော် အမှန်တရားမှာ မျက်စိစုံမှိတ်ပြု လုပ်ခြင်းတစ်ခုမှမရှိပေ။ အဘက်ဘက်မှ ထောက်ချင့်ပြီးမှ အဖြစ်နိုင်ဆုံးလမ်းတစ်ခုကို ရွေးချယ်ခြင်းသာဖြစ်သည်။ တစ်ဖက်တွင် အမှန်တရားရှိ၍ တစ်ဖက်တွင် မှားယွင်းခြင်းရှိ၏။ မှန်လျှင်မှန်မည်၊ မမှန်လျှင်မှားမည်သာဖြစ်၏။ အမှားကိုအရင်သိမှ အမှန်တ

www.burmeseclassic.com



ရားကို ဖွင့်ရှာမည့်မှုသော အယူအဆသည် သင်နှင့် သင့်အောင်မြင်မှုကို အနည်းနှင့်အများနှောင့်နှေးစေမှာဖြစ်သည်။

အမှန်နှင့်အမှားသည် ငါးဆယ်ရာနှုန်းစီသာရှိ၏။ ထိုအရာကိုသာ လူတို့၏အားနည်းချက်ကြောင့် အမှားသည်ခုနစ်ဆယ်ရာခိုင်နှုန်း ထိတိုးလာခြင်းဖြစ်၏။

'မှားလို့ရတာပဲကွာ' ဟူသောစကားကြောင့် အမှန်တရားမှာရာခိုင်နှုန်း ကျဆင်းလာခြင်းဖြစ်၏။

မှားသောအယူအဆတစ်ခုကို ရှင်းပြချင်ပါသည်။

အထက်အရာရှိထံသို့ အလုပ်စဝင်ခါစစာရေးတစ်ဦးကစာရင်းဇယားများအကြောင်း မရှင်းလင်း၍မေးပါသည်။ အထက်အရာရှိကရှင်းပြသည်။

"မင်းနားလည်အောင် ရှင်းရှင်းပြောရရင် စာရင်းဇယားဆိုတာ ဆီကနီဝတ်စုံဝတ်ထားသလိုပဲ. . . သူဖော်ပြတာကအများကြီးပေါ့ကွာ. . . ဒါပေမယ့် အဓိကနေရာတွေကို ဖုံးအုပ်ထားရတယ်. . . ဒါစာရင်းဇယားရဲ့ လျှို့ဝှက်ချက်ပဲ. . ."

ထိုအယူအဆသည် ဘဝအောင်မြင်ရေးအတွက်မှာ ခလုတ်ကန်သင်း အယူအဆတစ်ခုဖြစ်သည်ဟု ယူဆမိပါသည်။ အမှန်ကရိုးသားစွာအမှန်တရားကို လက်တွေ့ပြခြင်းဖြင့်သာ ဘဝအောင်မြင်ရေးလှေကားသို့ ချဉ်းကပ်နိုင် မည်ဖြစ်ပါသည်။ ထိုသို့အမှန်တရားကို လက်တွေ့ပြနိုင်သူတစ်ဦးကို ဥပမာပေးပါဦးမည်။

ညဉ့်နက်သန်းခေါင်တွင် လူတစ်ဦးအမူးလွန်၍ အိမ်တစ်အိမ်အား တံခါးဖွင့်ဖို့ကြိုးစားနေသည်ကို ရဲသားကတွေ့၏။

"ဟေ့လူ. . . ဘာလို့သူများအိမ်ကိုညဉ့်နက်သန်းခေါင်ကြီးမှာ နှောင့်ယှက်နေရတာလဲ. . ."

"ဟာ. . . ဦးဦးရဲသားကလည်း. . . ဒါသူများအိမ်မဟုတ်ဘူး. . ကျွန်တော့်အိမ်. . . ကျွန်တော့်အိမ်. . . ဒီမှာသော့ပေါက်ရှာမတွေ့လို့. . အော့. . လာပြီးဖွင့်ပေးဦး. . . အော့. . အထဲရောက်ရင်ကျွန်တော်ပြပါမယ်. . . အော့. . ."

အောင်မာ. . . လေတောင်တက်နေလိုက်သေးတယ်။ ရဲသားကဒေါသထွက်သွားပြီး. . .

"အေး. . . ဟုတ်ရင်ဟုတ်ပေါ့ကွာ. . . မဟုတ်ရင်တော့ နားရင်းဖုန်ထပြီသာမှတ်"

ရဲသားက တံခါးဖွင့်ပေးလိုက်တယ်။

"လာပါဦး. . . ဦးဦးရဲသားကြီးရဲ့. . . ဒါကျွန်တော့်အိမ်ဆိုတာ ကျွန်တော်လက်တွေ့ပြမယ်. . . ဒီမှာတွေ့လား. . ဒါဧည့်ခန်း. . . ဒါကစန္ဒရား. . ဒီစန္ဒရားက ကျွန်တော်တီးတာ ဒီမှာတွေ့လား. . . ဒီအခန်းက ကျွန်တော့်အိပ်ခန်း. . . တွေ့လား ခုတင်. . . ဒီခုတင်ကကျွန်တော်နဲ့ ကျွန်တော့်မိန်းမအိပ်တာ. . . ခုတင်ပေါ်မှာ အိပ်နေတဲ့အမျိုးသမီးတွေ့လား. . . အဲဒါကျွန်တော့်မိန်းမပေါ့. . . သူ့ဘေးမှာအိပ်နေတဲ့လူ တွေ့တယ်မဟုတ်လား. . . အဲဒါကျွန်တော်ပေါ့. . ဟင်းဟင်း. . ."

ထိုသို့ အမှန်တရားကို လက်တွေ့ပြနိုင်ခြင်းအတွက် ဂုဏ်ယူစရာမကောင်းပေဘူးလား။

<u>အမှန်တရားကို လက်ကိုင်ထားနိုင်လျှင် သင်သည် ဘဝအောင်မြင်ရေးလှေကားကို တစ်ထစ်လှမ်းနိုင်ပြီမှတ်ပါ။</u>

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံမကြားရသောအိမ်၊ ရယ်သံကင်းမဲ့သောလောကဟူ၍ စိတ်ကူး၍ပင်မရပါ။ ဟာသစိတ်သည် ဘဝကို တိုးပွားနိုင်သောနည်းလမ်းဖြစ်သည်။ ရယ်မောသံသည် နလုံးခုန်သံပင်ဖြစ်၏။ လူအားလုံး မျှဝေခံစားနိုင်သော နွေးထွေးမှုဖြစ်၏။ ရယ်မောခြင်းသည်ရှေ့သို့တိုးစေရန် ဦးဆောင်သည်။ နှိပ်စက်ခံရခြင်း၊ ဒုက္ခဖြစ်ရခြင်းတည်းဟူသော သွေးဆိုးတို့ကို ရယ်မောခြင်းက ဖောက်ထုတ်ပစ်ပေးနိုင်သည်။

## စေ့စပ်သေချာခြင်း

(Bob Dalbert)

ဤသည်မှာ သင့်ဘဝအောင်မြင်ရေးအတွက် ဒုတိယလှေကားထစ်ဖြစ်ပါသည်။ သင်သည် မည်သည့်ကိစ္စမဆို စေ့စပ်သေချာအောင် ပြင်ဆင်ခြင်းမရှိလျှင် ဘဝခရီးတွင် အမှားမှားအယွင်းယွင်း အဖာဖာအထေးထေးနှင့်သာသွားရပေတော့မည်။ ထိုအဖာအထေးများကို မည်သူက ရေရှည်သည်းခံနိုင်မည်နည်း။ သင့်အတွက်ရော ကောင်းကျိုးပေးနိုင်ပါဦးမည်လော။

စေ့စပ်သေချာစေရန် အတွက် အလျင်စလိုမလုပ်ပါနှင့်၊ ခပ်ဖြည်းဖြည်းလေ့ကျင့်ပါ။ အဖိုးတန်သည့်အရာများ သင့်အားမမီလိုက်မှာစိုး၍ သတင်းပေးခြင်း ဖြစ်ပါသည်။

စေ့စပ်သေချာခြင်း နှင့် မေ့လျော့တတ်ခြင်းမှာ ရောထွေးနေတတ်ကြပြန်ပါသည်။

မစ္စတာဒေါ်ပါဆိုသူသည် သူ့ဇနီးနာမည်ကို အမြဲလိုလိုမေ့တတ်ပေမယ့် သူ၏စေ့စပ်သေချာမှုကြောင့် သူ့ကုန်ပစ္စည်းကုမ္ပဏီသည် နံပါတ်တစ် ကုမ္ပဏီဖြစ်ခဲ့ပါသည်။

မေ့လျော့ခြင်းသည် လူမှုရေးကိစ္စ၌သာဖြစ်ကောင်း၍ လုပ်ငန်းကိစ္စပေါ်တွင် လုံးဝမရှိကောင်းပါ။

www.burmeseclassic.com


"မေ့သွားလို့ကွာ. . "

ဟူသောစကားသည် သင့်မိသားစုက သင့်ကိုတစ်ခုခု ပူဆာသည့်အချိန်တွင်သာဖြစ်ကောင်းပါသည်။

လုပ်ငန်းကိစ္စများတွင် ဖြစ်မည်ဆိုလျှင်. . .

သာဓကပြပါမည်။

အာကာသထဲတွင် နှစ်နှစ်ခန့်နေထိုင်၍ စူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ရန် အမေရိကန်၊ ဂျပန်၊ ရုရှားအာကာသယာဉ်မှူး သုံးဦးကို ရွေးချယ်ထားသည်။ တစ်ဦးလျှင် ပေါင်တစ်ရာ့နှစ်ဆယ်ထက်မလေးသော မည်သည့်ပစ္စည်းကိုမဆို ယူဆောင်ခွင့် ရှိကြောင်း အာကာသစူးစမ်းလေ့လာရေးအဖွဲ့ချုပ်ကပြောသည်။

အမေရိကန်အာကာသယာဉ်မှူးက. . .

"ကျွန်တော့်မိန်းမက ပေါင်တစ်ရာ့တစ်ဆယ်ကျော်လေးပဲရှိတယ်. . . ကျွန်တော်သူ့ကိုခေါ်သွားမယ်. . . "

အဖွဲ့ချုပ်က ဆွေးနွေးကြပြီး ခေါ်သွားသင့်ကြောင်း ခွင့်ပြုသည်။

ဂျပန်အာကာသယာဉ်မှူးကပြောသည်။

"ကျွန်တော်က ဂရိဘာသာစကားသင်နေတော့ ပေါင်တစ်ရာ့နှစ်ဆယ်လုံး ဂရိဘာသာစကားစာအုပ်တွေပဲယူသွားမယ်. . "

ခွင့်မပြုစရာအကြောင်းမရှိဘူးဟု အဖွဲ့ချုပ်ကထောက်ခံသည်။

ရုရှားအာကာသယာဉ်မှူးကလည်းထပြီး. . .

"ကျုပ်ကတော့ဆေးပြင်းလိပ်သမား. . ဆေးပြင်းလိပ်မှမသောက်ရရင်မနေနိုင်ဘူး. . . ဒါကြောင့် ပေါင်တစ်ရာနှစ်ဆယ်လုံး ဆေးပြင်းလိပ်တွေကို သယ်သွားမယ်. . . "

စူးစမ်းလေ့လာရေးအဖွဲ့ကခွင့်ပြုလိုက်သည်။

ဒီလိုနဲ့ အာကာသထဲတာဝန်ထမ်းဆောင်ဖို့ထွက်သွားကြတယ်ဆိုပါစို့။

အာကာသထဲတွင် စူးစမ်းလေ့လာမှုများပြုလုပ်၍ နှစ်နှစ်ကြာသောအခါ ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်လာကြသည်။

ရှေးဦးစွာ အမေရိကန်အာကာသယာဉ်မှူးနှင့် သူ့ဇနီး ကလေးနှစ်ယောက် ချီပြီးဆင်းလာသည်။ လူအများအားရဝမ်းသာကြိုဆိုကြသည်။

သူတို့နောက်မှ ဂျပန်အာကာသယာဉ်မှူး ဂရိဘာသာစကားနှင့် "မင်္ဂလာပါ" ဟုနှုတ်ခွန်းဆက်လိုက်သည်။ လူအများက လက်ခုပ်လက်ဝါးတီးပြီးအားပေးကြသည်။

သူတို့နောက်မှ ဆေးပြင်းလိပ်ထုပ်ကြီးနှင့် ရုရှားအာကာသယာဉ်မှူး ကမူးရှူးထိုးပြေးဆင်းလာပြီး ရေးကြီးသုတ်ပြာနှင့်စကားတစ်ခွန်းပြောသည်။

"မီး. . မီး. . မီးခြစ်လေးများ မပါကြဘူးလားခင်ဗျား. . . မီးခြစ်လေးများမပါကြဘူးလား. . . "

အာကာသထဲတွင် ဆေးပြင်းလိပ်လည်းရှိပါလျက်နှင့် ဆေးပြင်းလိပ်ထုပ်ကြီးထိုင်ကြည့်ရင်း နှစ်နှစ်လုံးလုံးနေခဲ့ရသော အာကာသယာဉ်မှူးကြီးဘဝက သနားစရာ။ ဤသည်မှာ စေ့စပ်သေချာစွာမပြင်ဆင်ခဲ့၍ ဆိုသည်မှာ သိသာထင်ရှားပါသည်။

<u>ထို့ကြောင့် ဘယ်အရာမဆို စေ့စပ်သေချာစွာပြင်ဆင်ရင်း ဘဝအောင်ပန်းကိုဆွတ်ခူးပါ။</u>


www.burmeseclassic.com

www.burmeseclassic.com


သတ္တိဟူသည် ဘဝကို ဟုတ်ကဲ့ဟု ပြောလိုက်ခြင်းဖြစ်သည်။ အကယ်၍ ယခုခေတ် မိန်းကလေးများ အရင်အရင်က ထက်ပို၍ သတ္တိရှိလာလျှင် ဤခေတ်တွင်နေရခြင်းမှာ ကံကောင်းခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သတ္တိရှိသူတို့သာ ရှင်လန်းချမ်းမြေ့ကြသည်။ သတ္တိရှိသူတို့သာ ချစ်ခင်ခြင်းခံရ၏။ သတ္တိရှိသူတို့သာ လိမ္မာကြ၏။

(Artis Whitmam)

# မည်သို့သောကျေးဇူးတရားမဆို သိတတ်ပါ

လူတချို့သည် ကျေးဇူးတရား ကျေးဇူးတရားဆိုပြီး နှုတ်ဝယ်တဖွဖွ ရွတ်ရွတ်နေသော်လည်း တကယ်တမ်း ကျေးဇူးတရားကို နားလည်တတ်သူ အလွန်ရှားပါသည်။ ကြီးမားလှသော၊ ထင်ရှားသောငွေကြေးထောက်ပံ့မှု၊ အားပေးအားမြှောက်မှုမျိုးကိုသာ ကျေးဇူးဟုသိတတ် ထင်မှတ်ကြသော်လည်း ဘာမှမဟုတ်သည့်၊ ကိုယ်မသိလိုက်သည့်၊ သူ့အတွက် လွန်စွာအသုံးဝင်လှသည့် ကြီးကျယ်သည့် ကျေးဇူးတရားမျိုးကိုကား မသိမမြင် မဆင်ခြင်တတ်ပေ။

ဆင်းရဲသားတစ်ယောက်အတွက် ကျေးဇူးသိမှုများစွာတွေ့ရလျှင် ထိုသူ ချမ်းသာကြွယ်ဝလာသည့်အခါ မြောက်မြားစွာ ရက်ရက်ရောရော လှူဒါန်းပေးကမ်းလိမ့်မည်ဟုယူဆနိုင်ပါသည်။

ဤအမြင်နှင့်ပင် ဤသူကား လူသာမာန်၊ ဤသူကား အောင်မြင်မည့်သူဟု စားဆန်နှင့် ဖွဲဆန်ကွဲ ကွဲပြားကဲ့သို့ အလွယ်တကူခွဲခြားနိုင်လေသည်။ ကျေးဇူးတရားသိတတ်ခြင်းသည် လူချစ်လူခင်ပေါ်များစေသောအစွမ်းထက်သည့် ဆေးတစ်ခွက် ဖြစ်ပါသည်။

ထိုဆေးတစ်ခွက်သည် လူတိုင်းလှမ်းယူသောက် သုံးနိုင်

www.burmeseclassic.com



ရန် အနီးအနားတွင်အလွယ်တကူရှိပါသည်။

ချက်နည်းပြုတ်နည်းစာအုပ်များကိုဖတ်လျှင် ဟင်းချက်နည်းပြုတ်နည်းပေါင်း တစ်ထောင်ကျော်ကိုအလွယ်တကူတွေ့ရနိုင်သော်ငြား လက်ဖက်ရည်တစ်ခွက်ကောင်းကောင်းဖျော်နည်းကိုမူ တွေ့ရခဲပေလိမ့်မည်။ ကျေးဇူးသိတတ်ခြင်းသည်လည်း ဟင်းအမယ်တစ်ထောင်ကျော်ထက် ပိုတန်ဖိုးရှိသော လက်ဖက်ရည်ကောင်းကောင်းတစ်ခွက်သောက်ရခြင်းပင်ဖြစ်ပေလိမ့်မည်။

ကျေးဇူးတရားအတွက် ချီးကျူးစကားသည် ကြီးမားသောစိတ်ကူးဖြင့်ပိုင်းရုံလျက်ရှိသော မေတ္တာအစွန်းအစဖြစ်ပါသည်။

မယုံလျှင်ကြည့်ပါ. .

တပ်ကြပ်အဆင့်ရှိသူရဲဘော်တစ်ယောက်က ဗိုလ်မှူးအားဝင့်တွေ့၍ ကျေးဇူးတင်စကားပြောသည်။

"တိုက်ပွဲကြီးတစ်ခုမှာ ဗိုလ်မှူးကယ်ခဲ့လို့သာ ကျွန်တော်အသက်ဘေးက သီသီလေးလွတ်ခဲ့တာ. . . ကျွန်တော့်မှာဗိုလ်မှူးပေးတဲ့ အသက်ပဲရှိတော့တယ်ဗိုလ်မှူးရယ်. . ."

"အင်း. . ဘယ်တုန်းကလဲ. . ."

"ဘက္ကဒက်တောင်ပိုင်းတိုက်ပွဲမှာပါ. . ."

"အဟေးဟေး . . . ကျုပ်တောင်မမှတ်မိဘူး. . . ဒါနဲ့မောင်ရင့်ကို ဘယ်လိုကယ်ခဲ့တာလဲ. . ."

ကြောက်လန့်မပြေသေးတဲ့မျက်နှာနဲ့ ရဲဘော်ကလေးကပြောပြသည်။

"'ဝုန်း' ဆိုရန်သူစစ်သည်တွေကလုံ့စွပ်တွေနဲ့ ပြေးတက်လာတော့. . . ဗိုလ်မှူးကကျွန်တော်ရှေ့ကထပြေးတယ်လေ. . . ကျွန်တော့်လည်း အဲဒီတော့မှသတိပြန်ဝင်လာပြီး ဗိုလ်မှူးနောက်ကလိုက်ပြေးလို့ အသက်ဘေးကလွတ်ခဲ့တာပါ ဗိုလ်မှူး. . . အောင်မလေး. . . ဗိုလ်မှူးရယ်. . . ဗိုလ်မှူးပေးတဲ့ အသက်ပဲရှိတော့တယ်. . ."

ကြံဖန်၍ ကျေးဇူးတင်တတ်သူပါပေ။ ထိုရဲဘော်လေးမှာ မုချအောင်မြင်မည့်သူဖြစ်ကြောင်း သူ့အပြုအမူများကသက်သေပြနေပေသည်။ ထို့ကြောင့် ဘဝအောင်မြင်မှု လှေကားနံပါတ်သုံးကိုမှတ်ပါ။



မည်သို့သော ကျေးဇူးကိုမဆိုသိတတ်ပါ။ ပြန်လည်တုံ့ပြန်ပါ။ အနှိမ်ဆုံးသင်နှင့်သင့်ကျေးဇူးရှင်တို့ လက်ဖက်ရည်ကောင်းကောင်းတစ်ခွက် သောက်ရသကဲ့သို့ကျေနပ်နှစ်သိမ့်မှုတော့ရရှိပေလိမ့်မည်။

www.burmeseclassic.com



အကြည်တော်
ဓမ္မ ပဒေသာ ဟာသ ကျမ်း

<u>ကောင်းသောဟာသ</u>
<u>သည်လူအဖွဲ့အစည်းထဲမှာ ဝတ်</u>
<u>စားဆင်ယင်အပ်သော အကောင်း</u>
<u>ဆုံးအဝတ်တန်ဆာဖြစ်သည်။</u>
(W.M. Thackeray)

# သူ့ဘက်ကလည်းခံစားပေးပါ

လူအတော်များများသည် သူတစ်ပါး၏ခံစားချက်ကို မကြည့်တတ်၊ မမြင်တတ်။ မိမိလိုချင်လောဘများကိုသာ ရှေ့တန်းတင်တတ်ကြသည်။ ထို့ကြောင့် . . .

'ငါဘယ်တုန်းက ဘယ်သူ့ကိုကူညီခဲ့တာ၊ ငါနဲ့ယှဉ်လိုက်တော့ သူကဘာမှမဟုတ် ပါဘူး၊ ငါသာဆိုရင်' စသည်ဖြင့် ကိုယ့်ခံစားချက်နှင့် နှိုင်းယှဉ်ခံစားတတ်ကြသည်။ ထိုသေးနုံသောအပြုအမူက သင့်ဘဝအတွက် ကြီးမားသော အနှောင့်အယှက်အခုအခံကြီးဖြစ်နိုင်ပါသည်။မည်သူ့ကိုမဆို သတိထားကြည့်က တွေ့နိုင်ပါသည်။

"မင်းဘယ်တုန်းက ဘာလုပ်ခဲ့သလဲ. . . အဲဒီလိုဆို မင်းဘယ်လို ရင်ဆိုင်ဖြေရှင်းခဲ့လဲ. . ."

ဆိုသော စာနာသော အမေးများထက်. . .

"ငါအဲဒီတုန်းကဘာလုပ်ခဲ့တာ. . . အဲဒီလိုဖြစ်တော့ ငါနှယ်ဘယ်လိုကို ဖြစ်ခဲ့ရတာ"

စသော ပြောဆိုချင်သူသာများပါသည်။ မိမိ၏ကိုယ်ရည်သွေးစကားများသည် တစ်ဖက်လူအတွက်ရယ်ဖွယ်၊ စိတ်ညစ်ဖွယ်ဇာတ်လမ်းများသာဖြစ်တတ်သည်ကိုသတိချပ်ပါ။





www.burmeseclassic.com

www.burmeseclassic.com

"ငါသာလျှင်၊ ငါ့အတွက်သာလျှင်၊ ငါ့တုန်းကသာလျှင်၊ ငါနဲ့သာဆိုလျှင်"

ဟူသော စကားများသည် သိလိုသူအတွက် တစ်ခါတစ်ရံသာ ကောင်းပေလိမ့်ဗြား အမြတမ်းအတွက်မူ လူတစ်ဖက်သားစိတ်ညစ်ညူးဖွယ်၊ အထင်သေးဖွယ်များသာ ဖြစ်နေပေလိမ့်မည်။

မည်သည့်ကိစ္စတွင်မဆို မိမိအတွက်ဆိုလျှင် ဦးနှောက်ကိုသုံးပါ၊ တစ်ပါးသူအတွက်ဆိုလျှင် နှလုံးသားကိုသုံးပါ။ ဤတွင် တစ်ပါးသူအတွက် နှလုံးသားမသုံးမိသူတစ်ဦးအကြောင်း. . .

သာဓကတစ်ခုပြပါဦးမည်။

မြို့တွင်ကျောင်းတက်နေသော မွေးမြူရေးကျောင်းသားတစ်ယောက်သည်ကျောင်းခေတ္တပိတ်သဖြင့် အိမ်သို့ခဏပြန်လာသည်၊ အိမ်နီးချင်းအမျိုးသမီးတစ်ဦးက တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ချင်သောကြောင့် အကြံဉာဏ်လာ၍တောင်းခံသည်၊

"ကျွန်မအိမ်မှာ အိမ်တွင်းစီးပွားရေးအတွက် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေးလုပ်ချင်တယ်. . ဘယ်လိုစလုပ်ရမလဲ. . ."

ကျောင်းသားက ကြက်ဖနှစ်ကောင်လောက်နဲ့ ကြက်မနှစ်ဆယ်လောက်စ မွေးရန်အကြံပြုသည်။ ကျောင်းဖွင့်သဖြင့် ကျောင်းသားမြို့ပြန်တက်သွားသည်၊ တစ်နှစ်ခန့်အကြာကျောင်းပိတ်၍ ကျောင်းသားပြန်လာသောအခါ သူအကြံပေးခဲ့သော အမျိုးသမီး၏ ကြက်ခြံသို့သွားရောက်ကြည့်ရှုရင်း အံ့အားသင့်သွားရသည်၊ သူပေးလိုက်သော အကြံကို မှားယွင်းစွာလုပ်ကိုင်ထားသည်ကိုး။ ကြက်ခြံထဲတွင် ကြက်ဖက အကောင်နှစ်ဆယ်လောက်ရှိပြီး ကြက်မကတစ်ကောင်တည်းရယ်။

ကျောင်းသားက အမျိုးသမီးကိုခေါ်ရင်းရှင်းပြသည်။

"ဟင်. . . ကျွန်တော်ပြောတာအဲဒီလိုမဟုတ်ဘူးလေ. . . ကြက်မကနှစ်ဆယ်လောက်နဲ့ ကြက်ဖကနှစ်ကောင်လောက်ကိုပြောတာ. . ."

"အို. . ဒါကတော့ ရှင့်ဘက်က ယောက်ျားလေး အမြင်ကိုး. . ကျွန်မကမိန်းကလေးရှင့်ဟင်း. . အဲဒါတောင် ကြက်ဖကနည်းနေသေးတယ်. . ."

ကဲ. . . မပြောဘူးလား။ သူတက်ကအမြင်ကိုလည်း ခံစားနားလည်ပေးပါလို့။



www.burmeseclassic.com

www.burmeseclassic.com



<u>လူတွေကို မော်ကြည့်ပြီး အားကိုးစရာမလိုအောင် ပညာလုံလောက်စွာ တတ်ထားသင့်သည်။ ပြီးလျှင် လူတွေကို ငုံ့ကြည့်ပြီး အထင်မသေးအောင် မြင့်တတ်သောပညာကို ပို၍ တတ်ထားသင့်သည်။</u>

(M.L. Boren )





# သူတစ်ပါးကိုနားဝင်အောင်ပြော ကိုယ်တိုင်လည်းလိုက်နာ

လူအတော်များများသည် သူတစ်ပါးကိုကျနလှပသောစည်းကမ်းချက်များ ချမှတ်တတ်ကြပေမယ့် ကိုယ်တိုင်ကျတော့ လစ်လျှင်လစ်သလို ထိုစည်းကမ်းများကို ချိုးဖောက်တတ်သော လူစားများလည်း များပြားလှပါသည်။ အမှန်က ကိုယ်ချမှတ်သော စည်းကမ်းကိုယ်ကိုယ်တိုင်လိုက်နာမှ ထိုစည်းကမ်းသည် တန်ဖိုးရှိသောစည်းကမ်းဖြစ်မည်ဖြစ်သည်။ ကိုယ်တိုင်ကမစောင့်ထိန်းနိုင်ဘဲ ကျိုးပေါက်မည်ဆိုလျှင် သူတစ်ပါးကိုချမှတ်ထားသော စည်းကမ်းသည်

"ကျောင်းဝန်းထဲဆိုင်းမတီးရ။ ပုံ/ဘုန်းကြီးလို့"

အများ က 'ဘွား'ခနဲ ပေါ်လာတတ်ပါသည်။ မိတ်ဆွေတို့ကြားဖူးမယ်ထင်ပါသည်။

ဘုန်းတော်ကြီးတစ်ပါးက သူ့ကျောင်းဝန်းအတွင်းနှင့် ကျောင်းပရိဝုဏ်နားမှာ ဆိုင်းမတီးရဘူးလို့ အမိန့်ထုတ်ထားပါသည်။ ရွာသူရွာသားတွေဆိုတော့ ဘုန်းကြီးကြောက်လို့ ထိုစည်းကမ်းကို မချိုးဖောက်ရဲကြ။ တစ်ခါတော့ အခြားရွာများတွင် အလှူပွဲနှင့် ကထိန်ပွဲများတွင် ဆိုင်းနဲ့ဝိုင်းနဲ့ စည်ကားသိုက်မြိုက်နေသည်ကို အားကျသော သူကြီး



www.burmeseclassic.com

www.burmeseclassic.com

နှင့်ရွာသားများက ကထိန်ပွဲတွင် ဆိုင်းထည့်ရမည်ဟု ကျိတ်စီစဉ်ကြသည်။ ဆရာတော်ကို အသိမပေးဘဲလုပ်မည်။ ဆရာတော် စိတ်ဆိုးလည်း ပြီးမှတောင်းပန်မည်ပေါ့။ ကိုယ့်ရပ်ရွာသူရပ်ရွာသားများကိုလည်း စည်ကားချင်သကိုး။

ပွဲနေ့ရောက်တော့ကျောင်းဝန်းထဲဆိုင်းလည်းတီးရော ဘုရားခန်းထဲကဆရာတော် သင်္ကန်းကြီးခေါင်းပေါင်းပြီး ထွက်လာသည်။ သူ့နှုတ်ခမ်းကိုသူကိုက်လို့။ ဆရာတော့်ပုံက တစ်ခုခုကို အလွန်အမင်းထိန်းချုပ်ထားရဲ့တဲ့ပုံမျိုးပေါ်နေသည်။ အထိတ်တလန့်ဖြစ်သွားသော သူကြီးလည်း . . .

"စိတ် . . စိတ်မဆိုးပါနဲ့ဘုရား. . တပည့်တော် . . . တပည့်တော်တို့. . ."

"မင်းတို့ကို ဝါကျောင်းပရိဝုဏ်ထဲ ဆိုင်းမတီးရဘူးလို့ အမိန့်ထုတ်ထားတာမသိဘူးလားကွ. . ဟေ. . ."

"သိပါတယ်ဘုရား. . ဒါပေမယ့် ကိုယ့်ကျောင်းကထိန်စည်ချင်လို့အရဲစွန့်ပြီးဆိုင်းထည့်ရတာပါဘုရား. . ."

"အိန်း. . . အခုမှတော့လည်းရှိစေတော့ပေါ့. . . ငါ့ဝါသနာငါသိလို့ ဆိုင်းမတီးရ အမိန့်ထုတ်ထားတာ. . . ငါက ငယ်ငယ်ကတည်းက ဆိုင်းသံကြားရင်မနေနိုင်ဘူး. . . တစ်ခါတည်း ထထက်ကချင်တာ. . . အခုမှတော့လည်းမထူးတော့ပါဘူး. . တစ်ပိုဒ်လောက်ဆွဲလိုက်ရအောင်. . . ရွာစားရေ. . . ရပ်ကြီးသူတို့×××ဟန်မူပို××× ဘာတဲ့×××ဟဲ့×××"

"ရပ်ကြီးသူတို့×××"

ထိုသို့ဖြစ်သောအခါ မိမိကိုယ်တိုင် ချမှတ်ခဲ့သော ကြောက်စရာကောင်းသည့်ဒါ သော စည်းကမ်းမှာ ရယ်စရာဖြစ်သို့ရောက်ရပါတော့သည်။

ထို့ကြောင့် ကိုယ်ကိုယ်တိုင် လိုက်နာနိုင်သလောက်သာ စည်းကမ်းချမှတ်ပါ။

ယခုကုမ္ပဏီလုပ်ငန်းများတွင်တွေ့နေရပါသည်။ ကုမ္ပဏီသို့ အလုပ်သမားအား ကိုးနာရီအရောက်လာရမည်။ လေးနာရီမှာအလုပ်ဆင်းရမည် ဟူသော စည်းကမ်း ချမှတ်ထားသည်။ ဤသည်ကို ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင်က ကိုးနာရီတွင် အိပ်ရာထဲ၌သာ ရှိနေသေးသည်။ မည်သည့် အလုပ်သမားက အလုပ်ထဲ ကိုးနာရီတွင်ရောက်မည်နည်း။ ကုမ္ပဏီပိုင်ရှင်က နေ့ခင်းနှစ်နာရီပြန်သည်။ မည်သူက လေးနာရီထိ နေကြမည်နည်း။ မည်သူမှ ချမှတ်ထားသော စည်းကမ်းကို လိုက်နာလိမ့်မည်မဟုတ်။

ဤတွင်ပြောစရာရှိသေး၏။ လူတစ်ယောက်သည် သူ့ဆရာသခင် သူ့မိတ်ဆွေအတွက် အသက်ပင်စွန့်နိုင်၏။ သို့သော် နားပူခံနိုင်လိမ့်မည်တော့မဟုတ်။

စကားကြုံ၍ သာဓကတစ်ခုပြချင်ပါသေးသည်။

ကျောင်းသွားခါနီး မိခင်နဲ့ကလေးဝုန်းဒိုင်းကြဲနေကြသည်။ ပြဿနာက ကလေးကို တိုက်သော နံနက်စာဆန်ပြုတ်ကို ကလေးကငြင်းနေလို့ဖြစ်သည်။ ကလေးက ခေါင်းမာသည်။ မိခင်ကဘယ်လိုချော့ချော့၊ ဘယ်လိုခြောက်ခြောက် မသောက်ရေးချမသောက်။ ရေချိုးခန်းမှထွက်လာသော ဖခင်က ထိုပြဿနာကို သတိပြုမိသွားသည်။

"ဒီသားအမိတွေဘာဖြစ်နေတာလဲ. . ."

"ဒီမယ်လေ. . . ကို့သားက ဆန်ပြုတ်သောက်ပါဆိုသောမသောက်ငြင်းနေတယ်. . ဒါသူသောက်မသွားရင် တစ်နေ့လုံးဗိုက်ဆာနေမှာစိုးလို့ ဒီကတိုက်တာ. . ."

"ဩော် . . . ဒါများကွာ . . . သားလေးလာပါဦး ဖေဖေ့အနားကို. . ."

ဖခင်က သားအနားကပ်၍ စကားတစ်ခွန်းတီးတိုးပြောလိုက်သည်။ သားငယ်မျက်လုံးပြူးသွားပြီး ဆန်ပြုတ်ဇလုံပြေးယူကာ တစ်ရှိန်ထိုးမော့ချလိုက်ပြီး လွယ်အိတ်ကလေးလွယ်ပြီး ကျောင်းကိုလစ်ချသွားသည်။ အံ့ဩမှင်တက်နေသော မိခင်က. . .

"ဟင်. . . ဒီလောက်ဆန်ပြုတ်ကြောက်နေတဲ့ကလေးကိုတစ်ခါတည်း မော့သောက်ချင်အောင် ရှင်ဘာပြောလိုက်တာလဲဟင်. . ."

"လွယ်ပါတယ်မိန်းမရယ်. . . သားဒီဆန်ပြုတ်ကိုမှန်မှန်မသောက်ရင် သားရှေ့ပန်းလေးကကြီးလာမှာမဟုတ်ဘူးလို့. . ."

မိန်းမလုပ်သူက ဆန်ပြုတ်ဇလုံနဲ့ သူ့ယောကျ်ားခေါင်းကိုခေါက်လိုက်သည်။

"ဂေါင်. . . ဂေါင်



www.burmeseclassic.com

www.burmeseclassic.com



ဂေါင်း. . ."

"ဟ. . . မိန်းမရဘာ လို့ခေါက်နေတာလဲ. . ."

"ရှင်မှ ငယ်ငယ်တုန်း ကဆန့်ပြုတ်မှန်မှန်မသောက် ခဲ့တာ. . . ဟင်. . ."

ပြောပါတယ်။

ဘဝအောင်မြင်ရေးမှာ ကိုယ်ချမှတ်တဲ့စည်းကမ်းကို ကိုယ်ကိုယ်တိုင် လိုက်နာနိုင်ရမယ်ဆိုတာကို။



လူငယ်များသည် ပုံသွင်းရန်အရာများမဟုတ်။ ပွင့်လန်းရှင်သန်လာအောင်ပြုစုပျိုးထောင်ရမည့် လူသားများသာ ဖြစ်သည်။

(Jess Lair)

www.burmeseclassic.com

www.burmeseclassic.com

# ပတ်ဝန်းကျင်မှလည်းလေ့လာသင်ယူပါ

လူတချို့သည်မည်သည့်ကိစ္စမဆို ငါသိငါတတ်လုပ်ချင်ကြသည်။ အသက်နှစ်ဆယ်ကျော်လာရင်သင်ကြားရေး၊ လေ့လာရေးထက် ငွေကြေးကိုရှေ့တန်းတင်လာကြသည်။ မင်းဘာတတ်လဲဆိုတာထက် မင်းဘယ်လောက်ရလဲဆိုတာကို ပိုပြီးစိတ်ဝင်စားတတ်ကြသည်။ တကယ့်အစစ်အမှန်တရားတွင် မွေးကတည်းကစ၍သေဆုံးသည်ထိတိုင် သင်ကြား၍မကုန်နိုင်သောပညာများရှိပါသည်။ မိမိကိုယ်တိုင် စာတစ်အုပ်၊ကျမ်းတစ်ထုပ်ကို မဖတ်ရှုမလေ့လာနိုင်အားလျှင်ပင် နီးစပ်ရာပတ်ဝန်းကျင်မှ ပြောဆိုနေကြသည်များမှ အတွေ့အကြုံ ဗဟုသုတသင်ကြားနိုင်ပေသည်။ ပညာစကားရှိပါသည်။ "ဘဝကတို၏၊ တတ်သိစရာများကများပြားလှ၏"

လူတစ်ယောက်သည် စာအုပ်စာပေထဲမှ ပညာသင်ယူနေရုံနဲ့မလုံလောက်ပါ။ ပတ်ဝန်းကျင်မှအကြောင်းအရာများကိုပါ သင်ယူမှ ပြည့်စုံလုံလောက်မည်။ ဆိုလိုသည်ကား ဗေဒင်စာအုပ်များဝယ်ဖတ်ပြီး ယတြာချေနေရုံနှင့် သင့်ဘဝမည်သို့မှ တိုးတက်လာမည်မဟုတ်၊ သင်ကိုယ်တိုင် လေ့လာသင်ယူမှုမြောက်မြားစွာနှင့် ကြိုးစားသွားမှသာ အောင်မြင်နိုင်ပေလိမ့်မည်။

Benjamin Franknkin ဤသို့ဆိုခဲ့ပါသည်။

<u>သင့်အကုသိုလ်အကျင့်ဆိုးတွေကိုတိုက်ပါ။ သင့်အိမ်နီးချင်းများနှင့်ငြိမ်းချမ်းစွာနေပါ။ နှစ်တိုင်း သင့်ကို ကောင်းသောလူတစ်ယောက်အဖြစ် တွေ့မြင်ပါစေ။</u>

ပတ်ဝန်းကျင်ကို မျက်စိဖွင့်နားစွင့် သင်ကြားသူ တစ်ဦးအကြောင်းပြောပြပါဦးမည်။ ထိုသူက မန္တလေးက ကချမ်းလေးဖြစ်ပါသည်။

ကချမ်းလေးကရန်ကုန်ရောက်စတွင် ဟိုတယ်ကြီးတစ်ခုတွင်တည်းပါသည်။ ညေ့သည်တို့ထုံးစံအတိုင်း ဟိုနားရီးကီးယောင်တောင် ဒီနားရီးတီးယောင်တောင်နှင့် ညနေစောင်းသောအခါ ပျင်းလာတော့၏။ ကချမ်းလေးက အရက်သောက်ရည်ဟုဆုံးဖြတ်လိုက်သည်။ ဝိတ်တာကိုအရက်နဲ့စားသောက်စရာများမှာ၏။ ဝိတ်တာပြင်ဆင်ပေးသော အရက်နဲ့စားသောက်စရာများကိုမှီဝဲရင်း ရန်ကုန်၏ညနေခင်းအလှကိုခံစားနေ၏။ အရက်ကုန်သောအခါ...

"တောက်..သောက်လို့ကောင်းလိုက်တာ..အော.."

"ဒါတွေသိမ်းလိုက်တော့ဟေ့..ငါထမင်းဆာပြီ ထမင်းစားတော့မယ်..."

ဝိတ်တာကကျသင့်ငွေဘီလ်စာရွက်ကိုယူပြီး ကချမ်းလေးဆီပို့ပေး၏။ ကချမ်း လေးကဘီလ်စာရွက်ကိုကြည့် ရင်းအံ့အားသင့်သွားပြီး စိတ်မသက်မသာနဲ့ငွေထုတ်ရှင်းလိုက်သည်။

"အေး..ထမင်းစားမယ်...ထမင်းပြင်စမ်း..."

ဝိတ်တာက ကချမ်းလေးမှာသမျှကိုပြင်ဆင်ပေး၏။ ဟင်းကလည်းကောင်း၊ စားကောင်းသောက်ကောင်းအောင် ရေချိန်ကလေးကလည်းလုပ်ထားတော့ မြိန်မြိန်ကြီးသုံးဆောင်လိုက်တာ သုံးပန်းကန်ခွဲလောက်ကျမှပြီးတော့၏။

"စားလို့ကတော့တကယ်ကောင်းကွာ..."

ဝိတ်တာကဘီလ်စာရွက်လာပေးသည်။

"ဟင်...ဒါကဘာအတွက်လဲ..."

"ထမင်းနဲ့ဟင်းအတွက်ပါ..."

"ဟင်..ထမင်းဟင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက်ထပ်ပေးရဦးမယ်. . ”

“ဟုတ်တယ်လေ. . ပေးရဦးမယ်. . . ”

“ဩော်. . . ရမယ်ရမယ်. . . အေး. . ဒီမှာငါ့ညအိပ် ဦးမယ်. . . အိပ်တဲ့အတွက်ရော ပေးရဦးမှာလား. . . ”

ဝိတ်တာလေးစိတ်မရှည်စွာပြန်ပြောသည်။

“ခင်ဗျားအိပ်ရင် ညအိပ်ခန်းခရှစ်ထောင်ယူမှာပဲ. . ”

“ဘာ. . . ”

ကချမ်းလေးပေါက်ကွဲတော့သည်။ လူမှာဒေါသကလည်းထွက် ရေချိန်ကလည်းရှိနေတော့ စိတ်ရှိလက်ရှိ အော်ဟစ်သောင်းကျန်းတော့၏။

ဟိုတယ်မန်နေဂျာက ပြေးလာရင်း. . .

“ဘာ. . ဘာဖြစ်ကြတာလဲ. . . ကျွန်တော်ရှင်းပေးပါမယ်. . . ”

“ရှင်းရအောင်. . ခင်ဗျားကဘာလဲ. . . ရဲသားကြီးလား. . . ”

“မ ဟုတ်ပါဘူးခင်ဗျာ ကျွန်တော်ဒီဟိုတယ်က မန်နေဂျာပါ. . . ဒီဟိုတယ်ရဲ့ကောင်းကျိုးဆိုးကျိုးအားလုံး ကျွန်တော်နဲ့ဆိုင်ပါတယ်. . . ကျွန်တော့်ကို ပြောပါ. . . ”

“ခင်ဗျားတို့ရန်ကုန်က လူတွေကိုကဆိုးတာ. . . ဟိုဟာသောက်သောက်ပြန်ပြီ. . . ပိုက်ဆံပေး. . . ဒီဟာစားစားပြန်ပြီ ပိုက်ဆံပေး. . . လူဝါးဝလို့ အခုညအိပ်ခတောင် တောင်းနေသေးတယ်. . ဟော့. . မန္တလေးက ကချမ်းလေးကွ. . . ငတုံး မဟုတ်ဘူး. . . ”

“ဒါကဒီလိုရှိပါတယ် ကျွန်တော်တို့မှာသတ်မှတ်စျေးနှုန်းတွေရှိပါတယ်. . သတ်မှတ်ကြေးထက်တစ်ပြားတစ်ချပ်မှ ပိုမယူပါဘူး ”

“ပိုမယူဘူး ဟုတ်လားမင်းတို့ရန်ကုန်. . တော်က်. . တောင်းလိုက်ပုံက ပိုက်ဆံများမရှိရင် မဖြစ်တော့မလောက်ပဲ တို့မန္တလေးမှာဆို အရက်ကြိုက်သလောက်သောက်စမ်း. . . ဘာတစ်ပြားမှမပေးရဘူး. . . ထမင်းဆိုလည်း ကြိုက်တာနဲ့စား ဘာတစ်ပြားမှမပေးရဘူး ညအိပ်ရင်လည်းကြိုက်တဲ့တည်းခိုခန်းဝင်အိပ်။ မနက်လင်းရင် လမ်းစရိတ်အဖြစ် တစ်သောင်းမျိုး နှစ်သောင်းမျိုးတောင်ပြန်ပေးလိုက်သေးတယ်. . . ”

ဟိုတယ်မန်နေဂျာက



မျက်နှာငယ်လေးနှင့်ပြန်မေးသည်။

“မဟုတ်တာဗျာ. . . ခင်ဗျားကြွဲဖူးလို့လား. . . ”

“ကျုပ်တော့မကြွဲဖူးဘူး. . . ကျုပ်မိန်းမတော့ခဏခဏကြွဲဖူးတယ်. . . ဟင်း. . မန္တလေးက ကချမ်းလေးနော် . . . ငတုံးမဟုတ်ဘူး. . အားလုံးကိုမေးစမ်းပြီးမှ ရန်ကုန်တက်လာတာ. . . ”

ဤသည်မှာ ပတ်ဝန်းကျင်မှသင်ယူမှုကြောင့် အသိအမြင်ရှိနေခြင်းဖြစ်သည်။ အသိအမြင်ရှိနေမှတော့ ဘယ်သူကနှပ်ချ၍ရပါမည်နည်း။

ထို့ကြောင့် မှတ်ပါဦး။

ပတ်ဝန်းကျင်ကသင်ယူခြင်းဖြင့် သင့်အတွေ့အကြုံကို ချဲ့ကားတိုးပွားစေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အမှားလုပ်မိလျှင်ဝန်ခံ

ဘဝတက်လမ်းကိုအနှောင့်နှေးဆုံးကိစ္စမှာ ဝန်မခံခြင်းဖြစ်သည်။ အမှားကိုအမှားမှန်းမသိတာထက် သိသိကြီးနဲ့ ကျူးလွန်သူကပိုဆိုးပါသည်။ ထိုထက်ပို၍ကျူးလွန်ပြီး မှားမှန်းသိပါလျက် ဝန်မခံသူကအဆိုးဆုံးဖြစ်ပါသည်။

ပြဿနာတစ်ခုဖြစ်လျှင် မည်သူမဆိုခေါင်းရှောင်တတ်ကြသည်။

"မဟုတ်ဘူး. . ငါလုပ်တာမဟုတ်ဘူး ဒီပြဿနာနဲ့ ကျွန်တော်နဲ့ဘာမှမဆိုင်ပါဘူး. ."

ဆိုသော စကားများသာ လိုင်နေအောင်ကြားရတတ်ပါသည်။

ဘဝ၏အောင်မြင်တိုးတက်ရေးလမ်းကြောင်းကို ရှေးရှုသူသည် အမှားကိုဝန်ခံ အမှန်ဖြစ်အောင်အမြန်ဆုံးပြင်ဆင်ရန် ဝန်မလေးသင့်ပေ။

ဟုတ်တယ်။ ကျွန်တော်လုပ်မိပါတယ် ဆိုလျှင်ခွင့်မလွှတ်သူရှားပါသည်။ ထို့အပြင် ကိုယ်တိုင်လည်းနောက်တစ်ကြိမ်မဖြစ်ရန် ဆင်ခြင်နိုင်သည်။ ဝန်မခံပါက ကိုယ်ပဲ မမှားခဲ့ သလိုလိုဖြစ်ပြီး အမှန်ကိုမမြင်နိုင်တော့။

အမှားများများလုပ်မိသူသည်မှသားစကားပြောရန်လည်း ဝန်လေးတော့မည်မဟုတ်။ ကြောင်တစ်ကောင်နှင့် မုသားစကားတစ်လုံးတို့၏ ထူးခြားချက်မှာ ကြောင်တွင်အသက်ကိုးခုသာရှိသည်ဟု Mark Twain ကဆိုခဲ့ပါသည်။

ငြင်းဆန်နေခြင်း သည် သင်၏တန်ဖိုးရှိသောအချိန် တစ်စိတ်တစ်ဒေသကိုဖဲ့ယူဝါးမျိုသွားမည်သာဖြစ်သည်။ အမှားတစ်ခုတည်းကို ထပ်ခါထပ်ခါမှားတတ်သောသူများမှာ ထိုသို့သော အမှားကိုဝန်မခံတတ်သော လူစားများဖြစ်နေတတ်ပါသည်။ အမှားကိုဝန်မခံတော့ မှားမှန်းမမှတ်မိ။ မမှတ်မိတော့ထပ်ကျူးလွန်။ ထပ်မှားနဲ့ အမှားသံသရာမှ မထွက်နိုင် ဖြစ်တတ်ပါသည်။

အချို့လူများက ရှိသေးသည်။ အမှားတစ်ခုတည်းကို ထပ်ခါ ထပ်ခါ ကျူးလွန်မိကြသည်။ ထိုသို့ကျူးလွန်သော်သူများမှာ အလုပ်ကို စိတ်မပါသောသူများသာဖြစ်သည်။ အမှားအမျိုးမျိုးကို တစ်ခုပြီးတစ်ခု ကျူးလွန်၊ များများမှား များများသိဟု လွဲမှားစွာ ပြောဆိုနေကြပါသည်။

ထိုသူများမှာ အရာရာကို မှားယွင်းရန် ဝန်မလေးသူများဖြစ်သည်။

ကန်ထရိုက်တိုက်ဆောက်သည်ဆိုပါစို့။ အုတ်မြစ်ချကတည်းက မှားမှန်းသိလျှင် ပြင်လို့ရသေးသည်။ ထိုအမှားကို ဂရုမစိုက်ဘဲ အိမ်ကြီးပြီးသည်အထိအုံကြိတ်ဆောက်ပြီး အားလုံးပြီးကာမှ sorry ဆိုပါက အားလုံးမြေမျိုနေပြီ။

ဤစကားသည်ကောင်းသောအယူအဆ မဟုတ်ပါ။ ဂရုစိုက်ကြည့်လျှင် ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ထိုသို့သောအမှားသမား များပြားစွာရှိနေပါသည်။

ကျွန်တော့်အဘိုးဦးအုန်းညွန့်မှာ ထိုသို့သောလူစားမျိုးဖြစ်ပါသည်။ ဟိုဟာလုပ်မှားပြန်ပဟော့၊ ဒီဟာလုပ်မှားပြန်ပဟနဲ့ အမြဲမှားနေခဲ့သည်။ သူ့လက်သုံးဆောင်ပုဒ်မှာ များများမှား များများသိပင်ဖြစ်သည်။ သို့သော် သူ့အသိများကိုဘဝတွင် အသုံးမချလိုက်ရရှာပါ။ အမှားတွေထောင့်စုံအောင်လုပ်ပြီး အသိအလိမ္မာအရှိဆုံးနှင့် အလုပ်ကောင်းကောင်းလုပ်တော့မဟဲ့ဆိုတဲ့အချိန်ကျမှ ဆေးမှားသောက်၍ဆုံးသွားသောကြောင့်ဖြစ်သည်။

ထို့ကြောင့်. . .

ထင်မြင်ချက်များ၊

www.burmeseclassic.com



စည်းပြီး ရှုထောင့်တစ်ခုဖြစ်လာအောင်ပြုစုပါ။ ပြီးနောက် သင်ချင့်ချိန်အကဲဖြတ်မှုကို အယုံအကြည်ရှိပါ။

စကားစပ်မိ၍ပြောပြပါဦးမည်။ ပြင်လို့မရတဲ့အမှားအကြောင်းဖြစ်ပါသည်။

ဆေးကျောင်းတွင်ဖြစ်သည်။ ဆရာဝန်လောင်းများအား တာဝန်ကျဆရာလေးနှစ်ဦးမှ စာမေးပွဲ စစ်နေကြသည်။ မေးသည့်စာမေးပွဲကလည်း ကြွပ်ကြွပ်အိတ်ထဲတွင် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများထည့်ထား၍ ကျောင်းသားက အပြင်မှစမ်းကြည့်ပြီး ဘာပစ္စည်းဆိုတာပြောစေကာ မှန်လျှင် ထိုအစိတ်အပိုင်းကို ထုတ်ပြရမည်။ ထိုခန္ဓာကိုယ် အစိတ်အကြောင်း ကိုအသေးစိတ်ရှင်းပြရသော လူတွေ့စာမေးပွဲဖြစ်ပါသည်။ ခက်သည်က စာမေးပွဲစစ်နေသော ဆရာလေးနှစ်ဦးက စာမေးပွဲစစ်ရင်းခွက်ပုန်းကစ်နေကြခြင်းပင်။ ဒါပေမယ့် ဒါကအမှားကြီးမဟုတ်သေး။

ကျောင်းသားကျောင်းသူများ တစ်ယောက်ပြီးတစ်ယောက် စာမေးပွဲဖြေသွားရင်း ကျောင်းသူတစ်ဦး အလှည့်ရောက်လာသည်။ ရေချိန်နှင့်အာလုံးနေသော ဆရာတစ်ဦးက ပြောသည်။

"စမ်းကြည့်သမီး. . . အဲဒီကျွတ်ကျွတ်အိတ်တွေထဲက သမီးကြိုက်တဲ့အိတ်ကိုစမ်းကြည့်ယူပြီးရင် ပြန်တော့မချရဘူးနော်. . . ."

ကျောင်းသူကအိတ်တစ်လုံးကို ရွေးချယ်ပြီး စမ်းကြည့်သည်။ မျက်နှာက ဖုံ့သြစိတ်ကြောင့် အရောင်ပြောင်းသွားသည်။ ပြီးမှဖြည်းဖြည်းချင်းပြောသည်။

"ဝက် . . . ဝက်အူချောင်း . . ."

"မဟုတ်သေးဘူးလေ ဒါတွေက လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေချည်းပဲ. . . သမီးသေသေချာချာစဉ်းစားပြီးမှဖြေ. ."

"ဟင့်အင်း. . . ဒါ ဒါ ဝက်အူချောင်းပဲ. . ."

ဆရာနောက်တစ်ဦးကမနေသာတော့. . .

"သမီးသေသေချာချာ စိတ်အေးအေးနဲ့စဉ်းစားနော်. . ဆရာတို့ ချန့်စ်ပေးတယ်. . . လူ့ခန္ဓာကိုယ်အစိတ်အပိုင်းမှာ ဝက်အူချောင်းနဲ့ဆင်တူတာ ဘာပစ္စည်းရှိလဲကွယ်. . မရှက်နဲ့နော်. .



ဆရာဝန်ဆိုတာဒါမျိုးတွေမရှက်ရဘူး. . . ပြော. . ."

"မရှက်ပါဘူးဆရာ ဒါကတော့ဝက်အူချောင်းမှဝက်အူချောင်းပဲ. . ."

"ထိုင်းလိုက်တဲ့သမီးကဲ. . . အိတ်ထဲကပစ္စည်းကိုထုတ်ကြည့်စမ်း . ."

ကျောင်းသူထုတ်ကြည့်လိုက်သောအခါ တကယ့်ဝက်အူချောင်းကြီးထွက်လာသည်။ ဆရာနှစ်ယောက်မျက်လုံးပြူးပြီး အမူးပြေသွားသည်။

"ဟကောင်ရ. . ခွီးမှပဲ. . . တို့အထုပ်မှားပြီးမြည်းမိပြီဟ . . ."

ထိုအမှားကပြင်၍ ရနိုင်ပါဦးမလား။ သူ့စကားအတိုင်းဆို လူ့ဝက်အူချောင်းနဲ့တူသော အမျိုးသမီးများရှက်သည့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းဆိုလျှင် ကိုင်းဆရာရေ အဘိုးဦးအုန်းညွန့်မှားသောက်သော ဆေးသားရှာ၍မှားသောက်လိုက်ပေရော့။

ကျွန်တော်အကြံပေးချင်ပါသည်။

ဘဝကိုအမှားနည်းနိုင်သမျှနည်းအောင်ကြိုးစား။ မှားမည်ဆိုလျှင် ယည်းပြင်၍ ရနိုင်တာကိုဆင်ဆင်ခြင်ခြင်မှား။ နောက်မဟုတ်လျှင်ကား ဝက်အူချောင်းနှင့် အင်း. . . ဝက်အူချောင်းနဲ့ မှားစားမိမည်မှတ်။

www.burmeseclassic.com


# ကိုယ့်အယူအဆကို မမှိတ်မသုန်ယုံကြည်ပါ

ကျွန်တော်အရှေ့က ပြောခဲ့ပါသည်။ ငြင်းဆန်နေခြင်းသည် သင်၏တန်ဖိုး ရှိသော အချိန်တစ်စိတ်တစ်ဒေသကို ဖဲ့ယူ ဝါးမျိုသွားမည်ဟု။

ဤစကားသည် အမှား လုပ်မိသူအတွက်ဖြစ်သည်။ မှန်နေလျှင်ကား မိမိအယူအဆကို လုံးဝကာကွယ်ငြင်းဆန်ရဲရမည်။ အချို့လူများက ကိုယ်မှန်နေသည်ကိုသိလျက်ပင် အထက်လူကြီးကိုကြောက်၍လည်းကောင်း၊ သူဌေးကိုမပြောရဲ၍လည်းကောင်း ငြိမ်၍သည်းခံနေကြရသည်။ ဘဝတိုးတက်ချင်သူသည် ဤစိတ်ကို လုံးဝဖယ်ရှားရမည်ဖြစ်သည်။

မိမိမှန်နေလျှင် မည်သူ့ကိုမဆို လုံးဝငြင်းဆန်ရဲရမည်ဖြစ်သည်။ ကိုယ့်ယုံကြည်မှုအတွက် မည်သူ့ကိုမဆို တင်ပြရဲရမည်။ အလုပ်ရှင်ပြောသမျှကို ငြိမ်၍သည်းခံနေလျှင် မည်သို့သော အောင်မြင်မှုမျိုးရရှိမည်နည်း။ မိမိ၏ယုံကြည်မှု၊ မှန်ကန်မှုကို ရဲရင့်စွာတင်ပြမှသာလျှင် သင်၏ အောင်မြင်မှုလမ်းကြောင်း ပွင့်လာမည်ဖြစ်သည်။ ထို့ကြောင့်ရဲရဲ တောက်ပြင်းထန် ငြင်းဆန်ရဲသော အမျိုးသမီးတစ်ဦးကို ဥပမာပြချင်ပါသည်။

နွေဦးပေါက်ရာသီ၏ ဟာဝိုင်ရီကမ်းခြေသည် အနားယူသူများနှင့်ပြည့်နှက်နေလေသည်။ အမျိုးသမီးက ဟိုတယ်တွင် တည်းခိုရန်အခန်းငှားနေသည်။ ဟိုတယ်မန်နေဂျာက တောင်းပန်နေလေသည်။

"ဒီဟိုတယ်မှာက တည်းခိုစရာတစ်ခန်းမှ မကျန်တော့လို့ပါ တခြားဟိုတယ်မှာတည်းပါလား..."

"ကျွန်မတစ်မြို့လုံးရှာပြီးပြီ.. ဘယ်မှာမှရှာလို့မရဘူး ဒီမှာဖြစ်အောင်စီစဉ်ပေးပါ.."

"ခက်တာပဲဗျာ... ဒီဟိုတယ်မှာက ကျွန်တော်တို့ အိပ်ခန်းပါတည်းခိုသူတွေကိုပေးထားရတာ... တခြားတော့ရှိတယ်.. ဘာမှတော့ စိတ်မဆိုးနဲ့နော် အမျိုးသားနှစ်ယောက်တည်းနေတဲ့ အခန်းတစ်ခန်းရှိတယ် အဲဒီမှာတည်းရဲရင်တော့ပြောကြည့်လို့ရမလားပဲ..."

"ရတယ်လေ ကျွန်မကိုယ်ကျွန်မတာဝန်ယူတယ်.. ကျွန်မတည်းမယ်..."

ဟိုတယ်မန်နေဂျာက တိုနှစ်ယောက်နဲ့သွားညှိသည်။ အဆင်ပြေသဖြင့် မိန်းကလေးကို ထိုအခန်းပို့လိုက်သည်။ မိန်းကလေးအခန်းထဲဝင်လာလာခြင်း ထိုနှစ်ဦးကပြောသည်။

"ဒီအခန်းထဲမှာ ခုတင်နှစ်လုံးရှိတယ်... ပဟေဠိတစ်ခုမေးမယ်... ဖြေနိုင်ရင် ကိုယ့်ဘာသာကိုယ် ခုတင်နဲ့အိပ် မဖြေနိုင်ရင်ငါတို့နဲ့အိပ်ရမယ်.."

အမျိုးသမီးကသဘော တူသည်။

"သူ့အသီးကနီနီလေး သေးသေးလေး... အပင်ပေါ်မှာသီးတယ်.. ဘာသီးလဲ.."

အမျိုးသမီးက အေးဆေးစွာပြန်ဖြေသည်။

"ခရမ်းချဉ်သီး.."

"မှားပြီ.. မှားပြီ.. ခရမ်းချဉ်သီးက နွယ်ပင်မှာသီးတာ မြေကြီးမှာသီးတာစွန်ပလွန်သီးမှမှန်မှာ..."

ဟိုနှစ်ယောက်ပျော် ပြီး ထခုန်ကြသည်။ ဟိုတယ်မန်နေဂျာကတော့မျက်နှာတွေပျက်လို့။ ဒီလိုနဲ့တစ်ညအိပ်ကြတယ်ဆိုပါတော့။ ဟိုတယ်မန်နေဂျာကြီး တစ်ညလုံး အိပ်လို့မပျော်ဘူး။ ထိုအမျိုးသမီးအတွက် စိုးရိမ်နေ၍ဖြစ်သည်။ ပြဿနာတစ်ခုခု တက်လို့ကတော့ ရှင်းလိုက်ရမယ့်အမျိုး။ နံနက်လင်းလင်းခြင်း ထိုအခန်းသို့သွားကြည့်သည်။ ဘာတွေဖြစ်ကုန်ပါ့မလဲပေါ့


www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် အမျိုးသမီးက တင်ပါးလွှဲထိုင်နေသည်။ အမျိုးသားနှစ်ဦးက ခုတင်အောက်မှာ ဒူးထောက်ရင်းတောင်းပန်နေကြသည်။

"တောင်းပန်ပါတယ်ဗျာ. . .စွန်ပလွန်သီးလို့ပြောပါ. . ."

"ဟင့်အင်း. . . ခရမ်းချဉ်သီးပဲ. . ."

ကဲ. . . ကိုယ့်ယုံကြည်ချက်အပေါ် ဘယ်လောက်ခိုင်မာလိုက်သလဲ။ ကိုယ့်ယုံကြည်မှုအတွက် ဘယ်လောက်ရဲရင့်လိုက်သလဲ။ အတုယူစရာပင်ကောင်း၊ ကောင်းသေးတော့။

ဒါမှမရှင်းသေးလျှင် နောက်ထပ်ဥပမာတစ်ခုထပ်ပြောပါမည်။

သွားဆေးကုခန်းတစ်ခုထဲသို့အမျိုးသမီးတစ်ဦး ပြေးဝင်လာပြီးဆရာဝန်ကိုပြေးဖက်သည်။ အမျိုးသမီးမှပင်. . .

"မောင်. . . မောင်နဲ့ကျွန်မတွေ့တာ ဒီတစ်ခါနောက်ဆုံးထင်တယ်. . ."

ဆရာဝန်က မျက်လုံးပြူးသွားပြီး. . .

"ဘာလဲ. . . အိမ်ကလူကြီးသိသွားလို့လား. . ."

"မဟုတ်ဘူး နှုတ်စရာသွားကဒီတစ်ချောင်းပဲကျန်တော့လို့"



အကျႌအိတ်ထဲလက်နှိုက်ပြီး ကမ္ဘာလောကကြီးကိုကြည့်နေရုံနဲ့ ကမ္ဘာလောကကြီးအကြောင်းသိရမှာမဟုတ်ဘူး။ ကမ္ဘာလောကကြီးအကြောင်းသိဖို့ဆိုရင် လက်ထုတ်ပြီးလောကကြီးကိုထိကိုင်ကြည့်မှ သိနိုင်မည်။

(Mark Twain)

www.burmeseclassic.com

www.burmeseclassic.com



# လုပ်ငန်းကိုအဆင့်အလိုက် မှန်ကန်စွာဆောင်ရွက်ပါ

လူအများ၏စိတ်နေသဘောထားက မည်သည့်အလုပ်ကိုမဆို ဖြတ်လမ်းကလိုက်ချင်ကြသည်။ ဖြတ်လမ်းက လိုက်၍ ထွက်လာသောအဖြေကို လမ်းရိုးကလုပ်၍ထွက်လာသောအဖြေထက် တန်ဖိုးထားကြသည်။ မိဘအသိုင်းအဝိုင်းကလည်း 'ငါ့သား ဖြတ်ထိုးဉာဏ်ကောင်းတယ်ဟဲ့၊ ဘယ်ကိစ္စမဆို သူများထက်ဖြတ် လမ်းနည်းကတွေးတတ်တယ်ဟဲ့' ဟုဆို၍ တလွဲဂုဏ်ယူတတ်ကြ သည်။

ဖြတ်လမ်းလိုက်တဲ့ လူများကတော့ နာမည်ကောင်းရလာတတ်ပါသည်။ ထိုအခါ တကယ့်အစစ်အမှန်တရားက နောက်တန်းရောက်သွားတတ်ပါသည်။

နောက်ဆုံးတော့ ထိုဖြတ်ထိုးဉာဏ် ဖြတ်လမ်းသမားများသည် ကိုယ့်အရှုပ်ကိုယ်မရှင်းနိုင်၊ ကိုယ့်အထုပ်ကိုယ်ပိ ဒုက္ခရောက်ရခြင်းနှင့်ပင် အဆုံးသတ်ခဲ့ကြောင်း လေ့လာကြည့်က သာဓကတွေအများကြီးရှိပါသည်။

ကျွန်တော့်အမြင် ပြောရရင် မည်သည့်လုပ်ငန်းမဆို ပရိစ္စာကျကျ၊ စတက်ဘိုင်စတက် လုပ်ခြင်းက ဘဝအောင်မြင်ရေးအတွက်သေချာတဲ့ လှေကားထစ်ဖြစ်ပါသည်ဟု အခိုင်အမာဆိုချင်ပါသည်။ မြန်မာ့ပြောထုံးရှိပါသည်။

"အလျင်လိုလမ်းအိုလိုက်. . ."

အမေရိကတိုက် အလယ်ပိုင်းလွင်တီးခေါင် တောင်တန်းများပေါ်တွင် လေ့လာရေးခရီးသွားနေသူတစ်ဦး၊ ခက်ခဲပင်ပန်းစွာခရီးသွားနေရသည်။ နေကလည်းပူ အကူကလည်းမရှိ၊ ရွာသိမ်ရွာမွှားပင်မမြင်သဖြင့် ခြေကုန်လက်ပန်းကျစွာ ခရီးသွားနေရသည်။ ဆာလာသဖြင့်နံနက်စာစားရန် သတိရလာ၏၊ အချိန်မည်မျှရှိမည်နည်း။ တောင်ကွေ့တောင်ဆင်းတစ်ခုအရောက် သစ်ပင်အောက်တွင် စိမ်ပြေနပြေထိုင်၍ နွားနို့ထိုင်ညှစ်နေသော ဒေသခံလူနီရိုင်းတစ်ဦးကိုတွေ့လိုက်သဖြင့်ပမ်းသာသွား၏။ ခရီးသွားက မေးလိုက်သည်။

"မိတ်ဆွေ ဘယ်နှနာရီလောက်ရှိပြီလဲ. . ."

"နာရီ. . ."

"ဟုတ်တယ် အချိန်လေ. . အချိန်. . သိတယ်မဟုတ်လား. . အချိန်ဘယ်လောက်ရှိပြီလဲ. . သိတယ်မဟုတ်လား. . ."

"အင်း. . . သိတော့သိတယ်. . . ဒါပေမယ့်မလွယ်ဘူး. . ."

"ကူညီနိုင်ရင် ကူညီပါ. . ."

လူနီရိုင်းက ခေတ္တစဉ်းစားပြီး. . .

"ဒါဖြင့်လာလေ. . ဒီနွားမကို ခုမိတ်ဆွေဆင်းလာတဲ့ တောင်ကုန်းပေါ်ကိုမောင်းတင်ရမယ်. . ."

"ကျုပ်က အချိန်သိချင်တာ. . ."

"ဟုတ်တယ်လေ. . အချိန်ပြောပြဖို့ပဲ. . ."

ခရီးသွားကစိတ်ဝင်စားသွားသည်၊ အင်း. . ဌာနေလူတွေရဲ့ ပညာတစ်ခုတော့ ခရီးသွားဟန်လွှဲ လေ့လာရတော့မည်ပေါ့။

လူနီရိုင်းက ရှေ့ကဆွဲ ခရီးသွားကနောက်ကတွန်းရင်း နွားမကြီးကို နှစ်ယောက်သား ခက်ခက်ခဲခဲ ဆွဲတင်ရသည်။ တောင်ကုန်းပေါ်ရောက်တော့ လူနီရိုင်းကအတန်ငယ်စဉ်းစားရင်း. . .

"အင်း. . . ဒီနေရာပဲဗျ. . အဲဒီနွားမကိုဒီကိုဆွဲခေါ်လာခဲ့. . ."

အချိန်ကြည့်ပညာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားနေပြီဖြစ်သော ခရီးသွားက နွားကိုဆွဲယူလာပေးသည်။ လူနီရှိုင်းက နွားမနားထိုင်လိုက်ပြီး နွားမ၏နို့အုံကိုမကြည့်လိုက်သည်။

"အချိန်က နှစ်နာရီဆယ့်ခြောက်မိနစ်နဲ့. . . လေးဆယ့်ကိုးစက္ကန့်. . ."

ခရီးသွား ပါးစပ်အဟောင်းသားနဲ့ အံ့အားကြီးသင့်သွားသည်။

"တီကျလှချည်လား ဗျာ. . . ဘယ်လိုလုပ်များသိပါလိမ့်. ."

"ပညာပေါ့ဗျာ. . . ဒီရွာမှာ ဒီလိုကြည့်တတ်တာ ကျုပ်တစ်ယောက်ပဲကျန်တော့တာ. . ဖါတောင် ကျုပ်အဘိုးက ကျုပ်ကိုပညာအမွေပေးခဲ့တာ. ."

"ကျွန်တော်ကသာမန်ခရီးသွားမဟုတ်ပါဘူးဗျာ. . ဒီလိုပညာ တွေကိုလေ့လာနေတဲ့ သုတေသနသမားပါ. . ဒီပညာကိုသိခွင့်ရှိရင် သိချင်ပါတယ် ခင်ဗျာ. . ."

"ဟင်း. . စိတ်ဝင်စားရင်လည်းပြရတာပေါ့. . လာဒီမှာထိုင်. . ."

ခရီးသွားက စိတ်အားထက်သန်စွာ နွားမဘေးကပ်ထိုင်လိုက်သည်။

"နွားမနို့အုံကိုမကြည့်လိုက်. . ."

ခရီးသွားက ဂရုတစိုက်မကြည့်လိုက်၏။ လူနီရှိုင်းက. . .

"ဟိုးမှာတွေ့လား. . ဟိုရွာကဘုရားကျောင်းမှာချိတ်ထားတဲ့နာရီစင်ကိုတွေ့ရမယ်. . အဲဒီမှာကြည့်ပေတော့ ဘယ်နှနာရီလဲဆိုတာ. ."

"ဟင်. . . အဲဒီနာရီကိုကြည့်ရတယ်ဆိုလည်း ဒီအတိုင်းရပ်ကြည့်လိုက်ပါလား. . လူကိုခြေမသယ်နိုင်လက်မသယ်နိုင်ဖြစ်နေပါတယ်ဆိုမှ ဒီလိုနွားမတွန်းခိုင်းပြီးလာကျပ်ရလား. . . ဟင်း လူနီလူနောက်ရဲ့. . ."

"အောင်မာ. . . သူလည်းအကောင်းနဲ့ပြရသေးတယ်ဟင်း. . အချိန်သိချင်ရင်ဒီလိုကြည့်ရတယ်လို့ ကျုပ်အဘိုးကသူ့အတွေ့အကြုံနဲ့ ဒီအပေါက်ကိုပြခဲ့တာ. . . ခင်ဗျားတို့လူဖြူတွေ ဒီအတိုင်းချည်းပဲသိချင်တုန်းကတော့သူ့ပဲ နွားမဖင်တွန်းလိုက်လာပြီးတော့. . ."

"ဟာ. . . ငါကမင်းတို့ရဲ့ရိုးရာပညာမှတ်လို့ပေါ့. . လူနီလူနောက်ရဲ့. . ."



ပြဿနာတက်ကုန်တော့၏။

အမှန်တော့ ထိုလူနီရှိုင်းမမှားပါ။ သင်ကြားပေးသည့်အတိုင်းလိုက်နာခြင်းပင်ဖြစ်သည်။ အလျင်လိုလမ်းအိုလိုက်ခြင်းပင်ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တိကျတဲ့အချိန်သိရတာပဲမဟုတ်လား။ ထိုတိကျသောလုပ်ရပ် အတွက်ထွက်လာသော အဖြေအတွက် ဂုဏ်ပင်ယူရဦးမည်။

အောင်မြင်စိတ်မွေးလိုသူအတွက်စကားလက်ဆောင်ပေးလိုက်ပါဦးမည်။ ကဲမှတ်လိုက်ပါဦး. . .

အောင်မြင်သော လူသားတိုင်းအတွက် လုပ်ငန်းတိုင်းကို ပရိစ္ဆေဒ ကျကျလုပ်တာပဲလိုချင်သည်။ ဒါ. . . အောင်မြင်ရေးလမ်းကြောင်းပင်ဖြစ်၏။

www.burmeseclassic.com

# တဖြည်းဖြည်းနှင့်ကြီးကျယ်သောဘဝကိုရယူပါ

"ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့ကတော့ ဘယ်ရမလဲ. ."

ဒါ. . ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်တွင် နီးစွမူဝကြား နေရသော စကားပင်ဖြစ်၏။ မှန်ပါသည်။ ကြီးကျယ်သောဘဝကို ရယူချင်သူသည် လျှောက်ပတ်သောအချိန်ကိုတော့ ရင်းနှီးရမည်ဖြစ်သည်။ သို့သော်အောင်စိတ်မွေးလိုသူကတော့ အခုရေတွင်းတူး နောင်အခါ ရေကြည်သောက်ရန်အတွက် ဖြစ်ကြောင်း စိတ်တွင်သံမှိုနဲ့ နှက်သကဲ့သို့ စွဲမှတ်ထားရမည်ဖြစ်သည်။ ဤတရားမှာ ဘုရားရှင်လက်ထက်က်တည်းကပေါ်ရှိခဲ့သော ရိုးရှင်းသောတရားပင်ဖြစ်သည်။

ကောင်းတာလုပ်လျှင် ကောင်းသောအကျိုးဆက်ကိုရမည်။ မကောင်းတာလုပ်လျှင်မကောင်းသောအကျိုးဆက်ကိုရမည်။ ဘီလူးကျွန်းရဲစခန်းအချုပ်ခန်းတွင် ကျွန်တော့်အဖေပြောဖူးပါသည်။

"ဒီအချုပ်ထဲရောက်လာတဲ့သူတွေမှာ ရဲကဖမ်းလို့မှ မရောက်ချင်ပဲ ရောက်လာတဲ့လူတစ်ယောက်မှမရှိဘူး။ သူတို့ကိုယ်တိုင်အချုပ်တံခါးဆွဲဖွင့်ပြီး လိုလိုချင်ချင်ဝင်လာကြတာကွ။"

ဆိုလိုရင်းမှာမကောင်းသည့်အကျိုးဆက်ကိုရမည်မှန်း သိသိကြီးနဲ့ မကောင်းသောလုပ်ရပ်လုပ်ကြကြောင်း မပြောပြခြင်းဖြစ်သည်။

အနောက်တိုင်းအယူအဆတွင်မူ လူတစ်ဦးမွေးဖွားလာကတည်းက သူနှင့်အတူ သေတ္တာတစ်လုံးပါခဲ့သည်။ အဲဒီသေတ္တာထဲ ကိုယ်ထည့်ခဲ့သလောက် ကိုယ်ပြန်ထုတ်ယူခွင့်ရှိသည်ဟုဆိုသည်။

သဘောတရားကတော့ အတူတူပင်ဖြစ်သည်။

အမှန်တော့ကြည့်မှန်သီအိုရီပင်ဖြစ်သည်။ ကိုယ်ပြုံးပြလျှင် ပြန်ပြုံးပြမည်။ ကိုယ်မဲ့ပြလျှင်ပြန်မဲ့ပြမည်။ ကိုယ်သည် လက်ရှိပစ္စုပ္ပန်ဖြစ်ပြီး မှန်သည် အနာဂတ်ဖြစ်သည်။ ထို့ကြောင့် နောင်အခါကြီးကျယ်သောဘဝကိုရရန် ယခုမှစ၍ ပြင်ဆင်ခြင်းဖြင့် လူသိများထင်ရှားသော ဘဝတိုပိုင်ဆိုင်လိုက်နိုင်ရန် ရှေးရှုရမည်ဖြစ်သည်။ အလုံးစုံမကြီးကျယ်လျှင်တောင် တစ်စိတ်တစ်ဝိုင်းတော့ ပြောင်းလဲရပါမည်။ နားထွေးမည်စိုးသဖြင့် သာဓကပြပါမည်။

ကုမ္ပဏီဘစ်ခုတွင်ဥက္ကဋ္ဌက လူတစ်ဦးအား ဝန်ထမ်းများနှင့်မိတ်ဆက်ပေးသည်။

"ဒီကမိတ်ဆွေကြီးဂျွန်ဆင်ဟာလွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းက အင်မတန်လူသိနည်းတဲ့ သာမန်တိုးလေးတစ်ယောက်ပါပဲ။ အခုအချိန်မှာတော့ ဂျွန်ဆင်ဟာ အင်မတန်လူသိများထင်ရှားတဲ့ ရာမတိုးကြီးတစ်ဦးဖြစ်နေပါပြီခင်ဗျား. ."

ကဲ. . . မတိုးထက်ပေဘူးလား။ ဘာပဲပြောပြော ဆယ်နှစ်လောက်အတွင်းမှာ ဂျွန်ဆင်ကြီးတုံးတာဟာ ရပ်ကွက်အဆင့်ကနေ မြို့နယ်အဆင့်ထိ သိလာကြတယ်ဆိုနည်းလား။ ဒါလည်း တစ်နည်းဂုဏ်ယူစရာပေါ့။

ထပ်ပြီးရှင်းပြပါဦးမည်။ ကြက်ခြံတစ်ခြံတွင်ဖြစ်၏။ ခြံပိုင်ရှင်သည် သူ့ခြံမှကြက်မများဥထွက်နှုန်းနည်း၍ စီးပွားရေးပျက်မတတ် ဖြစ်နေသည်။ ထို့ကြောင့် လွန်စွာသန်စွမ်းသည်ဟု သတင်းကြီးသော ကြက်ဖအဖြူကြီးတစ်ကောင်ကိုဝယ်ယူလိုက်သည်။

ထိုကြက်ဖအဖြူကြီးဝယ်ယူလိုက်သည့်နေ့မှစ၍ကြက်မများမှာ ဥ၍ပင်မနိုင်ဖြစ်ရသည့်

www.burmeseclassic.com




အပြင် ဘေးခြံမှဘဲမများ၊ မန်ဒါလီမများပါ ကြက်ဖဖြူကြီး၏ အစွမ်းဖြင့် ဥဥကုန်ကြ၏။

ထိုကြက်ဖဖြူကြီးဝယ်ပြီး မကြာခင်မှာပင် ကြက်ခြံပိုင်ရှင်သည် နေ့ချင်းညချင်းဆိုသလို စီးပွားဥစ္စာ ဒီရေအလားတိုးတက်လာ၏။

သို့သော် သုဝမ်းသာလို့ မဆုံးခင်မှာပင် တစ်နေ့မနက်ခင်းတွင် ကြက်ဖဖြူကြီးသည် ကြက်ခြံရှေ့လမ်းမကြီးပေါ်တွင် ဆန့်ဆန့်ကြီးလဲနေသည်၊ နံဘေးနားတွင်လည်း ကြီးကန်းများဝိုင်းအုံပြီး ကြက်ဖဖြူကြီးကို ကြည့်နေကြသည်။

ထိုအဖြစ်ကိုမြင်တော့ ခြံပိုင်ရှင်လည်း ဝမ်းနည်းသွားပြီး ကြက်ဖဖြူကြီးနားသွားကာ. . .

"ကြက်ဖဖြူကြီးရယ် မင်းရောက်လာမှ ငါ့မှာကြက်မတွေ၊ ဘဲမတွေ၊ မန်ဒါလီမတွေ ဥဥပြီးစီးပွားတက်ရုံရှိသေးတယ် မင်းအခုသေပြီဆိုတော့ ငါ့မှာ ယူကျုံးမရဖြစ်လိုက်တာကွယ်. . ."

ဟု ဆိုလိုက်ရာ ဆန့်ဆန့်ကြီးလဲနေသော ကြက်ဖဖြူကြီးက မျက်လုံးတစ်ဖက် ဖျတ်ခနဲဖွင့်ကြည့်ပြီး. . .

"ဟေ့လူကြီး. . . ဘာတွေလာပြောနေတာလဲ. . . ခင်များလုပ်တာနဲ့ ဟိုမယ်ကြီးကန်းမတွေမြင်ပြေးကုန်ပြီ. . . ဘာမှမသိဘဲဝင်မရှုပ်စမ်းပါနဲ့ဗျာ၊ ကျုပ်ကကြီးကန်းထောင်နေတာ. . ."

ကဲ. . . ကြက်ဖကြီးရဲ့စိတ်ဓာတ်လေးစားဖို့မကောင်းဘူးလား၊ ပထမကြက်မ၊ နောက်ဘဲမ၊ နောက်မန်ဒါလီမ၊ နောက်ငန်းမများအပြင် အင်မတန်ဖမ်းရခက်သော ကြီးကန်းမတွေကိုပါ လှည့်ထောင်နေပြီ။ ၎င်းသည်ကား တဖြည်းဖြည်းနှင့်ကြီးကျယ်သောဘဝကို ရယူနေသည်မဟုတ်ပါလား။

<u>လူတိုင်းက ကလေးတွေကို ပညာသင်ပေးရေးသာ တသွင်သွင်ပြောနေကြသည်။ ကလေးတွေက လူတွေကိုပညာပေးနေတာရော သတိထားမိကြရဲ့လား။</u>

(Mrs Sigourney)



www.burmeseclassic.com

www.burmeseclassic.com



# တိကျမှန်ကန်မြန်ဆန်သွက်လက်

"သတိမမူဂုမမြင် သ
တိမူလျှင်မြုတောင်မြင်သည်"

ပညာရှိတို့စကားဖြစ်ပါသည်။ ခေတ်ကြီးသည် လျှင်မြန်စွာပြောင်းလဲတိုးတက်နေသည်။ ဤသည်ကို သတိမမူဘဲ လေ့တက်သမားအကြား ရေစုံမျှောလိုက်နေရင် အများနှင့်ယှဉ်ပါက ကိုယ် နောက်ကျကျန်ရစ်မည်မှာ မုချမလွဲဖြစ်သည်။ ထိုကြောင့် အရာတိုင်း ကိုတိတိကျကျသိမြင်၊ မှန်မှန်ကန်ကန်ဆုံးဖြတ်၊ မြန်မြန်ဆန်ဆန်လုပ်၊ သွက်သွက်လက်လက်အသုံးချနိုင်ပါမှ လူ့လောက အလယ် တင့်တယ်နိုင်ပေမည်။ နှေးကွေးလျှင် ဘေးဖြစ်တတ်သည်။

အကယ်၍ သင်နှေးကွေးနေ၍ မရခဲ့ဘူးဆိုလျှင် သင်မလိုချင်၍လည်းဖြစ်လိမ့်မည်ဟု မည်၏။ အချိန်ကိုဈေးဆစ်နေခြင်းကြောင့်ဖြစ်ပေသည်။ သွက်လက်မှုမရှိခြင်းသည် သင့်အတွက် မျှော်လင့်ချက်ကြီးကြီးမားမား မရှိခြင်းကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်လျှင် သင်သည်အမြဲတစေ အတိတ်မှာသာကျန်နေသင့်သည်။

ထို့ကြောင့် အခွင့်အရေးမြင်သည်နှင့် ဘယ်တော့မှ နှေးကွေးမနေပါနှင့်။

ခရုတစ်ကောင်လမ်းဖြတ်ကူးနေစဉ် လိပ်ကြီးတစ်ကောင်ကြိတ်သွားသဖြင့် ဆေးရုံသို့ရောက်ခဲ့သည်။ သူငယ်ချင်းများကမေးကြသောအခါ ခရုငယ်က မျက်ရည်လည်ရွဲနဲ့ ရှင်းပြသည်။

"ဘယ်ကဘယ်လိုဖြစ်သွားမှန်းမသိပါဘူးကွာ. . . အဖြစ်အပျက်က သိပ်မြန်ဆန်လွန်းတယ်မဟုတ်လား. . ."

အမှန်တော့ လိပ်သည် သိပ်မြန်တဲ့ကောင်တော့မဟုတ်။ ခရုအတွက်ကျတော့ ငယ်ငယ်တုန်းကပြောသလိုဆိုလျှင်ဖြင့် 'စက်လိုပဲပေါ့' ကိုယ်ကသူများထက်နှေးကွေးနေလျှင် သူများလုပ်သမျှခံရမည်သာ။ အောင်မြင်လိုသောသူသည် အချိန်တိုင်း နိုးကြားသွက်လက်၍ တိကျမှန်ကန်သော ဆုံးဖြတ်ချက်တွေ အမြဲတမ်းရှိနေရပါ မည်။

ထရပ်ကားမောင်းသူတစ်ဦး တောလမ်းအတိုင်းမောင်းနှင်လာစဉ် သမင်တစ်ကောင်ကို မနိုင်မနင်းထမ်းလာသောမုဆိုးတစ်ဦးကတားပြီး လမ်းကြုံလိုက်ချင်ကြောင်းပြောသည်။ ကားသမားလည်း တောလမ်းခရီးမှာ အဖော်ရသဖြင့် တင်ခဲ့လေသည်။ တောလမ်းအတိုင်း ကားကိုဂရုတစိုက်မောင်းနှင်လာရင်း လမ်းကွေ့တစ်ခုကိုကွေ့လိုက်ရာ အမယ်အိုတစ်ဦးနဲ့ဘွားခနဲပက်ပင်းတိုးလေတော့သည်။

ကားသမားက ညာဘက်ကိုရှောင်သည်။ အမယ်အိုက ကန့်လန့်ကြီးညာဘက်လိုက်ရှောင်၏။ ဘယ်ဘက်ကိုပြန်ဆွဲသည်၊ အမယ်အိုလန့်ပြီး ဘယ်ဘက်ပြန်ပြေး၏။ ရှောင်ရင်းတိမ်းရင်းနှင့်နောက်ဆုံးကျ အမယ်အိုကို ပွတ်ခါသီခါလေးနှင့်လွတ်အောင်ရှောင်လိုက်နိုင်သည်။ အထိတ်တလန့်ဖြစ်နေသော ကားသမားက ကားကိုရပ်ရင်းသက်ပြင်းချ၏။ ကားနောက်ကြည့်မှန်မှနောက်ကိုကြည့်လိုက်ရာ လမ်းမပေါ် ဒဏ်ရာဒဏ်ချက်တွေနှင့် လ

နေသည့်အမယ်အိုကြီးအားတွေ့လိုက်ရာ ကားသမားလန့်ပြီးတုန်တက်သွားသည်။ ပြီးမှကတုန်ကရင်နှင့် မုဆိုးဘက်လှည့်ကြည့်ရင်းမယုံကြည်စွာပြောသည်။

"ဘယ်လို ဘယ်လိုဖြစ်သွားရတာလဲဗျာ. . . ."

မုဆိုးက ထရပ်ကားမောင်းသမားအား တပည့်ငယ်လေးကိုကြည့်သလို ပြုံးပြုံးကြီးကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်. . သမ္မာနု သေးတယ်ပြောရမယ်. . ဟင်း ဟင်း. . . မုဆိုးကောင်းမဟုတ် သေးဘူး. . . ကိုယ်သာတိတိကျ ကျမှန်မှန်ကန်ကန် မဆုံးဖြတ် နိုင်ဘဲ မြန်မြန်ဆန်ဆန်မလုပ်ခဲ့ ဘူးဆိုရင် မောင်ရင့်သားကောင် မုချလွတ်သွားလိမ့်မယ်. . . ကိုယ် ချက်ချင်းဆုံးဖြတ်ပြီး တံခါးကို ဖွင့်လိုက်နိုင်လို့ ဒီသားကောင်ကို မိတယ်မှတ်. . . ."

"အမ်. . ."

ကဲမပြောလား. . .

"တိကျမှန်ကန်မြန်ဆန်စွာဖြင့် ဘဝကိုအောင်နိုင်ရာသည်" ဆို တာကို. . .

ကဲ. . ဒီတစ်ခါတော့ အလင်္ကာလေးနဲ့မှတ်. . .

လူငယ်ဆိုတာ
ခိုင်ယာရဲရင့်
စွမ်းရည်မြင့်မား
ပြတ်သားလျှင်မြန်
ကောင်းမွန်ရိုးသား
ကြိုးစားထက်မြက်
အနာဂတ်အတွက်ဖြစ်ရမည်။



လူတို့အဖို့ ရှုံးနိမ့်ခြင်း ဟူသော စကားလုံးသည် နောက်ဆုံးရောက်ပြီဟု ဆိုသကဲ့သို့ပင်။ ထိုစကားကိုမသုံးဘဲ အလားတူ အဓိပ္ပာယ်ရှိသော မှားယွင်းမှု၊ နောက်ပြန်ဆုတ်ခြင်း ဟူသောစကားလုံးမျိုးသုံးပါက အစပြန်ပြုရန်ကောင်းသောခြေလှမ်းမျိုးဖြစ်လာနိုင်သည်။ အမေရိကန်သမ္မတကြီး ဟယ်လီထရူးမန်းက 'ကျူပ်ဟာမှားသွားတဲ့ဆုံးဖြတ်ချက်တစ်ခုကိုချမိတိုင်း အသာလေးအပြင်ထွက်သွားပြီးနောက်တစ်ခါဆုံးဖြတ်ချက်အမှားတစ်ခုထပ်လုပ်လိုက်တယ်' ဟုဆိုခဲ့သည်။ မှန်ပေသည်။ ရှုံးနိမ့်ခြင်းသောကသည် လူ၏စိတ်ကိုအဓိကတားဆီးနိုင်သော အရာတစ်ခုပင်ဖြစ်သည်။

# တင်ပြစရာရှိရင် အလျှင်မလိုပါနဲ့

လူတိုင်းကို နဂိုထက် ကောင်းမွန်လာသည်ဟု မျှော်လင့်ပါ။ မျှော်လင့်သည့်အတိုင်း ပို၍ဖြစ်မလာလျှင်လည်း စိတ်မပျက်ဘဲ ဆက်၍မျှော်လင့်အားပေးခြင်းသည် သူတို့ဆက်လက်ကြိုးစားရန် အထောက်အကူပေးရာမည်၏။

ကြိုးစားပါ။ သို့သော်၊ ကြိုးစားမှု မလွန်ကဲပါစေနှင့်။ လူအချို့မှာ နှေးကွေးလွန်း၍ ဘေးဖြစ်နေသော်လည်း အချို့က မြန်ဆန်လွန်းသဖြင့် ဒုက္ခရောက်ပြန်သေးသည်။ နှေးခြင်းမြန်ခြင်းကို အချိန်အခါနှင့်နေရာကို ကြည့်၍ဆုံးဖြတ်ရမည်ဖြစ်သည်။ ကာလဒေသကိုလိုက်၍ နှေးသင့်မြန်သင့်ကို စဉ်းစားရပါမည်။ ကျွန်တော့်မိတ်ဆွေကိုရဲမင်းဆိုလူတစ်ဦးမှာ အလုပ်တွင် အလျှင်လိုလွန်းသဖြင့် အလုပ်ပြုတ်ခဲ့ဖူးသည်။

ကိုရဲမင်းသည် ကုမ္ပဏီတစ်ခုတွင် ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပါသည်။ ဘာအလုပ်ခိုင်းခိုင်း ချက်ချင်းဆောင်ရွက်ပြီးသည်နှင့် ချက်ချင်းအစီရင်ခံတတ်သဖြင့် ကုမ္ပဏီပိုင်ရှင်သူဌေး၏ အားအထားရဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ကိုရဲမင်း၏ လက်ကိုင်ဆောင်ပုဒ်မှာ 'မနက်ဖြန်ပြီးရမည့်အလုပ်ကိုဒီနေ့ လုပ်' 'ဒီနေ့ပြီးရမည့်အလုပ်ကို အခုလုပ်' ဖြစ်သည်။ သူဌေးက အခြားဝန်ထမ်းများကို သူနှင့်နှိုင်းယှဉ်ပြီး ဆုံးမထားသဖြင့် ဤကုမ္ပဏီတွင် မရှိမဖြစ်ကိုရဲမင်းဖြစ်သည်။ ဒါနဲ့တောင်သူဘာကြောင့် အလုပ် ပြုတ်ခဲ့ရသည်နည်း။ သူ့ဝသီအတိုင်း အလျှင်လိုလွန်းသောကြောင့်ဖြစ်သည်။ သူဌေးခိုင်းလိုက်သော အလုပ်ကိုချက်ချင်းပြီးအောင်ဆောင်ရွက်ပြီး ချက်ချင်းဝင်ပြီး အစီရင်ခံသည်။ ထိုအချိန်တွင် သူဌေးနဲ့သူ့အတွင်းရေးမှူးမလေး အတွင်းရေးများဆွေးနွေးနေချိန်ဖြစ်၍ ဤမျှလောက်အလိုက်ကမ်းဆိုးမသိအလျှင်လိုရပါမလားဟု အလုပ်ဖြုတ်လိုက်ခြင်းဖြစ်သည်။မှတ်ကရောရဲမင်း။

အလုပ်တစ်ခုလုပ်မယ်ဆိုလျှင် စေ့စပ်သေချာဖို့လိုသကဲ့သို့ထိုအလုပ်ကို တင်ပြမည်ဆိုလျှင်လည်း တစ်ဖက်လူ၏ မျက်နှာရိပ်မျက်နှာကဲနှင့် ကာလဒေသကိုလိုက်၍ မည်သို့တင်ပြသင့်ကြောင်း စဉ်းစားရမည်၊ ပြီးမှ ပြီးမှ အကောင်းဆုံးတင်ပြရမည်ဖြစ်သည်၊ သို့မဟုတ်ပါက အဆုံးအရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အချိန်ကိုလည်းဂရုစိုက်ပါ။ သင်တစ်ခုခုလုပ်ရန်အတွက် ဘယ်တော့မှအချိန်ကိုရှာရမည်မဟုတ်၊ သင်အချိန်ကိုရလိုလျှင် အချိန်လုပ်ရမည်၊ လောကတွင် မြန်မြန်သင်ယူ၍မရတာအများကြီးရှိသည်။ ထိုအရာများကို မိမိပိုင်ပစ္စည်းများနှင့် အချိန်ကာလများနှင့်လဲယူရသည်။ ကိုယ့်ချည်းလောနေ၍ တစ်ဖက်လူက စဉ်းစားချင့်ချိန်လျှင် တော်သေးသည်။ သူလော ကိုယ်လောနဲ့တွေ့လျှင်ကား ပွဲပြတ်ပြီသာမှတ်ပေရော့။ သာဓကတစ်ခုပြချင်ပါသည်။

လူတစ်ဦးသည် ပြစ်မှုကြီးတစ်ခုနှင့် ထောင်အနှစ်လေးဆယ် ကျလေသည်။ ကျသမှတိုက်ပိတ်ပြီးတစ်ဦးတည်းနေရသော အခန်းတွင်နေရသည်။ ပထမတော့ ဟုတ်တုတ်တုတ်၊ နောက်တဖြည်းဖြည်းပျင်းရိငြီးငွေ့လာသည်၊

သူဘယ်ကဲ့သို့အပျင်းဖြေရမည်နည်း။ သူ့အခန်းလေးမှာ သူ့တစ်ကိုယ်စာလေး လဲလျောင်းရုံသာရှိသည့်အပြင် အပိုပစ္စည်းဟူ၍ အပ်တိုတစ်ချောင်းခဲတံတို၊ စာရွက်စုတ်ပင်မရှိ။ သူ့အခန်းအတွင်း ပိုက်စိပ်တိုက်


www.burmeseclassic.com

www.burmeseclassic.com

လိုက်ရှာရာ အခန်းထွင်းမျက်စိ လည်လမ်းမှားပြီး ရောက်လာသော သင်းကွဲတေလေ ပုရွက်ဆိတ်တစ်ကောင်ကို သွားတွေ့သည်။ သူဝမ်းသာသွားပြီး သူ့စားကြွင်း စားကျန်ထမင်းလုံးလေးများ ချကြွေး၏။ ပုရွက်ဆိတ်လည်း ပထမတော့ ကြောက်ကြောက်လန့်လန့်နဲ့ စားလေသည်။ သို့နှင့် တဖြည်းဖြည်းရက်ကြာလာတော့ ပုရွက်ဆိတ်နှင့်သူ ရင်းနှီးလာသောအဆင့်သို့ ရောက်လာ၏။ နောက်များမကြာမီ ပုရွက်ဆိတ်သည် သူ့ပုရွက်ဆိတ်ကျောင်းမှ တစ်ဦးတည်းသော သင်တန်းသားဖြစ်လာသည်။

သူ၏သင်ရိုးများထဲတွင် ဘာသာစကားပါသည်။ ကာလပေါ်အဆိုပါသည်၊ သီချင်းကြီးပါသည်။ သူလည်းပျင်းပျင်းရှိ၍ နေ့တိုင်းသင်ပေးခဲ့ရာ ပုရွက်ဆိတ်ကလေးမှာ ကာလကြာသည်နှင့်အမျှ စွမ်းရည်တို့တဖြည်းဖြည်း တိုးတက်လာ၏။ ဤသို့နှင့် နှစ်လေးဆယ်ကြာပြီး သူထောင်ကလွတ်မည့်အချိန်ရောက်လာသည်၊ ထိုအချိန်တွင် ပုရွက်ဆိတ်ကလေးမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်ဘာသာစကားများကိုမွတ်နေအောင် ပြောနိုင်ရုံမက ဂမ်းအင်ရှိုစ်၊ မက်တယ်လ်လစ်ကာလ်တို့၏ ကာလပေါ် Rock သီချင်းများကိုလည်း ဌာန်ကရိုဏ်းကျကျဟဲနိုင်နေပြီ။ သီချင်းကြီးထဲကဆိုလျှင် ဗီသိုဗင်၏ဆင်ဖိုနီနံပါတ်(၃) ကိုပင်နှုတ်တိုက်ရွတ်ဆိုနိုင်နေပြီ။ ဒီပုရွက်ဆိတ်ကိုပြစားရုံနှင့်ပင် သူ့တစ်ဘဝစာဖူလုံနေပြီဖြစ်သောကြောင့် သူဝမ်းသာလုံးဆို့နေသည်။

သူ ထောင်ကလွတ်တော့ သူ့ပုရွက်ဆိတ်ကလေးကို ညင်ညင်သာသာ အိတ်ထောင်ထဲထည့်၏။ ပြင်ပလောကရောက်သည်နှင့်သူမနေနိုင်တော့၍ သူ၏ပုရွက်ဆိတ်ကလေးအပေါ် အောင်မြင်စွာသင်ကြားပေးနိုင်မှုအတွက်ဂုဏ်ယူချင်ပြီ။ ဘယ်နေရာမှာ အစွမ်းပြရပါ့မလဲ။ အနီးအနားတွင် ဘီယာဆိုင်တစ်ဆိုင်တွေ့သဖြင့် အမြန်ဝင်သွားကာ ဘားကောင်တာတွင် ဘီယာတစ်ခွက်မှာလိုက်သည်။ ဘီယာကောင်သူက ဘီယာခွက်ထဲငှဲ့ထည့်၍ သူ့အရှေ့ချပေးလိုက်၏။ သူမမျိုသိပ်ထားနိုင်တော့ပြီ။ ယခုပင် သူ့ပညာတတ်ပုရွက်ဆိတ်၏ အံ့သြဖွယ်ရာအစွမ်းများကိုပြ၍ ဂုဏ်ယူတော့အံ့ဟု သူ့ပုရွက်



ဆိတ်ကလေးကို အိတ်ထဲမှထုတ်၍ ဘီယာခွက်နှုတ်ခမ်းပေါ်တင်လိုက်သည်။ ပြီးနောက်ဘီယာခွက်ငှဲ့သူ ဘက်လှည့်၍ ပုရွက်ဆိတ်ကို ပြကာ. . .

"ဒီမှာကြည့်စမ်း. . "

ဘီယာခွက်ငှဲ့သူက အံ့သြစွာကြည့်၍ ပုရွက်ဆိတ်ကို အလျှင်အမြန်ဖိသတ်ရင်းတောင်းပန်လိုက်သည်။

"နောက်တစ်ခွက်ဆို ဒီလိုမဖြစ်စေရပါဘူးဆရာ. . "

"တောက်. . ဒီပုရွက်ဆိတ်တွေကွာ. . ဘယ်ကဘယ်လိုတက်လာမှန်းမသိဘူး. . . "

ကဲ. . နှစ်လေးဆယ်လုံးလုံး အပတ်တကုတ်သင်ကြားခဲ့သောပညာရပ်များကို တစ်လုံးတစ်ပါဒမှမပြောနိုင်သေးမီ နှစ်လေးဆယ်ပုရွက်ဆိတ်ကား ခေါင်းတခြားကိုယ်တခြားနဲ့ ခြေလက်ကားကာဖင်ပြားကာနဲ့ သေပစ်လိုက်လေသည်။ နှစ်လေးဆယ်လုံးလုံး သင်ကြားလာတဲ့ပုရွက်ဆိတ် တစ်ချက်တည်းနဲ့သေပြီ။ သင်သာပုရွက်ဆိတ် ပိုင်ရှင်ဆိုလျှင်ရော ဘာလုပ်မည်နည်း။ ဘီယာခွက်ငှဲ့သူ၏ အမြင်တွင် ထိုပုရွက်ဆိတ်မှာ ပုရွက်ဆိတ်ပင်ဖြစ်သည်။ ဤအဖြစ်အပျက်မှာ လောလွှန်း၍ ဒုက္ခရောက်သောအဖြစ်အပျက်ဖြစ်သည်။ ပုရွက်ဆိတ်ပိုင်ရှင်ကလည်း မိတ်လည်းမဆက်၊ စကားလည်းမပျိုးဘဲနှင့် ပုရွက်ဆိတ်ကိုပြမိတော့ ဘီယာခွက်ငှဲ့သူကလည်း ပုရွက်ဆိတ်မြင်သည်နှင့် မမေးမစမ်းဘဲ အလျှင်စလိုဖိသတ်လိုက်သည်။

အလျှင်လိုသဖြင့် ဆုံးရှုံးရသောသာဓကဖြစ်သည်။

ထို့ကြောင့် ဘာလုပ်လုပ် စေ့စေ့စပ်စပ်လုပ်။ တင်ပြမည်ဆိုလျှင်လည်း အလျှင်မလိုနဲ့။ ဤကား ဘဝအောင်မြင်ရေးတွင် အရေးပါအရာရောက်သော စည်းကမ်းပင်ဖြစ်ပါသည်။

www.burmeseclassic.com



# ထူးချွန်အောင်ကြိုးစားပါ တစ်ဖက်သားကိုတော့မထိခိုက်ပါစေနှင့်

ယောနသံစင်ရော်၏ အကြောင်းကိုကြားဖူးမည်ထင်ပါသည်။ ယောနသံစင်ရော်သည် စင်ရော်ထဲတွင် ထူးခြားသည့်ငှက်တစ်ကောင်ဖြစ်သည်။ သူသည် သူ့ပတ်ဝန်းကျင်တွင် အရိုးတန်းပျံသန်းမှုကို မရိုးတန်းပျံသန်းနေကြသော စင်ရော်များဘဝကိုငြီးငွေ့လာသည်။ ထိုအခါ ခပ်ဆန်းဆန်းပျံနိုင်အောင်ကြိုးစားသည်။ ခပ်တိုတိုပြောကြပါစို့။ အခြားစင်ရော်များအမနာပပြောဆိုတားမြစ်နေသည့်ကြားမှ မဆုတ်မနစ်သောဇွဲနှင့်ကြိုးစားလေ့ကျင့်ပျံသန်းနေသည်။ ဇောက်ထိုးပြန်ဆင်းသည်၊ အခြားစင်ရော်များထက် ဆယ်ဆသာအောင်မြန်အောင်ပျံသည်။ အဟုန်ပြင်းစွာမှ တန့်ခနဲရပ်အောင်ပျံသည်၊ တဖြည်းဖြည်းနှင့်သူ့ကိုယုံကြည်သော သူ့နောက်ပါတချို့သူ့နောက်လိုက်လာသည်၊ ထိုးတမ်းစဉ်လာ စင်ရော်များနှင့် သူတို့ဖောက်ထွက်စင်ရော်များ အဏ္ဏဝါလမ်းခွဲလုပ်လာကြသည်။ ယောနသံက မဆုတ်မနစ်သောဇွဲနှင့် သူ၏ပျံသန်းမှုနည်းနာသစ်တစ်ခုကိုထပ်ကျင့်သည်။ လေပေါ်ပက်လက်ပျံသောနည်း ဖြစ်သည်။ ပက်လက်ကြီးလျှောက်ပျံနေတော့ ရှေ့ကိုမမြင်။ ယောနသံကတော့ ကောင်းကင်ကြီးကြည့်



ကာ ပျံသန်းရင်းပျော်ရွှင်နေသည်။ ထိုသို့ပျံသန်းလေ့ကျင့်နေစဉ် တစ်နေ့တော့ သဘော်တစ်စင်းပေါ်မှ လူတစ်ဦးအားတိုးမိလေတော့၏၊ တိုးမိမှာပေါ့ ပက်လက်ကြီးဆိုတော့ အရှေ့မှ မမြင်ရတာ။ အခြေခံအစဉ်အလာသမား စင်ရော်များက ယောနသံအား ဝိုင်းဟားကြသည်။ ထားပါတော့ စင်ရော်လောက။ အတိုးခံလိုက်ရတဲ့လူဘက်ကရှုထောင့်ကို ပြန်ကြည့်ကြရအောင်ပါ။

ပင်လယ်ဓားပြ သဘော်ပေါ်တွင်ဖြစ်သည်။ ပင်လယ်ဓားပြအသစ်လေးက ပင်လယ်ဓားပြဘိုကြီးကို လေးစားအားကျစွာကြည့်နေသည်။ ပင်လယ်ဓားပြ ဘိုကြီး၏ပုံက လည်း လူမိုက်လက်သစ်ကလေးတွေအတွက် အားကျမည်ဆိုလျှင်လည်း အားကျချင်စရာ။ တစ်ကိုယ်လုံးဆေးမင်အပြည့်ထိုးထားပြီးလက်တစ်ဖက်က ပြတ်နေသေးသည်။ သံကောက်လက်တုကြီးတပ်ထား၏။ ကန်းနေသော မျက်လုံးတစ်လုံးကိုလည်း သားရေပြားနှင့်ဖုံးထား၏။ လူသစ်လေးက ပင်လယ်ဓားပြဘိုကြီးအား အားကျစွာမေး၏။

"ဘိုကြီး. . ဘိုကြီးရဲ့ လက်က တိုက်ပွဲမှာဖြစ်တာလား . . . ဟင်. . ."

"အေးလေကွာ. . . တိုက်ပွဲကြီးတစ်ခုကို ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ရင်း ရန်သူ့ဓားချက်ထိရင်းပြတ်ခဲ့ရတာ. . အဲဒီနောက်မှငါက. . ဒီသံလက်တုကြီးတပ်ခဲ့ရတာ. . ."

"ဘိုကြီး မျက်လုံးကရော တိုက်ပွဲမှာထိပြီးကန်းခဲ့တာပေါ့နော်"

"ဖွီ. . ဘယ်က တိုက်ပွဲမှာလဲ. . . ဒီသံလက်ကောက်ကြီးတပ်လို့မှအသား မကျသေးဘူး စင်ရော်တစ်ကောင် ပက်လက်ကြီးပျံလာပြီး ငါ့မျက်ခွက်မှန်လို့ လန့်ပြီး သံကောက်လက်နဲ့ကုတ်မိတာ. . ငါ့မှာမျက်လုံးတစ်လုံးကြွပါလေရော. . . ဟင်း. . . စင်ရော်တွေ . . . တွေ့လို့ကတော့ တစ်ကောင်မှ အရှင်မထားနဲ့. . "

စင်ရော်ဘက်ကကြည့်တော့အားကျစရာ၊ ကြိုးစားခြင်းဖြစ်သည်။ သို့သော် ပင်လယ်ဓားပြဘိုကြီးဘက်က ကြည့်တော့ သာမန် ကမြင်းကြောထခြင်းဖြင့် သူ့အား ထိခိုက်သွားခြင်းဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့်မှတ်သားပါ။

အနှောင့်အသွားလွတ်စွာ ကြိုးစားပါ။



ကြီးကျယ်သောလုပ်ရပ်များလုပ်ရန် သင့်အတွက်အခွင့်အလမ်း ရောက်လာချင်မှ ရောက်လာမည်။ သို့သော်ကောင်းသော လုပ်ရပ်များအတွက် အခွင့်အလမ်းသည် နေ့စဉ်ရှိရင်းမြဲ ရှိနေဆဲဖြစ်၏။ လူတိုင်းအဖို့ ကောင်းခြင်းကိုသာ မှန်းမျှော်ရပေမည်။ ကြီးကျယ်သောဂုဏ်ကို မျှော်မှန်းနေစရာမလိုပေ။

(F. W. Faber)

www.burmeseclassic.com

www.burmeseclassic.com



# အမြင့်ဆုံးဘဝရောက်အောင် အကောင်းဆုံးလမ်းကိုရွေးချယ်ပါ

ဘဝအောင်မြင်ရေးလမ်းကိုသွားမည့်သူသည် ပတ်ဝန်းကျင်နှင့် ယှဉ်ပြိုင်ခြင်းများကို လျှော့ရမည်ဖြစ်သည်။ ပတ်ဝန်းကျင်သည် မိမိပြိုင်ဘက်မဟုတ်ကြောင်းကို အလေးအနက်သိထားရမည်။ အမြင့်ဆုံးကိုရောက်ချင်လျှင် မိမိပြိုင်ဘက်သည် ယခု လက်ရှိအမြင့်ဆုံးလူဖြစ်ကြောင်း ကောင်းစွာသဘောပေါက်၍ ထိုသူကိုမျက်ခြည်မပြတ်ကြည့်ကာ မိမိ၏မှားကွက် ပျော့ကွက်များကိုလည်း သူနှင့်အမြဲချိန်ထိုးနည်း ယူရမည်ဖြစ်သည်။ သူ၏အဆင့်မြင့်နည်းနာများ (BT) သည် ကိုယ့်အခြေခံ (BT)နည်းနာများ အဆင့်တွင်သာရှိနေရမည်။

နားလည်အောင်ပြောရမည်ဆိုလျှင် ငါးကြင်းဆီနဲ့ငါးကြင်းပြန်ကြော်ရုံလောက်ဆိုလျှင် သူနှင့်ကိုယ်တန်းတူအဆင့်တွင်သာရှိနေရမည်။ ကျွန်တော်၏ တိုးတက်ရေးနည်းများမှာ ငါးကြင်းကိုဆီထုတ်၍သိမ်းထားပြီး စားအုန်းဆီနှင့်ပြန်ကြော်သောနည်းဖြစ်သည်။

ဘဝကိုနောက်ပြန်ကြည့်ပြီးနားလည်နိုင်ပါသည်။ သို့သော် နေရာက အရှေ့ကိုကြည့်နေမှသာလျှင် နေရာရပေလိမ့်မည်ဟူသောဆိုရိုးစကားရှိသည် မဟုတ်ပါလား။

ကျွန်တော်တို့ပတ်ဝန်းကျင်တွင် အောင်မြင်သူနည်းပါး၍ သာမန်လူများသာဘာကြောင့်များပြားနေရသနည်း။ ရိုးရှင်းသောအဖြေရှိပါသည်။

ပတ်ဝန်းကျင်၏ လှိုင်းဂယက်မှ လွတ်ကင်းအောင် ဖောက်ထွက်နိုင်သူရှားပါးသောကြောင့်ဖြစ်သည်။ များသောအားဖြင့် လူတို့သည်မိမိတို့ပတ်ဝန်းကျင်တွင်သာ ဟိုလူနှင့်ပြိုင် ဒီလူနှင့်ပြိုင်ရင်း အချိန်ကုန်သောအခါ မီးစာကုန်ဆီခန်း၍ ခြေကုန်လက်ပန်းကျခဲ့သည်။ ပတ်ဝန်းကျင်မှအသံများ နားထောင်ကြည့်ပါ။

"အဲဒီကောင်မက အလကားကောင်မပါဟာ. . ."

"အောင်မာ. . သူကျ ပိုက်ဆံပေးရင်ရတာကျနေတာပဲ. . ."

"ဒီကောင်အဲဖြစ်မရှိပါဘူး. . . နွားခြေရာခွက်ထဲကဖားပါ. . ."

"အောင်မာ သူကဖား ခြေရာခွက်ထဲကနွားကြီးပါ. ."

တဲ. . . မိမိအတွက် ရော သူတစ်ပါးအတွက်ပါ အကြိုးမဲ့သော တီထွေးသဏ္ဍာန် ဆက်ဆံရေးကိုလျှော့၊ အောင်မြင်သူများကိုမြင်အောင်ကြည့်ရင်း အောင်မြင်ရေးလမ်းကြောင်းကိုရှာပါမှ မိမိဘဝတိုးတက်ရမည်သာ။

အနောက်နိုင်ငံမှ စကားပုံတစ်ခုရှိပါသည်။ ခွေးတစ်ကောင်မိတ်များရခြင်းအကြောင်းအရင်းမှာ သူ့လျှာကိုလှုပ်ရမည့်အစား အမြီးကိုလှုပ်နေ၍ဖြစ်သည်တဲ့။

ဂျပန်နိုင်ငံကို ကြည့်ပါ။ ဂျပန်နိုင်ငံသည် ကျွန်တော်တို့အရှေ့နိုင်ငံများတွင် ရာသီဥတုကမောက်ကမအဖြစ်ဆုံးနိုင်ငံဖြစ်သည်။ မြေပေါ်တွင်လည်း ဘာအပင်မှမပေါက်၊ မြေအောက်တွင်လည်းဘာသယံဇာတမှမရှိ။ သဘာဝတရားရဲ့လက်ဆောင်ဆိုလို့မုန်တိုင်းနဲ့မီးတောင်များသာရှိသည်။ ဒါပေမယ့် ဘာကြောင့်တိုးတက်အောင်မြင်သလဲ။ ဂျပန်နိုင်ငံသာ ကျွန်တော်တို့ပတ်ဝန်းကျင်နိုင်ငံများ ကိုလိုက်ပြိုင်နေသည်ဆိုလျှင် အရှေ့တိုင်းနိုင်ငံများနှင့် ပိန်မသာလိမ်မသာဖြစ်နေမည်။ သူသည်ကမ္ဘာ့အမြင့်ဆုံးသော ထိပ်တန်းနိုင်ငံများကိုသာပြိုင်ဘက်ထားပြီးကြိုးစားသဖြင့် ယခုကဲ့သို့ တိုးတက်သောနိုင်ငံကြီးဖြစ်လာခြင်းဖြစ်







www.burmeseclassic.com

သည်။ ထိုနည်းနာကိုယူကြသော စင်္ကာပူ၊ တရုတ်၊ ကိုးရီးယားနှင့် အရှေ့နိုင်ငံအချို့သည်လည်း ယခုအချိန်တွင် ဂျပန်နိုင်ငံကဲ့သို့ အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ တက်နိုင်ပြီကို ကြည့်မြင်နိုင်ပါသည်။ ထို့ကြောင့် အမြဲတစေ ကိုယ့်တက်လမ်းကိုကြည့်၍ မှန်ကန်သောလမ်းမှ ဖြောင့်တန်းစွာကြိုးစားရမည်ဖြစ်သည်။ အခွင့်အလမ်းဆိုသည်မှာ အလုပ်လုပ်ပြီး ဆန္ဒပြနေသူအားလုံးထံသို့ အနေးအမြန်ရောက်လာပေသည်ဟု ဗြိတိသျှခေါင်းဆောင် Color Stanley ကဆိုခဲ့ပါသည်။ ပြောစရာတစ်ခုကြုံလာပါသည်။ လမ်းများကို လျှောက်မိကြသူများ အကြောင်းဖြစ်ပါသည်။

အရက်မူးလွန်နေသူနှစ်ယောက်ရထားသံလမ်းအတိုင်း ကုန်းကုန်းကွကွနှင့်လျှောက်လာကြသည်။ ရှေ့မှလူကနောက်မှလူကိုပြောသည်။

"လူ့ဘဝဆိုတာ ကိုယ့်ကိုယ်ကိုယ်မြှင့်တင်ဖို့ လှေကားထစ်တွေကို ကျော်ဖြတ်ရစမြဲပဲကွ . . ဒါပေမယ့် အခုတို့တက်နေရတဲ့လှေကားထစ်တွေကတော့ တဆိတ်မြင့်လွန်းလှသကွာ ငါ တစ်သက်ဒီလောက်မြင့်တဲ့လှေကားထစ်တွေ ဒီတစ်ခါပဲတက်ဖူးသေးတယ် . . . ခြိုးတဲ့မှ . . . နတ်ပြည်သွားတဲ့လှေကားလားမှတ်ရတယ် . . ."

နောက်ကလူကလည်း ရထားသံလမ်းနှစ်ဖက်ကိုဆုပ်ကိုင်ရင်း ထောက်ခံတယ်။

"ဟုတ်ပသူငယ်ချင်းရာ . . လှေစားကမြင့်လွန်းတဲ့အပြင် လက်ရန်းကလည်းနိမ့်နိမ့်လေးတွေလုပ်ထားတော့ ငါမှာ လိမ့်မကျအောင်မနည်းတောင့်ထားရတယ် . . ."

ထိုအချိန်တွင် မျက်နှာချင်းဆိုင်မှ ရထားကြီးခုတ်မောင်းလာသည်ကိုမြင်သဖြင့် အမူးသမားနှစ်ယောက် ကြောက်လန့်တကြားမှတ်ချက်ချသည်။

"တောက် . . လှေကားကကျဉ်းရတဲ့ကြားထဲ အပေါ်ကဘာတုံးကြီးပြုတ်ကျလာတာလဲဟ . . ထိလိမ့်မယ်သူငယ်ချင်း လှေကားလက်ရန်းကို မြဲမြဲကိုင်ပြီးဝပ်နေ . . ."

လမ်းမှားလိုက်မိသဖြင့် ဘာဖြစ်သွားကြသနည်း။

ထို့ကြောင့် အမြင့်ဆုံးသော အမှန်ကန်ဆုံးသောနေရာကို အကောင်းဆုံးလမ်းမှလျှောက်လှမ်းပါမှ တန်ကာကျမည်ကို မြဲမြဲသတိချပ်ဖို့လိုသည်။ ဒါမှ မှန်သောအောင်မြင်မှုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။

ပြုပြင်၍မရနိုင်သောကံကို ဘဝကသင်အားပေး၏။ ပြုပြင်၍ရနိုင်သောကံကို သင်ကပြုပြင်ယူရပေမည်။ သို့သော် မိမိ၏ကံကို ပြောမယုံနိုင်လောက်အောင်ပြောင်းလဲနိုင်စွမ်းရှိသည့် အချက်ကို လူအများသတိမထားမိကြပေ။

(Bill Grove)


www.burmeseclassic.com

www.burmeseclassic.com



# ဆည်းကပ်သင့်မှဆည်းကပ်ပါ

ကျွန်တော်တို့မြန်မာ လူမျိုးအတော်များများဟာ အလုပ်လုပ်ချိန်ထက် ခါတ်မေး၊ နတ်မေး၊ ယတြာချေချိန်ကပိုများနေမလားပဲ။

လူတို့၏အောင်မြင်မှုသည် သူ၏အလုပ်အကိုင်ပေါ်ရှိသေမှုကြောင့်သာ ဖြစ်ပေါ်လာသည်ဆိုသည့် သဘောကိုကောင်းစွာနားမလည်ကြ၍ဖြစ်ပါသည်။

"ဟဲ့... ဟိုဆရာမှန်လိုက်တာဟယ်နင်မေးကြည့်ပြီးပြီလား..."

"နင်ရော.. ငါ့မာမီနတ်ဟောတာမြင်ဖူးလား... အောင်မလေး မှန်တာမှသွေးထွက်အောင်မှန်တာ..."

"နင်တို့က ငါကိုးကွယ်[illegible] တဲ့ဆရာကြီးကိုမှ မတွေ့ဖူးသေး[illegible] တာ မြန်မာပြည်မှာ သူ့လောက်[illegible] မှန်တဲ့သူကိုရှိမယ်မထင်ဘူး.. ဆိုင်ရှေ့ရန်ဖြစ်ကြတာ နှစ်ဖက်[illegible] ကပစ်တဲ့ခဲလုံးတွေ သူချည်းပိတ်[illegible] မှန်တာပဲ..."

"အဲလေ... မှားကု[illegible] ပြီ..."

ကျွန်တော်တို့လူမျိုး[illegible] များကိုက တဆိတ်ယုံတတ်လွန်[illegible] သည်။ ဘာလေးလုပ်လုပ်၊ ဘာ[illegible] လုပ်ငန်းလုပ်လုပ် ဗေဒင်မေး[illegible] နတ်မေးကစ။ ဟိုဆရာတွေ[illegible] လည်း ပါးစပ်ထဲရှိရာ ထင်ရာပြ[illegible]ရာ ပါးစပ်ထဲရှိသမျှစွတ်တင်၏။ ယုံကြည်သူများကလည်း ညာဏ်ကလေးနှင့်မချင့်ချိန် လိုက်လုပ်၏။ ဥပမာ-ဆိုင်းဘုတ်မှာ အခြားအရောင်မသုံးရ။ အစိမ်းရောင်လွင်လွင်လေးပေါ် အစိမ်းနုနဲ့ ပဲရေး။ အောင်မြင်ရမယ်။ စသဖြင့်။ နည်းနည်းလေး စဉ်းစားဦး။ အစိမ်းရောင်လွင်လွင်လေးပေါ် အစိမ်းနုနဲ့ရေးမှတော့ မင်းဆိုင်းဘုတ်ကဘာပေါ်တော့မလဲ။ ဘာလုပ်လို့ဘာကိုင်မှန်းမသိတဲ့ ဆိုင်းဘုတ်ကြီးထောင်ထားပြီး အလုပ်လုပ်လို့ကတော့ ငယ်တုန်းကလိုပြောရရင်ဖြင့် 'အောင်မြင်လိမ့်ဦးမယ်အားကြီးကြီး' ပေါ့။

အမှန်တော့ တန်ဖိုးရှိသောအချိန်များကို တောင်မေးမြောက်မေးနဲ့ဖြုန်းနေမည့်အစား လက်တွေ့လုပ် လက်တွေ့သွားတာကခရီးရောက်မည်ဖြစ်သည်။

ကိုယ့်အတွေ့အကြုံချင့်ချိန်ပြီးဆုံးဖြတ်ပါ။ ကိုယ့်ရဲ့ အတွေ့အကြုံတွေ၊ ဒီအတွေ့အကြုံတွေရဖို့အတွက် ကုန်ကျခဲ့တဲ့ကုန်ကျစရိတ်တွေကို တန်ဖိုးနဲ့ရောင်းမယ်ဆိုရင် လူတိုင်းသန်းကြွယ်သူဌေးဖြစ်တာကြာပြီလို့ Abilgail Van Buren က ဆိုထားခဲ့ပါသည်။

ခရီးသွားတစ်ယောက်အကြောင်းပြောပြချင်ပါသည်။

ကားတစ်စီးနှင့်ခရီးသည်တစ်ဦးသည် မရောက်ဖူးသောဒေသစိမ်းတွင် ညဥ့်ကြီးသန်းခေါင်အချိန်တွင် လမ်းပျောက်နေသဖြင့် ချုံပုတ်များ၊ ကျောက်တုံးများကြားတွင် ကားကိုခက်ခဲစွာမောင်းနေရသည်။ ခရီးလမ်းတစ်လျှောက်တွင်လည်း အကူအညီတောင်းရန် မေးမြန်းရန်မည်သူတစ်ဦးတစ်ယောက်ကိုမှမတွေ့သဖြင့် စိတ်အပျက်ကြီးပျက်နေ၏။ မှောင်ကြီးမည်းကြီးခက်ခဲစွာသွားနေရင်း လမ်းဘေးတွင်ငိုက်မြည်းနေသော ယုန်တစ်ကောင်ကိုတွေ့၍ ဝမ်းသာသွား၏။

"ဟေ့.. ယုန်ကလေး ဒီကနေမြို့ကို ဘယ်နည်းနဲ့အမြန်ဆုံး ရောက်နိုင်မလဲ သိရင်ပြောစမ်းပါကွာ..."

"အိုး.. ဒါမျိုးကျွန်တော်တို့ထိုသာမြင်ညောင်ည တိရစ္ဆာန်တွေဘယ်သိနိုင်မလဲ ဒါပေမယ့် ဒီတည့်တည့်ဆက် သွားရင်တော့ သချိုင်းဖျက်ကြီး တစ်ခုတွေ့လိမ့်မယ် ... အဲဒီသချိုင်းထဲက ညောင်ပင်မှာနေတဲ့ ပညာရှိဇီးကွက်ကြီးကတော့ အသေအချာ

www.burmeseclassic.com



သိမှာပဲ ဒီတောထဲမှာတော့ ဒီဇီးကွက်ကြီးက ပညာသိပ်ရှိပြီး မသိတာမရှိသလောက်ပဲလို့နာမည်ကြီးပါတယ် . . . ”

ခရီးသည်ကအနည်းငယ်အားတက်သွားပြီး ကားကိုခက်ခဲစွာမောင်းရင်း ခရီးဆက်လာရာ မကြာခင်သချိုင်းပျက်ကြီးကိုတွေ့ရလေ၏၊ အခန့်သင့်စွာပင် ညောင်ပင်ကြီး၏ သစ်ခေါင်းပေါ်တွင် ငြိမ်သက်စွာထိုင်နေသောပညာရှိဇီးကွက်ကြီးကို ကြည်ညိုစွာတွေ့ရသည်။ ခရီးသွားကအားကိုးတကြီးမေးလိုက်သည်။

“ဆရာပညာရှိဇီးကွက်ကြီးခင်ဗျား . . ဒီကနေမြို့ကို ဘယ်နည်းနဲ့ အမြန်ဆုံးရောက်နိုင်မလဲ ညွှန်ပြပါခင်ဗျား . . . ”

ပညာရှိဇီးကွက်ကြီးက ဖြည်းညင်းစွာမျက်လွှာပင့်ကြည့်ပြီး . . .

“လမ်းလျှောက်သွားမှာလား . . . ကားနဲ့သွားမှာလား . . . ”

ခရီးသွားကအမြန်ပြန်ဖြေ၏။

“ကားနဲ့ပါခင်ဗျား . . ကားနဲ့ပါ . . . ”

ပညာရှိဇီးကွက်ကြီးက မျက်မှောင်ကြုတ်ကာစဉ်းစား၏။ အတော်ကြာတော့မှ တစ်ခွန်းချင်းပြန်ပြော၏။

“အေး . . အဲဒါ အမြန်ဆုံးပါပဲ . . . ”

ကဲ . . . အေးရော။

အမှန်တော့ ဆည်းကပ်စရာမလိုတဲ့သူကို ဆည်းကပ်ခြင်းပင်ဖြစ်သည်။ ထိုဆည်းကပ်မှုဖြင့် ဘာတိုးတက်လာမည်နည်း။ အချိန်ကုန်စိတ်မောတာသာအဖတ်တင်သည်။ သွားရမှာကဒီကားနှင့်ဒီခရီး။ ထို့ကြောင့် အောင်မြင်တိုးတက်ချင်သူသည် မလိုအပ်တဲ့အချိန်ကုန် ငွေကုန်မည့်အစားကိုယ့်အလုပ်ကိုယ် ရိုသေစွာလုပ်ပါ။

ရှိသမျှအချိန်တွေကို အလုပ်ထဲတွင် အပြည့်အဝအာရုံစိုက်ပါ။ ဆည်းကပ်မည်ဆိုလည်း ပတ်သက်ကျွမ်းကျင်သူကို ဆည်းကပ်ပါ။ (ဥပမာ- ဆိုင်းဘုတ်ကိစ္စဆိုလျှင် ပန်းချီဆရာနဲ့ဆွေးနွေးတာမျိုး၊ တိုက်ခန်းကိစ္စဆိုလျှင် ကန်ထရိုက်နဲ့မေးတာမျိုးပေါ့)

လက်တွေ့ကျသောလုပ်ငန်းတွင်သာ အချိန်ကိုအသုံးချပါမှ အောင်မြင်တိုးတက်အကျိုးရှိသောဘဝကို တည်



ဆောက်နိုင်မည်ဖြစ်သည်။

စေတနာမပါဘဲလုပ်သူသည် အချောမွေ့ဆုံးလမ်းမပေါ်မှာပင် ရှေ့တိုးနောက်ငင်နှင့် ခရီးရောက်လိမ့်မည်မဟုတ်။ စေတနာအပြည့်နှင့်လုပ်သူကား အကြမ်းဆုံးလမ်းကိုလျှောက်စေဦးတော့ သူရည်မှန်းချက်ပန်းတိုင် သို့မလွဲမသွေရောက်ပေလိမ့်မည်။ ရည်မှန်းချက်မှာ မည်မျှတန်ဖိုးနည်းစေကာမူ ရောက်မည်မှာ အသေအချာဖြစ်၏။

(Thomas Carlyle)

www.burmeseclassic.com



# ကိုယ်နဲ့မဆိုင်လျှင်မစပ်စုနဲ့

BURMESE CLASSIC .com

အချိန်ဖြုန်းတာနဲ့ပတ်သက်၍ပြောစရာရှိလာပြန်သည်။ လူသာမန်တို့၏တစ်နေ့တာသည် ကိုယ့်ဘဝကိုဂရုစိုက်ရမည့် အချိန်ကနည်းနည်း သူများဘဝကို လျှောက်စပ်စုနေရသည်က များများဖြစ်နေကြသည်က များ၏။ ဤစိတ်ဓာတ်မှာ (Supporting) ဇာတ်ပို့ဇာတ်ရံစိတ်ဓာတ်ဖြစ်သည်။ ဥပမာ တစ်ခုပြပါမည်။

အမျိုးသားက အိမ်ဝရန်တာမှကြည့်ရင်း မီးဖိုတွင် အလုပ်လုပ်နေသော မိန်းမကိုလှမ်းအော်ပြောသည်။

"ဟဲ့... ဟိုမှာကြည့်စမ်း.. အဲဒီမိန်းမ... အဲဒီမိန်းမဦးကောင်လေးနဲ့သိပ်ချစ်နေတာ... အဲဒီမိန်းမပဲ..."

အမျိုးသမီးက မီးဖိုခန်းထဲက ပန်းကန်တွေဂလုံဂလွမ်နဲ့ပစ်ချရင်း လဲကျမတတ်ပြေးထွက်လာကြည့်၏။ အမျိုးသမီးကိုတွေ့သောအခါ မိန်းမကစိတ်ပျက်သွားပြီး...

"ရှင်ရူးနေလား အဲဒါဦးကောင်လေးရဲ့မိန်းမပဲ..."

"အေးလေ... ငါလည်း အဲဒါကိုပြောတာပဲ..."

ထိုစိတ်မှာ စပ်စုသောစိတ်ဖြစ်၏။



ဟိုမှာဦးကောင်လေးရဲ့မိန်းမဟု ပြောရင် ထကြည့်စရာပင်လိုမည်မဟုတ်။

အမှန်မှာ လူတိုင်းသည် ကိုယ့်ဘဝနဲ့ကိုယ် ကိုယ့်ဇာတ်လမ်းနဲ့ကိုယ် မင်းသားမင်းသမီးချည်းသာဖြစ်သည်။ သဘာဝကပေးထားသည့်အခွင့်အရေးကို အဆုံးရှုံးခံပြီး ဘာကြောင့်သူများဘဝထဲမှာ ဇာတ်ပို့ဇာတ်ရံလုပ်နေမည်နည်း။ ကိုယ့်ထမင်းကိုယ်အုပ်ပြီး ဘာလို့သူများအတင်းတုတ်နေမည်နည်း။

တစ်ခါကဖြစ်သည်။

ကွယ်လွန်သူပြင်သစ်သမ္မတ Rene 'coty ကစိတ္တဇပန်းချီကားများပြပွဲသို့ တက်ရောက်လာ၍ သူ့အား ပန်းချီကားများ၏အဓိပ္ပာယ်ကိုနားလည်သလားဟု ဝိုင်းမေးကြသည်၊ ဒါကို ပြင်သစ်သမ္မတကြီးက သက်ပြင်းချပြီး...

"ကျုပ်တစ်သက်လုံးဆည်းပူးလို့သိရတဲ့အသိကတော့ လူတွေဟာ အရာရာကိုသိနားလည်ဖို့ မလိုဘူးဆိုတာပဲ..."

သူများ အကြောင်းမစပ်စုဘဲ ကိုယ့်ဘဝကိုယ်သာအာရုံစိုက်၍ ကြီးပွားတိုးတက်ခဲ့သော သင်္ဘောသားကပ္ပတိန်တစ်ဦးအကြောင်း ပြောပြပါဦးမည်။ ထိုကိစ္စမှာ ကမ္ဘာ့စာပေသမိုင်း အတွက်ပါ အကျိုးရှိသောကြောင့်ဖြစ်သည်။

ထိုကပ္ပတိန်ဦးစီးသော သင်္ဘောကြီးသည် ပစ်ဖိတ်သမုဒ္ဒရာကိုဖြတ်ကူးနေစဉ် လူမရောက်ငှက်မပေါက်သော ကျွန်းတစ်ကျွန်းကို အနီးမှဖြတ်သန်းသွား၏။ ထိုသို့ဖြတ်သန်းသွားစဉ် ထိုကျွန်းပေါ်မှာစုတ်ပြတ်သတ်နေသောအကျီဘောင်းဘီကိုဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေးပါးမြိုင်းမွေးဗရပျစ်နဲ့ လူတစ်ဦးရူးမတတ်ခုန်ပေါက် အော်ဟစ်နေသည်ကို တွေ့ရသော သင်္ဘောသားတစ်ဦးက ကပ္ပတိန်ကို သတင်းလာပို့သည်။

"ဆရာ.. ကျွန်းပေါ်မှာ လူတစ်ယောက်ခုန်ပေါက်ပြီး အချက်ပြနေတယ်..."

"အဲဒီကောင်လား.. ဂရုစိုက်မနေပါနဲ့ကွာ... လွန်ခဲ့တဲ့သုံးနှစ် လောက်ကတည်းက ငါဒီနေရာကဖြတ်သွားတိုင်းဒီလိုပဲ ရူးမတတ်ခုန်ပေါက်ပြီးကပြနေတာ.. ခက်တာက ငါကအကာဝါ သနာမပါဘူးကွ..."

ပြတ်ကရောပဲ။ သူများဘဝတွေကို မစပ်စုတာများပြော

www.burmeseclassic.com



ပါတယ်။ အထက်မှာကျွန်တော်ရေးခဲ့ပါသည်။ ထိုအဖြစ်အပျက်သည် ကမ္ဘာ့စာပေသမိုင်းအတွက်ပါ အရေးကြီးပါသည်ဟု ဆို။ အကြောင်းမှာ ထိုရှုးမတတ်ခုန်ပေါက်နေသောလူမှာ နောင်တစ်ချိန်တွင် ကမ္ဘာကျော်လာမည့်ရော်ဘင်ဆင်ကရူးဆိုး ဖြစ်သောကြောင့် ဖြစ်သည်။ ထိုစဉ်က ကပ္ပတိန်သာ ထိုသူကိုမြင်မြင်ချင်း စပ်စပ်စုစုနဲ့ကယ်တင်လိုက်ပါက နောင်တစ်ချိန်တွင် ကမ္ဘာကျော်ရော်ဘင်ဆင်ကရူးဆိုး၏ စွန့်စားခန်းဇာတ်လမ်းရှည်ကြီးပေါ်ပေါက်လာနိုင်မည်မဟုတ်။

ထို့ကြောင့်ပင် ကပ္ပတိန်၏ မိမိလုပ်ငန်းမှလွဲ၍အခြားကိစ္စများကို မစပ်စုသော စိတ်ဓာတ်က တစ်ကမ္ဘာလုံးကို အကျိုးပြုသွားခြင်းပင်ဖြစ်သည်။

မှတ်သို..

သင့်တန်ဖိုးရှိသောအချိန်များကို သင့်ဘဝတိုးတက်ရေးအတွက်သာ အာရုံစိုက်အသုံးချပါ။ ကိုယ်လည်းတိုးတက်မည်၊ ကံကောင်းလျှင် မထင်မှတ်ဘဲ ကမ္ဘာကျော်တစ်ဦးထပ်မွေးထုတ်ပေးနိုင်သူတစ်ဦး ပင်ဖြစ်လာနိုင်သေးသည်။



လူအတော်များများသည်ငယ်ရွယ်စဉ်ကတည်းကအလုပ်လုပ်ခဲ့ရလို့မောတာမဖြစ်နိုင်ပါ။ အလုပ်မရှိလို့ပဲဖြစ်ဖြစ်၊ လုပ်သမျှမစွံလို့ပဲဖြစ်ဖြစ် အဲဒီအကြောင်းတစ်ခုကြောင့်သာ စိတ်ပျက်ပြီးမောပန်းနေခြင်းဖြစ်သည်။ တကယ်စိတ်ပျက်စရာသည့် အသုံးဝင်သည့် အလုပ်ကို ကိုယ်တိုင်ရှာမတွေ့ခြင်းကြောင့်ဖြစ်သည်။

(Richart E.Heckelt)



www.burmeseclassic.com

www.burmeseclassic.com


# ထောက်ခံအားပေးပါ

နေ့စဉ်သုံးရန် အစွမ်းထက်သော ဘဝအောင်မြင်ရေးအားဆေးတစ်ခွက် သင့်အားတိုက်ကျွေးပါရန် တောင်းဆိုလာပါက အရသာလည်းရှိ၊ အားလည်းပြည့်ဝ၍ အမှန်တကယ်လည်းပြည့်စုံအစွမ်းထက်သော 'ထောက်ခံအားပေးမှု' အားဆေးသာတိုက်ကျွေးချင်ပါသည်။ ကျွန်တော်တို့လူမှုဆက်ဆံရေးယန္တရားကြီး ဘဲလန့်မှန်မှန် ရစ်သမ်ကျကျလည်ပတ်နေနိုင်ရန်အတွက် အဓိကထောက်ခံထားသောမဏ္ဍိုင်ကြီးမှာလည်း ထိုထောက်ခံအားပေးမှုပင်ဖြစ်သည်။

ကိုယ်နှင့်ပတ်သက်ဆက်ဆံသည့်လူတစ်ဦးအား ကောင်းမွန်စေလိုလျှင် အမှားများကိုမျက်လုံးဖေါက်ထောက် ကြည့်ပြီးမနားတမ်းပြောနေခြင်းထက် ထောက်ခံအားပေးရင်း ဆောင်ရန် ရှောင်ရန်ကိစ္စများကို သတိပေးခြင်းက သင်နှင့်သင့်မိတ်ဆွေအပေါ် ခိုင်မာသောယုံကြည်မှုနှင့် တိုးတက်လာသော ဆက်ဆံရေးပိုမိုရစေမည်မှာအမှန်ပင်ဖြစ်သည်။

"မင်းလုပ်တာမကောင်းဘူး အသုံးမကျဘူး... တောက်.. မင်းလုပ်ပုံနဲ့ဆိုရေခဲရေသောက်ရရင်တောင် ကံကောင်း... ဒီလောက်လုပ်နေမှတော့ ဘဝဖျက်တာတောင် နည်းသေးတယ်.."

စသောစကားလုံးများသည် လူတစ်ဦးကိုကောင်းစေဖို့ထက် အဆိုးဘက်ကိုသာ အဆင်းဘီးတပ်ပေးနိုင်သော စကားလုံးများသာဖြစ်သည်။

စကားတစ်ခုကြားဖူးပါသည်။

လူတို့တွင် အခြေခံကြောက်စိတ်နှစ်ခုပါလာကြသည်၊ တစ်ခုမှာ ကျယ်လောင်သောအသံကိုကြောက်ခြင်းနှင့် လိမ့်ကျမှာကြောက်ခြင်းတို့ဖြစ်သည်၊ ကျန်သည့်အကြောက်တရားများကိုမူ နောက်မှလေ့လာသင်ယူကြသည်တဲ့၊ ဆိုခဲ့သောစကားလုံးများသည် အကြောက်တရားများကို သင်ကြားပေးခဲ့သော စကားလုံးများမဟုတ်ပါလား။

"မင်းလုပ်တာသိပ်ကောင်းတယ်ကွာ... အမှန်တော့အချက်ကလေးတစ်ချက်ခင်းမစဉ်းစားမိလို့ မထင်မှတ်ဘဲလွဲချော်သွားတာ... ဒီအချက်သာမှန်ပြီဆိုလျှင် သိပ်ကောင်းတဲ့အကြံအစည်ပဲ... ခုမအောင်မြင်လို့ ဘဝပျက်သွားလည်း..ဘာဖြစ်တုံး ... တောင်းစားရသေးတာပဲ... တောင်းစားရင်တောင် မင်းခွက်ကသူများထက်ပိုသစ်နေဦးမှာ ဘာလို့လဲဆိုတော့ ...မင်းက အဲဒီခွက်နဲ့ရေလည်းသောက်ထားဦးမှာလေ... "

အမှန်တော့ ထိုစကားနှစ်ခုသည် ဆိုလိုရင်းအတူတူပင်ဖြစ်သည်။ မည်သည့်စကားက ပို၍နားဝင်မည်နည်း။

ထောက်ခံအားပေးသောစကားလုံးများသည် လူ၏နှလုံးသားအား ဆီထိုင်ခွမ်းနှင့်တို့သကဲ့သို့ ပီတိရွှမ်းနေမည်မှာ အမှန်ပင်ဖြစ်သည်။

ဘီယာဆိုင်ထဲသို့ လူတစ်ဦးဝင်လာသည်။

"ဟေ့.. ဘီယာတစ်ခွက်.. ဘယ်လောက်ကျလဲ..."

"တစ်ရာပါဆရာ.."

"ဟေ... တစ်ရာတောင်လား...မနေ့ကပဲငါငါးဆယ်နဲ့သောက်ခဲ့သေးတယ်.."

ကောင်တာစားပွဲမှ လူငယ်က ရိုကျိုးစွာပြန်ပြောသည်။

"ဗြော်... မနေ့ကနဲ့ ဒီနေ့မတူတော့ဘာ လူကြီးမင်းသတိမထားမိဘူးနဲ့တူတယ်.. ဒီနေ့ပဲဆိုင်ခန်းကိုမှန်တံခါးအလုံပိတ်ပြီး ပတ်လည်လေအေးပေးစက်တပ်ဆင်လိုက်လို့ ဈေးတင်


www.burmeseclassic.com

www.burmeseclassic.com

ရတာပါ. . ."

"အေး. . ဟုတ်သား၊ပဲ အဲဒါကြောင့် ငါဆိုင်ထဲဝင်လိုက်တာနဲ့ အေးစိမ့်နေတာကိုး. . . ပတ်လည်လေအေးပေးစနစ်ကို ငါထောက်ခံတယ်ဟေ့၊ ဆိုင်လည်း အဆင့်မြင့်သွားတာပေါ့ . . . ဟုတ်ဘူးလား. . . စားသုံးသူတွေ စိတ်အေးချမ်းသာစွာစားသုံးလို့ရသွားပြီ . . . ကဲ. . ပတ်လည် လေအေးပေးစနစ်ကို ထောက်ခံတဲ့အနေနဲ့ ဘီယာ တစ်ခွက်ပေးဟေ့. . ."

လူကြီးက ငွေတစ်ရာတန်တစ်ရွက် ပေးလိုက်၏။ ကောင်တာမှလူငယ်က ငွေငါးဆယ်ပြန်အမ်းပေးသည်။

"ဟင်. . . တစ်ရာဆို . . . ယူလေ. . . လေအေးပေးစက်စနစ်ကိုထောက်ခံလို့သောက်တာလေ. . ."

"စိတ်မရှိပါနဲ့လူကြီးမင်းရာ. . လတ်တလောဘီယာပြတ်နေလို့ပါ. . ."

အင်း. . . ဘီယာပြတ်တာက သူ့ဘက်ကအပိုင်းဖြစ်သည်။ ထောက်ခံအားပေးတာက ကိုယ့်အပိုင်းဖြစ်သည်။

ဘာပဲပြောပြော ထိုထောက်ခံအားပေးမှုက ထိုဆိုင်အတွက် ယုံကြည်စိတ်ချမှုနှင့် အားအေးတစ်ခွက်ဖြစ်နေမှာ သေချာသည်။



ပြုမူမှုအားလုံးသည် တစ်နေရာမှစကြသည်။ အစက ညီးက ထိန်းချုပ်နိုင်လျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ မရိုးသားသောလုပ်ရပ်နှင့် အင်တွေးတိုကိုစတင်သိရှိကတည်းက မိတ်ဆိုနိုင်လျှင် အကောင်းဆုံးထိန်းချုပ်မှုပင်ဖြစ်လေသည်။

(Norman Vincent Peale)

www.burmeseclassic.com


# ကူညီသင့်မှကူညီပါ

လူတစ်ဦးအောင်မြင်တိုးတက်ရေးအတွက် အချက်နှစ်ချက်ရှိပါသည်။ ထိုအချက်မှာ ကိုယ်စွမ်းကိုယ်စနှင့်တုံ့ပြန်နိုင်မှုဖြစ်ပါသည်။

လောကမှာလူရယ်လို့ဖြစ်လာလျှင်ပြဿနာကြီးငယ်နှင့်နေ့စဉ်တွေကြုံနေရမှာစမ္မတာပင်ဖြစ်သည်။ လူဟူသောသတ္တဝါကိုပြဿနာဟူသောစက်ဝိုင်းကြီးက အမြဲတမ်းဝိုင်းပတ်ထားပါသည်။ ကျွန်တော့်မိတ်ဆွေတစ်ဦး ကျွန်တော့်ထံ ရေးကြီးသုတ်ပျာနှင့်ရောက်လာပါသည်။

"ငါ့မှာပြဿနာတွေပတ်လည်ဝိုင်းနေလို့ ငါ့ကိုကူညီပါကွာ. . ငါ့ကိုလေ ဖြစ်နိုင်ရင်
ပိုက်ဆံခြောက်သောင်းခွဲ . .
မှမဟုတ်သုံးသောင်းနှစ်ထော
. . ဒါမှမဟုတ်တစ်သောင်းခွဲ
မှမဟုတ် ငွေခြောက်ထောင် ဒါ
မဟုတ် လေးငါးခြောက်ရာလော
ပေးစမ်းပါကွာ. . "

အနည်းဆုံးနှုန်းကို ကျွ
တော်ကူညီလိုက်ရသည်။ အ
တော့ သူကိစ္စတစ်ခုကိုလုပ်မည်
အထက်တွင်ရေးခဲ့သောနှုန်းမျာ
ထဲမှ တစ်ခုခုနှင့်ဖြေရှင်းမည်
လုပ်တုန်းကလုပ်ပြီး ပြဿ
တက်မှ အရပ်ကူပါလူဝိုင်းပါ
လုံးလုံးလျားလျား အကူအ
တောင်းခဲ့ခြင်းဖြစ်သည်။ အ

တော့ကိုယ်လုပ်မည့်ကိစ္စတစ်ခု၏ ကောင်းကျိုးဆိုးကျိုးကို အစကတည်းက ကြိုတင်တွက်ဆထားရမည်ဖြစ်သည်။ ကိုယ်မတတ်နိုင်သော ပြဿနာကို မကျူးလွန်တာ ကောင်းပါသည်။

အမြဲတမ်းအကူအညီပေးခြင်းသည်လည်းထိုသူ၏အစွမ်းအစ အညွှန့်အညောင့်ကို ချိုးမဲ့နေသည်နှင့် တူပါသည်။ ထို့ကြောင့် ကူညီသင့်မှကူညီခြင်းသည်လည်း လောကကိုတစ်မျက်တစ်လမ်းမှ ကယ်တင်ရာရောက်ပါသည်။

သာကေတစ်ခုပြပါဦးမည်။

တရားသူကြီးက ယောက္ခမအသတ်ခံရမှုအတွက် အမိက မျက်မြင်သက်သေဖြစ်သော သမက်အားမေးမြန်းနေသည်။

"ခင်ဗျား ယောက္ခမအဘွားကြီးကို ဒီလူသတ်သမားက ခင်ဗျားဘေးနားမှာ လည်ပင်းညှစ်နေတာကို ခင်ဗျားဘာလို့ အကူအညီမပေးတာလဲ. . . "

"ပထမတော့ ကျွန်တော်ကူညီဦးမလို့ပါပဲ. . . လူသတ်သမားဟာ သူ့ကိစ္စကို ကျွမ်းကျင်ပိုင်နိုင်စွာနဲ့ သပ်သပ်ရပ်ရပ်လုပ်နိုင်တာတွေ့လို့ မကူညီတာပါ. . . "

ကဲ. . . ဒီတော့ ဟိုလူသတ်သမားလည်း သူ့အစွမ်းအစကို ဖော်ပြခွင့်ရသွားပြီ မဟုတ်လား. . . ဘာကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသွားသလဲ။

အဖြေက ရှင်းရှင်းလေးဖြစ်သည်။

ကူညီသင့်မှကူညီပါ့ပြင်။

www.burmeseclassic.com


# မရှိမဖြစ်စာရင်းဇယားများ

ကျွန်တော်တို့၏ပတ်ဝန်းကျင်ကို လေ့လာကြပါစို့။ စီးပွားရေးလုပ်ငန်း၌ တကယ်အောင်မြင်မည့်သူများသည်မည်သည့်အခါမှ စာရင်းဇယားနှင့်ခွဲခွာ၍မရပေ။ စာရင်းဇယားမရှိဘဲ ဖြုတ်စဗျင်းတောင်းနေထိုသူတို့မှာလည်း ဘယ်သောအခါမှ အောင်မြင်သည့်စီးပွားရေးသမားကောင်းတစ်ဦး ဖြစ်လာမည်မဟုတ်ပေ။

ယခုအခါ အောင်မြင်တဲ့စာအုပ်လုပ်ငန်းရှင် ကျွန်တော်၏မိတ်ဆွေတစ်ဦး ရှိပါသည်။ သူသည်ဝယ်စဉ်ဘာအလုပ်မှ မယ်မယ်ရရမလုပ်နိုင်ခင်ကပင်လျှင် သူတွင်ခံ့ညားသောစာရင်းစာအုပ်ကြီးများရှိသည်။ သူ၏နေ့စဉ်ဝင်ငွေနဲ့ထွက်ငွေ လချုပ်စာရင်းများလုပ်ရန် ငွေစာရင်းကျွမ်းကျင်သူ တစ်ဦးခန့်ထားပါသည်။ ပထမတော့ ကျွန်တော်အံ့ဩမိသည်။ သူ့တွင်စာရင်းမှတ်ရလောက်အောင် ဝင်ငွေလည်းသိပ်မရှိ၊ ထွက်ငွေလည်း မပြောပလောက်။ လချုပ်စာရင်းဆိုလျှင် ပို၍ဆိုးသေး။

သို့ရာတွင် သူ၏ယုံကြည် မှုစာရင်းဇယားတို့ကြောင့် လအလိုက်တိုးတက်မှုကို အပိုင်သိရှိမှုကြောင့် သူသည်တဖြည်းဖြည်းတိုးတက်လာကာ ယခုအခါ အလုပ်သမား နှစ်ဆယ်လောက်နဲ့ လုပ်ရသော အောင်မြင်သောစာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်၊ ဖလင်တိုက်ပိုင်ရှင်၊ ကျွန်ယ်တိုက်ပိုင်ရှင်ကြီးတစ်ဦး ဖြစ်နေပြီဖြစ်သည်။ သူ၏လက်သုံးစကားမှာ "စာရင်းဇယားသည် လုပ်ငန်း၏အသက်" စဉ်းစားကြည့်အစ်ကို ဘယ်လုပ်ငန်းမဆို စာရင်းဇယားရှိတော့ ကိုယ်ဒီလမှာအရင်လကထက် တိုးတက်သလား ၊ ဆုတ်ယုတ်သလားဆိုတာ မှတ်တမ်းရှိနေတာပေါ့။ အဲဒီမှတ်တမ်းကို ကြည့်ပြီးပြုပြင်သင့်တာပြုပြင် ဖြုတ်သင့်တာဖြုတ်ပြီး ကိုယ့်လုပ်ငန်းကို (Up To Date ) ဖြစ်အောင်လုပ်နိုင်ပါမှ အောင်မြင်တော့မပေါ့။ ကျွန်တော်ကတော့ အမြဲစာရင်းမှတ်တယ်"

သူ့အယူအဆမှာ လွန်စွာ သင့်မြတ်သည့်အယူအဆဖြစ်သည်။ စာရင်းဇယားနဲ့စီးပွားရေးမှာ သစ်ပင်နှင့်မျောက်လိုပင် ခွဲခြားမရသောတွဲဖက်များဖြစ်သည်။ မျောက်သည်သစ်ပင်ထက်တွင်သာ နေစားပျော်ပါးနေသကဲ့သို့ စီးပွားရေးလုပ်မည့်သူသည် စာရင်းဇယားနှင့်သာမွေ့လျော်သင့်ပါသည်။ စာရင်းဇယားကို မျက်ခြည်မပြတ်သည့် လူတစ်စုအကြောင်းပြောချင်ပါသေးသည်။

www.burmeseclassic.com


အခြားနိုင်ငံတစ်ခုမှာ ဖြစ်သည်။

လူနာများသည် သံပြိုင် 'သုံးဆယ့်ခြောက် သုံးဆယ့်ခြောက်' ဟု အော်နေကြသည်။

ရှုတ်ရှုတ်သဲသဲဖြစ်နေသော လူနာများကိုကြည့်ပြီး ဆေးရုံအုပ်ကြီး စိတ်ပူသွားသည်။ အနီးအနားရှိ လူနာများကို မေးမြန်းလိုက်သည်။

"ဟေ့ . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်နေကြတာလဲ . . . "

လူနာများက သူ့ကို ဘာမှပြန်မဖြေ။ အပေါ်ထပ်ကိုသာ လက်ညှိုးထိုးပြရင်းအော်နေကြသည်။

"သုံးဆယ့်ခြောက် . . . သုံးဆယ့်ခြောက် . . . "

ဆေးရုံအုပ်ကြီးက အပေါ်ထပ်သို့ ပြေးတက်ရင်း အမော တကောနှင့်မေး၏။

"ဟေ့ . . ဘာတွေလဲဟ . . . ဘာတွေဖြစ်နေကြတာလဲ . . . "

လူနာများက အပေါ်သို့သာလက်ညှိုးညွှန်ရင်း ပျော်ရွှင်စွာအော်ဟစ်နေကြသည်။

"သုံးဆယ့်ခြောက် . . .

www.burmeseclassic.com

သုံးဆယ့်ခြောက်. . ."

ဆေးရုံအုပ်ကြီး အပေါ်ထပ်သို့ပြေးတက်သွားပြန်သည်။ အပေါ်ထပ်မှလူများကလည်း ခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြပြီး အော်နေကြသည်။

"သုံးဆယ့်ခြောက်. . .
သုံးဆယ့်ခြောက်. . ."

ဆေးရုံအုပ်ကြီးမှာလွန်စွာ စိုးရိမ်ပူပန်နေသည်။ ထို့ကြောင့် အရေးပေါ်လှေကားမှ ခေါင်မိုးပေါ်သို့တက်သွားပြန်သည်။ ခေါင်မိုးပေါ်မှာလည်း လူနာတစ်အုပ်အကြီးအကျယ်အော်ရင်း ပျော်မြူးနေကြသည်။

"သုံးဆယ့်ခြောက်. .
သုံးဆယ့်ခြောက်. . ."

"ဟေ့ကောင်တွေ. . မင်းတို့ဘာသုံးဆယ့်ခြောက်လဲကွ. . ."

လူအများက သူ့ကိုဂရုမစိုက်။ သူတို့ဘာသာသူတို့ ပျော်ပါးအော်ဟစ်နေကြသည်။

"သုံးဆယ့်ခြောက်. .
သုံးဆယ့်ခြောက်. . ."

ဆေးရုံအုပ်ကြီးက အတင်းအော်မေးသည်။

"ဟေ့ကောင်တွေ. . ငါ့ကိုပြောကြစမ်း. . ဘာသုံးဆယ့်ခြောက်လဲကွ. . ."

လူနာများက အောက်ကိုလက်ညှိုးထိုးပြရင်း အော်သည်။

"သုံးဆယ့်ခြောက်. .
သုံးဆယ့်ခြောက်. . ."

ဆရာဝန်က အမိုးစွန်းသို့သွားရင်း အောက်သို့ငုံ့ကြည့်သည်။ ထိုအချိန်တွင် ခေါင်မိုးပေါ်က လူနာများက သူ့အားအောက်သို့ ပိုင်းတွန်းချလိုက်သည်။ ဆေးရုံတစ်ခုလုံး လူနာများပျော်ရွှင်စွာအော်ဟစ်နေကြသည်။

"ဟေး. . သုံးဆယ့်ခုနစ်. .
သုံးဆယ့်ခုနစ်. . ."

ကဲ စာရင်းဇယား လေးနဲ့ဆိုတော့ ကိုယ်တယ်လောက်လုပ်ပြီးပြီဆိုတာ မှတ်မိတာပေါ့။ ဟုတ်ဘူးလား။ စာရင်းဇယားမရှိရင်တောင် အများတွေလုပ်မိရင်တောင် တယ်လောက်ဆိုတာ ဘယ်သိပါမလဲ။ ဒီတော့ ဆက်လုပ်ရမလား ရပ်ထားရမလား ဘယ်သိနိုင်ပါမလဲ။ အခုတော့သုံးဆယ့်ခုနစ်ဆိုတောဆက်လုပ်ကြဦးကိုယ့်လူတို့ရေ။ ငါးဆယ်လောက်ရအောင်လုပ်ပေါ့။



လူတိုင်းသည် မိမိ၏လေးနက်သောဉာဏ် အတွေးအခေါ်တို့ကို မိမိတစ်ဦးတည်းသာ အသုံးပြုရန် စာကြည့်စားပွဲရှိ မီးအိမ်ကဲ့သို့ သိုသိပ်ကာထားရှိကြ၏။ ထိုသို့မဟုတ်ဘဲ ပင်လယ်ထဲမှ မီးပြတိုက်သဖွယ်အသုံးပြုပါက လူတိုင်းအတွက်အသုံးဝင်သော တောက်ပသည့် အလင်းရောင်ဖြစ်မည်မဟုတ်ပါလား။

(H.W Beecher)

www.burmeseclassic.com



# လိုအပ်ရင်ဘဝကိုတောင် ပြောင်းလဲသင့်သည်

တစ်ရက်တွင် ကျွန်တော်တစ်ယောက်တည်း အိမ်ထဲထိုင်နေစဉ် ငှက်တစ်ကောင်အိမ်ထဲဝင်လာပါသည်။ ထို့နောက် မျက်စိလည်လမ်းမှား၍ ပြတင်းပေါက်ပေါ်မှ မှန်အလင်းဝင်ပေါက်ကိုတိုးရင်း အပြင်ထွက်ရန်ကြိုးစားနေတော့သည်။ ကျွန်တော်လည်း၎င်းမြင်ကွင်းကို အံ့ဩစွာကြည့်နေမိသည်။ ထိုငှက်ခမျာမှာ မလျှော့သောဇွဲနှင့်မှန်အလင်းဝင်ပေါက်ကိုတိုးနေရင်း နှစ်နာရီလောက်ကြာသွားသည်။ ကြာတော့ကျွန်တော်လည်းသနားသွားပြီး မှန်ပြတင်းများကိုဖွင့်ကာ ငှက်ကလေးကို မောင်းကာလွှတ်လိုက်သည်။ အဲဒီမှာပိုဆိုးတော့သည်။ နှစ်နာရီလောက် ဇွဲနပဲနှင့်ရုန်းကန်ရသောငှက်ကလေးသည် ကျွန်တော့်ကိုမြင်တော့ လန့်ပြီးဦးတည့်ရာပြန်တော့သည်။ ဒီဘက် အလင်းဝင်ပေါက်မှ ဟိုဘက် အလင်းဝင်ပေါက်၊ ဟိုဘက်အလင်းဝင်ပေါက်မှ ဒီဘက်အလင်းဝင်ပေါက်ဖြိ သန်းကာမှန်နှင့် တဒုန်းဒုန်းတိုက်နေတော့သည်။ ကြာတော့ နှုတ်သီးဖျားမှ သွေးများယိုစီးလာသည်အထိဖြစ်လာရင်း ငှက်ကလေးလည်း ပို၍သွေးပျက်သော အနေအထားသို့ရောက်လာသည်။

အမှန်တော့ တကယ့်ပြတင်းပေါက်သည် သူတိုးနေသောမှန်ပေါက်၏အောက်ခြောက်လက်မလောက်သာရှိသည်။ သူ့ပျံသန်းမှုကို အောက်ခြောက်လက်မလောက်နိမ့်ပြီးပျံလိုက်လျှင် ပြတင်းပေါက်မှလွယ်ကူစွာထွက်နိုင်မည်ဖြစ်သည်။ သို့သော် ငှက်ကလေးသည် မဖြစ်နိုင်သောမှန်ပေါက်မှထွက်နိုင်ရန် မဆုတ်မနစ် ဇွဲနှင့်ကြိုးစားနေတော့သည်။ ကြိုးစားတိုင်း မအောင်မြင်သော သာဓကတစ်ခုဖြစ်ပါသည်။

တချို့လူများက ပြောပါသည်။ ဘယ်အလုပ်မဆို ဇွဲနပဲနှင့် စိုက်လိုက်မတ်တတ်လုပ်လျှင် မုချအောင်မြင်မည်ဟု။ ဇွဲကိုဘယ်နှနှစ်ထားရမည်နည်း။ နှစ်သုံးဆယ်လား၊ ငါးဆယ်လား၊ တစ်သက်လုံးလား။ ထိုငှက်ငယ်နှင့်မှန်ပြတင်းက အသိအမြင်တစ်ခုပေးပါသည်။ ထိုငှက်ငယ်ဘယ်လောက်စိုက်လိုက်မတ်တတ် ကြိုးစားကြိုးစား မှန်ပြတင်းမှ လွတ်မည်မဟုတ်ပါ။ ထို့ကြောင့် ကိုယ်နှင့်မတိုက်ဆိုင် ဖြစ်နိုင်သောအလုပ်ကို ကြိုးစားနေမည့်အစား မဖြစ်နိုင်ဘူးသော်လျှင် ချက်ချင်းနောက်လှည့်၍ အခြားအမြင်တစ်မျိုး၊ အခြားအလုပ်တစ်မျိုး၊ တခြားဘဝတစ်မျိုးစသင့်ပေသည်။ မဖြစ်နိုင်သော ဘဝကိုအလျှင်အမြန်ရပ်နိုင်ခြင်းသည်လည်း အရည်အချင်းတစ်ခုဖြစ်ပါသည်။

တောအုပ်ကြီးတစ်ခုထဲတွင် တိရစ္ဆာန်များအစည်းအဝေးလုပ်နေကြပါသည်။ တောအုပ်ခြင်္သေ့ကြီး ၎င်းအစည်းအဝေးတွင် ဒီတောဒီတောင် မှီခိုနေထိုင်သောတိရစ္ဆာန်မှန်သမျှ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုဆုံးမသည်။ အချိန်အတော်နောက်ကျမှ ယုန်တစ်ကောင်သည် အရက်အလွန်မူး၍ ယိုင်ထိုးယိုင်ထိုးနဲ့ရောက်လာသည်။

"ဒီနေ့ရာသီဥတုက ဘောလုံးသမားအကြိုက်ရာသီဥတုဆိုတော့ အအေးခံလေးနည်းနည်းဝင်လုပ်နေတာနဲ့ နောက်ကျသွားတယ်. . ဟဲဟဲ"

အလွန်စိတ်ဆိုးသွားသော တောဘုရင်ခြင်္သေ့က ယုန်အား စိုက်ကြည့်ရင်းပြောသည်။

"ဟေ့ကောင်ယုန်. . မင်းဒီတောဒီတောင်မှာနေရင် အရက်မသောက်ရဘူးဆိုတာ ငါအမိန့်ထုတ်ထားတာမသိဘူးလား



www.burmeseclassic.com

အစည်းအဝေးကိုအချိန်မီမလာ
ဘဲ အရက်သောက်နေတယ် ငါ
လုပ်လိုက်ရသေတော့မယ်နောက်
တစ်ပတ်အစည်းအဝေးကိုနောက်
မကျစေနဲ့ အရက်လည်းလုံးဝမ
သောက်နဲ့ . . . ငါပြောတဲ့စည်းကမ်း
မလိုက်နာလို့ကတော့ သေပြီသာ
မှတ် . . . ."

ယုန်က ရှူးကြောင်မှူး
ကြောင်နဲ့ . . .

"ဟုတ်ကဲ့ပါ ခြင်္သေ့မင်း
နောက်မဖြစ်အောင်ကြိုးစားပါမယ်"
ဟု ကတိပေးလိုက်
သည်။

ရှေ့အပတ်တိရစ္ဆာန်
များအစည်းအဝေးတွင်လည်း
ယုန်ပျောက်နေ၍ ခြင်္သေ့မင်းက
တိရစ္ဆာန်များအားမေး၏။ ပြီး
တော်တော်ကြာတော့မှ ယုန်က
ယိုင်ထိုးယိုင်ထိုးနဲ့ရောက်လာပြီး

"ပလိစ် . . . ဒီတစ်
ပတ်တော့လည်း ရာဇဝင်တုက
အရမ်းပွဲတော့အပွဲခံလေးဝင်လုပ်
နေတာနဲ့ နည်းနည်းနောက်ကျ
သွားတယ် အရှင်ခြင်္သေ့မင်း . .
ပလိစ် . . . ပလိစ် . ."

"တောက် ဟော့ကောင်
မှူး . . . အရင်အပတ်ကမင်း
ကိုငါဘာပြောလိုက်လဲ . . ."

"အား . . . ခြင်္သေ့မင်း
ကလည်း သားကပွဲလို့နည်းနည်း
လုပ်တာ ပါ . . . နည်းနည်းဆို
တကယ့်နည်းနည်းလေး . . ဒါ
မယ့်သိတယ်မဟုတ်လား . . .
အရက်သမားတို့ထုံးစံအတိုင်း
အရက်ကလေးဝင်လာရင် . . .

"ဟေ့ကောင်တော်ကွ
. . . ငါပါးပိတ်တီးလိုက်ရ မျက်
ခွက်မှာ သေရာပါသွားတော့မယ်
. . ငါ့ကိုစကားကြောရှည်ပြီးလာ
ရစ်မနေနဲ့ . . . ဒီတစ်ပတ်တော့
ထားလိုက်တော့ . . . နောက်တစ်
ပတ်အစည်းအဝေးမှာ ဒီအတိုင်း
သာမူးနေရင် မင်းကိုတိရစ္ဆာန်
ရဲ့စံပြုအနေနဲ့ သတ်ပစ်ရမယ်
. . ဒါပဲ . ."

"သားက နည်းနည်းပဲ
သောက်ပြီး . . . နည်းနည်းပဲမူး
တာကို . . . ဘဘခြင်္သေ့က သိ
ဟောက်တာပဲ . . . သွား ခြင်္သေ့
ဆိုးဆိုး . . . အမြဲဟောက်နေတဲ့
ခြင်္သေ့ဟောက် . . ."

"ဟေ့ကောင် . . .
တိတ်တိတ်နေ . . . မူးပြီးရစ်
မနေနဲ့ . . . မျက်ခွက်ကတော့
စုတ်ခါနီးနေပြီ . . ."

ဒီလိုနဲ့ပဲ အစည်းအ
ဝေးပြီးပြန်ရောပေါ့။

လုပ်ရိုးလုပ်စဉ်ထုံး
တမ်းအစဉ်အလာအရ နောက်
တစ်ပတ်ကျတော့လည်းအစည်း
အဝေးလုပ်ကြပြန်ရော။ ဒီတစ်
ပတ်ကျတော့လည်း နောက်ကျရိုး
ကျစဉ် ထုံးတမ်းစဉ်လာအရ ဟို
တစ်ကောင်ကတော့ နောက်ကျ
ကျပြန်တယ်။ ဒီတစ်ခါတော့
ခြင်္သေ့မင်းရဲ့ဒေါသအိုးကို တုတ်နဲ့
ထိုးသလိုဖြစ်နေပြီ။

ကဲ . . . တိရစ္ဆာန်များ
အားလုံး ဒီတစ်ခါတော့ ဒီ
သောက် ယုန်ကိုခွင့်လွှတ်လို့မရ
တော့ဘူး မှတ်လောက်သား
လောက်အောင်ကို ဆုံးမမှရတော့
မယ် . . . ဒီယုန်စုတ် ဘယ်မှာ
လဲနေလဲလိုက်ရှာရအောင် . ."

ခြင်္သေ့မင်း၏တွက်
ကိန်းကမှန်နေ၏။ ခြင်္သေ့မင်းနှင့်
နောက်လိုက်အပေါင်းတို့လိုက်ရှာ
ရာ ရေကန်စပ်တစ်နေရာ၌
ဒေါဖုတ်ကိုကိုက်၍လဲနေသော
ယုန်ငမူးကိုတွေ့ကြသည်။ ခြင်္သေ့
မင်းက ဒေါသတကြီးနှင့်အော်
ကြာသည်။

"ဟေ့ကောင် . . .
ထစမ်း . . . မင်းကိုအရက်မ
သောက်ရဘူးလို့ပြောထားတာ
ဘာလို့သောက်တာလဲ . . ."

ယုန်က မျက်လုံးပေကြ
ပေကလပ်လုပ်ရင်း . . .

"ဟင် . . အော်လှ
ငေါက်လှ . . ဟောက်လှချည်း
လား . . ခင်ဗျားဘယ်သူလဲ . ."

"အောင်မာ . . . ငါ့
တောင်မမှတ်မိတော့ဘူးပေါ့လေ
ဟေ့ . . . ဒီတောဒီတောင်ကို အ
ပိုင်စားရတဲ့ တိရစ္ဆာန်တို့သနင်း
အရှင်ခြင်္သေ့မင်းကွ ဟင်း . ."

"ဪ . . . တောဘု
ရင်ခြင်္သေ့မင်းဆိုတာလား . . ."

"မင်းဒီလောက်မတုံး
ပါဘူးကွာ . . . တောဘုရင်
ခြင်္သေ့မင်းအစစ်ပေါ့ကွာ . . ."

"ဟင် . . . အဲဒါဆို
တော်သတ္တဝါတွေအုပ်ချုပ်တော
သတ္တဝါတွေနဲ့အလုပ်လုပ် လေ
ဘယ့်နှယ် ကျုပ်တို့ရေသတ္တဝါ
တွေအပေါ်လာကျယ်နေတာလဲ
ဟင် . . ."

ယုန်၏အပြုအမူက
အတုယူစရာကောင်းပါသည်။
ကိုယ့်ရဲ့ယုံကြည်ချက်ကိုစိုက်
လိုက်မတ်တတ်လုပ်၍ မရသော
အခါ ချက်ချင်းဘဝပြောင်း၍
ကိုယ့်ယုံကြည်ချက်ကိုရအောင်
ယူလိုက်ခြင်းဖြစ်သည်။

လေးစားပါရဲ့ . . ငမူး
ယုန်။

ဒါမှမရှင်းသေးရင် ဥပ
မာတစ်ခုပြပါဦးမည်။

ရုရှား၊ ပြင်သစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com





ဗျာမနီတို့သုံးဦး အရက်ဆိုင် တစ်ခုမှာဆုံပြီး မည်သူနိုင်ငံထုတ်အရက်ကပိုပြင်းကြောင်း အငြင်းပွားကြရာမှ အလောင်းအစားတစ်ခု ပြုလုပ်ကြလေသည်။

"ကဲ. . . ဒီလိုငြင်းနေလို့တော့မပြီးဘူး. . . ကိုယ့်အရက်ကိုကြွက်တစ်ကောင်ဖမ်းပြီး စမ်းသပ်ကြတာပေါ့. . ."

ဟုဆို၍ ကြွက်တစ်ကောင်စီဖမ်းလိုက်ကြသည်။ ပြင်သစ်က သူ့နိုင်ငံထုတ်အရက်ကို ကြွက်အားတိုက်ပြီး လွှတ်လိုက်သည်နှင့် ကြွက်မှာလည်တယ်လည်တယ်နဲ့လျှောက်သွားပြီး ငါးမိနစ်ကြာသောအခါ ထောင့်တစ်ခုတွင်အိပ်ပျော်သွားလေသည်။

ရုရှားကအားကျမခံ ကြွက်အား သူ့နိုင်ငံထုတ်အရက်တိုက်လိုက်ရာ ကြွက်မှာ ဟိုလျှောက်သွားသည်လျှောက်သွားနှင့် သုံးမိနစ်အကြာတွင် အိပ်ပျော်သွားလေသည်။

နောက်ဆုံး ဂျာမန်မှ သူ့နိုင်ငံထုတ် အကောင်းဆုံးအရက်ကိုထုတ်၍ ကြွက်အားတိုက်ချလိုက်သည်။ ကြွက်မှာ သုံးမိနစ်ကြာလည်းမအိပ်၊ ငါးမိနစ်ကြာလည်းမအိပ်ဘဲ လည်တယ်လည်တယ်နဲ့ လျှောက်သွားနေသည်။ ဂျာမန်မှ စိတ်ဆိုး[...] ကြွက်ကိုပြန်ဖမ်းကာ နောက်ထ[...] ဗော်ဒကာ အရက်များ ထပ်တို[...] ၍လွှတ်ချလိုက်ပြန်သည်။ [...] တစ်ကြိမ်တွင်လည်း ကြွက်[...] မအိပ်နိုင်သေးဘဲ ဟိုနံရံဝင်တို[...] သည်နံရံဝင်တိုက်နှင့် ရော[...] တတ်ရာရာလျှောက်သွားနေ[...] သည်။ နောက်ဆုံး ဂျာမန်သာ[...] မခံမရပ်နိုင်ဖြစ်ပြီး

"ဟေ့ကောင် ကြွ[...] မင်းအခုချိန်ထိမအိပ်နိုင်သေး[...] လားကွ. . . ဟေ. . ."

ဟုဆိုလိုက်ရာ ကြွက်[...] ဒေါသတကြီးအသံဖြင့်. . .

"ဟောဒီညမှာ ကြော[...] တစ်ကောင်ရဲ့မျက်နှာကိုလက်[...] နဲ့မထိုးရမချင်းမအိပ်နိုင်ဘူးကွ[...]

ဖော်ဆီး. .

ကိုယ်ယုံကြည်ချက်ကို [...] စားကြည့်၊ မရလျှင်အမြန်ရပ်၊ [...] တစ်ခုခုအသစ်အမြန်ပြန်စ၊ ဒါမှ အေ[...] မြင်မှာ၊

စိတ်ပင်ပန်းနွမ်းနယ် [...]ခြင်းအစစ်ဖြစ်ခဲလှပါတယ်။ မဖြစ်[...]လောက်ပါပဲ။ တချို့သော[...]အားသင့်လောက်တဲ့စမ်းသပ်မှု[...]တွေကို လုပ်ဆောင်ပြီး အဲဒီစမ်း[...]သပ်မှုတွေက အဲဒီလိုပဲညွှန်းပါ[...]ယ်။ကျွန်တော်တို့က စိတ်ပင်[...]န်းပါတယ်လို့ညည်းတွားတဲ့အခါ [...] တကယ်ကုန်သွားတာက [...]န်တော်တို့ရဲ့အင်အားမဟုတ်[...] စိတ်ဝင်စားမှုကုန်ဆုံးသွားတာဖြစ်[...]တယ်။

သင်က (အလုပ်က) [...]ပြန်လာတော့ သင့်ဦးနှောက်[...]ကြီးအကျယ်ချောက်သွားပြီလို့[...]ချင်ဆိုမယ်။ ဒါပေမယ့် စုံထောက်ဝတ္ထုတစ်အုပ်ကောက်ကိုင်ချင်ကိုင်မယ်။ (ဝတ္ထုဖတ်လိုက်တော့) သင့်ဦးနှောက်ဟာ ခါတိုင်းလို ဖျတ်ဖျတ်လတ်လတ်ဖြစ်တာကို သင်တွေ့လိမ့်မယ်။ တကယ်တမ်းပင်ပန်းနွမ်းနယ်ခြင်းတစ်မျိုးမျိုး မကြာခဏပေါ်တတ်တာပါပဲ။ ဒါပေမယ့် စိတ်ပင်ပန်းတယ်လို့ယူဆတာဟာ စိစစ်ကြည့်လိုက်တော့ ကိုယ်ပင်ပန်းနွမ်းနယ်လို့ အများအားဖြင့်ပေါ်ထွက်လာတယ်။ ဒါဟာ စိတ်[...] ပန်းကုန်ခန်းတာမဟုတ်ဘဲ ကိုယ်ကာယကြွက်သားတွေပန်းတာဖြစ်ပါတယ်။

စိတ်ပင်ပန်းခြင်းကို ပြန်ပြီးအဖတ်ဆယ်တဲ့ အကောင်းဆုံးနည်းကတော့ ဘာမှမလုပ်ပဲနေခြင်းမဟုတ်ပါ၊ စိတ်အလုပ်အမျိုးအစားပြောင်းပေးခြင်းဖြစ်ပါတယ်။ စိတ်အလုပ်မလုပ်ဘဲ လုံးလုံးလျားလျားအားနေတဲ့စိတ်ဟာ စိတ်အခြေအနေကိုတိုးတက်ကောင်းမွန်စေတာမဟုတ်ပါ။ ပျက်ပြားစေတာပဲဖြစ်ပါတယ်။ ဒါဟာစိတ်ကိုအနားပေးတာမဟုတ်ဘူး။ အားနေပြီးသံချေးတက်စေတာပဲဖြစ်ပါတယ်။

(Robert Sobel)







www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကူးနှင့်ပုံရိပ်များက သင့်ဘဝကိုပြောင်းပစ်နိုင်သည်

ခြသေ့်မင်းအိပ်မက် ဆိုးသည် အိပ်မက်ထဲတွင် သမင်ပျိုမလေးဖြစ်သွားခြင်းဖြစ်သည်။ လူတို့တွင် (Will Power)ခေါ် ပင်မစိတ်တစ်မျိုးရှိပါသည်။ ထိုစိတ်တန်ခိုးသည် အရာရာကို ကြိုတင်သိမြင်တတ်ပါသည်။ တစ်ခါတရံကိုယ်မရောက်ဖူးသည့်နေရာကိုရောက်နေပါလျက် ရောက်ဖူးခဲ့သယောင်၊ မစားဖူးသည့်အစားအစာဖြစ်သော်လည်း စားဖူးခဲ့သယောင် ထင်ယောင်နေခြင်းမှာ ကိုယ့်ထက် အရင်စိတ်တန်ခိုးတွင်ထင်မြင်ခံစားဖူး၍ဖြစ်သည်။

ဘဝအောင်လမ်းကို

လိုက်မည့်သူသည် ဤစိတ်တန်
ကိုလည်း အမြဲတမ်းမြှင့်တင်
လို အပ်ပေသည်။ အမြဲတ
ကိုယ်လုပ်မည့်အလုပ်ကို နှ
သွင်း၍ ဘာတွေမှာ နိမ့်သန
ဘာတွေမှာအောင်မြင်နိုင်သ
ကို အမြဲဆင်ခြင်နေသင့်ပါသ
ထိုသို့ဆင်ခြင်နေသဖြင့် အမှာ
ကြိုသိကြိုမြင်ဆင်နိုင်၍ အ
များသော လူတစ်ဦးဖြစ်လာနို
သည်။ အမှန်များသောလူသ
တိုးတက်အောင်မြင်မည့်သူဖြစ်
တာ မြေကြီးကိုလက်ခတ်
တောင် နွားချေးပုံခံ၍လွဲချ
နေဦးမည်။ ထိုသူကမလွဲအော
မြင်မည့် သူဖြစ်ပါသည်။

သို့သော် လက်တွေ့ အောင်မြင်ကြီးပွားရေးလမ်းကို လိုက်သောသူသည် စိတ်တန်ခိုးတွင်သာ လုံးလုံးလျားလျား အားမကိုးသင့် ကိုယ်တိုင်လည်း ချင့်ချိန်စဉ်းစား ကာကွယ်လုပ်ဆောင်ပါမှ ဘဝအောင်မြင်ရေးပန်းတိုင်ကို ဆွတ်ယူနိုင်မည်ဖြစ်သည်။ သို့မဟုတ်လျှင်ကား. . .

လူတစ်ဦးသည်ဘဝတွင်ကျရှုံးခြင်းများစွာနဲ့စိတ်ဓာတ်ပျက်ပြားကာလမ်းလျှောက်နေသည်။ သူ၏လုပ်ငန်းများသည် အစပိုင်းတွင်အောင်မြင်သယောင်ပြုပြီး နောက်ပိုင်းတွင် ခွက်ခွက်လန်လန်ကျရှုံးမှုဖြင့်သာ အဆုံးသတ်နေသည်ကများသည်။ ထို့ကြောင့် မိမိပိုင်ဆိုင်သမျှငွေကြေးများကို ခိုင်မာသည့်ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုတွင်အပ်နှံလိုက်ပါမှကုမ္ပဏီဒေဝါလီခံလိုက်ရသည့်အပတ်နှင့်ကြုံပြန်သည်။ လူသားတိုင်းကိုကယ်မည်ဆိုသော ဘုရားသခင်ကိုပင် သူသံသယရှိလာသည်။

"ဂျွန် မင်းဗီအတိုင်းလျှောက်သွားမနေနဲ့. . လျှောက်သွားနေရုံနဲ့ မင်းဘဝတိုးတက်လာမှာမဟုတ်ဘူး. . မင်းမှာ အိမ်ရှိသေးတယ်. . . အိမ်ကိုပြန်စမ်း. . အခုအိမ်ကိုအမြန်ပြန်စမ်း . . ."

သူ၏နားနားကပ်၍ ပြောလိုက်သောအသံတစ်သံဖြစ်သည်။ ပထမတော့သူကြောင်ပြီးဘေးဘီလှည့်ကြည့်ပြီးလိုက်ရှာနေမိသည်။

"ဟေ့ဂျွန် . . . ဘာကြောင်ကြည့်နေတာလဲ. . . ငါ့ကိုလိုက်ရှာမနေနဲ့. . . ငါက မင်းကိုကူညီမယ့်သူ. . . လုပ်ပါ အိမ်ကိုပြန်စမ်းပါ. . ."

အတွေးအကြံမဲ့နေသူတို့ထုံးစံအတိုင်း၊ နောက်ဆုံးတွင် အသံရှင် ညွှန်ကြားသည့်အတိုင်း အိမ်ကိုပြန်ပြေးတော့သည်။ အိမ်ရောက်လျှင် အမည်မသိအသံက ထပ်၍သတိပေးပြန်သည်။

"ကဲ . . . ဂျွန် . . . အခု မင်းအိမ်ကိုရသလောက်ဈေးနဲ့ ရောင်းလိုက်. . ."

ဂျွန်ကကြောင်ပြီးစဉ်းစားနေပြန်သည်။

"ဟကောင်. . မောင်ဂျွန်ရ ဘာကြောင်ပြီးစဉ်းစားနေရတာတုံး ငါကမင်းဘဝကို အကြီးအကျယ်ပြောင်းလဲသွားအောင်လုပ်မလို့ကွ . . . လုပ်လုပ် . . . အချိန်မရှိဘူး. . ."

www.burmeseclassic.com

ဂျွန်လည်းစဉ်းစားမနေတော့ဘူး။ သူဒီထက်ဘဝပျက်စရာအကြောင်းမရှိတော့ဘူး။ ထို့ကြောင့် အိမ်ကိုအိမ်နီးချင်းများနှင့်စပ်ပြီး ရသလောက်ဈေးနဲ့ရောင်းလိုက်သည်။

"အေးဟုတ်ပြီ . . . ဒီလောက်ငွေဆို လုံလောက်ပြီ အခုမင်းလုပ်ရမှာက အနီးဆုံးဘူတာရုံတစ်ခုကိုပြောပေတော့. . ."

ဂျွန်ယောင်ပေယောင်ပေနဲ့ငွေထုပ်ပိုက်ပြီး ဘူတာရုံကိုရောက်လာသည်။ လေထဲမှ အသံရှင်ကထပ်မံအကြံပေးသည်။

"ကဲ. . မက္ကာဆီကန်ကိုသွားရမယ့်ရထားပေါ် တက်ပေတော့. . ."

ဂျွန်ရထားစီးပြီး မက္ကာဆီကန်ကိုရောက်လာ၏။

"ကဲ . . . ရောက်ပြီ အဲဒီမှာ အနီးဆုံးကာစီနိုဆိုင်ကို ဝင်လိုက်. . ."

ယခုမှတော့ ဂျွန်လည်း ဘာမှစဉ်းစားမနေတော့။ အသံရှင်၏ ညွှန်ကြားချက်အတိုင်းလိုက်နာကာ ကာစီနိုဆိုင်သို့ ဝင်လိုက်သည်။ အသံရှင်ကထပ်၍ တိုက်တွန်းပြန်သည်။

"ဂျွန် . . . အဲဒီမှာမင်းဘဝကိုပြောင်းလဲပစ်ရမယ်. . . မင်းပါသမျှ ငွေနဲ့ '၂၃' နံပါတ်ကိုတစ်ပေါက်တည်းအကုန်ထိုးလိုက်ပေတော့. . ."

ဂျွန်လည်း အသံရှင်ညွှန်ကြားသည့်အတိုင်း '၂၃' နံပါတ်ကို ပါသမျှငွေအကုန်ပုံထိုးလိုက်သည်။

တာစီနိုလက်တံက နံပါတ် '၄' တွင်ရပ်သွားသည်။ လေထဲကအသံရှင်၏ ရေရွတ်သံကြီးထွက်လာ၏။

"ခွီးတဲ့မှပဲလွဲပြန်ပြီ"

ဂျွန် ဘာဖြစ်သွားသနည်း။

"ကျွန်တော်ရှုံးပြီ. . . ကျွန်တော်ရှုံးပြီပေါ့. . ."

ကဲ. . . ဒီကနေ့ ကျွန်တော်တို့ဥပဒေသတစ်ခုထုတ်ရအောင်။ ထိုကိစ္စမှာ မိမိစိတ်တန်ခိုးအားနည်းသဖြင့် အားကောင်းနေသောလောင်းကစားသမားစိတ်တန်ခိုးက ဂျွန်၏ဘဝကိုခြယ်လှယ်သွားခြင်းဖြစ်သည်။

ထို့ကြောင့်. . .

စိတ်ကူးနဲ့ပုံရိပ်များက သင့်ဘဝကိုပြောင်းလဲပစ်နိုင်သည်။ သို့သော် အကောင်းနဲ့အဆိုး ရှိသေးကြောင်း သတိချပ်ပါ။





အရာရာတွင် အကောင်းဆုံးသည့် ပညာဗဟုသုတ ရှာမှီးသင်ယူခြင်းဖြစ်သည်။ ငွေကြေးဥစ္စာနေသည့် ပျောက်သွားနိုင်သည်။ ခိုးယူနိုင်သည်။ ကျန်းမာသန်စွမ်းခြင်းသည့် အချိန်တန်လျှင် ယုတ်လျော့ပျက်စီးသွားပေလိမ့်မည်။ သို့သော် သင့်ဦးနှောက်ထဲထည့်သွင်းထားသော ပညာရပ်များကား သင်နှင့်ထာဝရတည်ရှိနေပေလိမ့်မည်။

(Louis L,amour)



www.burmeseclassic.com

www.burmeseclassic.com



# ဆာတီဖီကိတ်များ(Certificate)

ယနေ့ခေတ်သည် အောင်လက်မှတ်များနှင့် လုံးချာလိုက်သော ခေတ်ဖြစ်သည်။ (၁၉၈၃) ခုနှစ်နောက်ပိုင်းတွင် မွေးဖွားသော လူငယ်မှန်သမျှတွင် အနည်းဆုံး(Cert ificate) နှစ်ခုမှ ဆယ်ခုခန့်ရှိနေတတ်ကြပါသည်။

အခြေခံအင်္ဂလိပ်စကားပြော၊ အဆင့်မြင့်အင်္ဂလိပ်စကားပြော၊ ဂျပန်၊ တရုတ်၊ ကိုးရီးယား၊ ပြင်သစ်၊ ဂျာမန်၊ စပိန်စကားပြောများ၊ အခြေခံကွန်ပျူတာမှ အင်တာနက် ပရိုဂရမ်ရေးဆွဲနည်းအထိ စားဖိုမှူးသင်တန်း၊ မုန့်လုပ်နည်းသင်တန်းများ၊ ဆံပင်အလှပြင်ဆင်၊ မိတ်ကပ်၊ ကိုယ်ကာယအလှ၊ စာရင်းကိုင်၊ မော်ဒယ်၊ အဆိုတော်၊ သရုပ်ဆောင်၊ ဟော်တယ်စားပွဲထိုး၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ ပြင်ပဆက်သွယ်ရေးမှူးသင်တန်းများ စသည့်စသည့် မဆုံးနိုင်သော သင်တန်းများမှ (Certificate) များဖြစ်သည်။

အနောက်တိုင်းစကားပုံ တစ်ခုရှိသည်။

"ပစ်မှတ်ကို ထိမှန်ရန် မျက်လုံးတစ်လုံးကိုမှိတ်ထားရသည်"

ဆိုလိုရင်းက မည်သည့်ပညာရပ်မဆိုအဆုံးအစွန်တတ်မြောက်ထားရန်အတွက် ကျန်တဲ့ကိစ္စများကို လက်လျှော့ထားဖို့လိုပါသည်။

ကျွန်တော်တွေ့ဖူးသော ကောင်မလေးနှစ်ယောက်ရှိပါသည်။

သူတို့သည် ကျွန်တော်နှင့် စသိစဉ်က အင်္ဂလိပ်စာသင်တန်းတက်နေကြသည်။ နောက်တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော်ကမေးကြည့်သည်။

"သမီးတို့ အင်္ဂလိပ်စာတော်တော်ဟုတ်နေပြီလား..."

"အင်္ဂလိပ်စာ... ဟားဟား... သမီးတို့မေ့တော့တောင်ဖြစ်နေပြီ... အခု ဂျပန်စာတက်နေတာ..."

"ကဲ.. ဂျပန်စာရော ကောင်းကောင်းတတ်နေပြီလား"

"တက်နေတုန်းကတော့ တော်တော်တတ်နေပါပြီ... အခုတော့ ပြင်သစ်စာဘက်ကိုဖိနေတော့ ဂျပန်စာက ဟီးဟီး... မေ့တော့တော့တောင် ဖြစ်နေပြီ ...ဟီးဟီး..."

ကဲ... ဒီပုံအတိုင်းသွားနေလို့ကတော့ ဒီတစ်သက်မေ့တော့တော့ တွေနဲ့ချည်းပဲနေတော့မည်။ အမှန်က ထိုသုံးနှစ်လုံးကို အင်္ဂလိပ်စာသော်လည်းကောင်း၊ ဂျပန်စာသော်လည်းကောင်း၊ ပြင်သစ်စာသော်လည်းကောင်း အခြားမည်သည့်ပညာကိုမဆို စိုက်လိုက်မတ်တတ်လုပ်ခဲ့ပါက ခိုင်မာစွာ တစ်ဖက်ကမ်းခတ်တတ်မြောက်နေမည်မှာသေချာပါသည်။ မည်သည့် အပြုအမူ၊ မည်သည့် အလုပ်မဆို တစ်လလုပ်လျှင် '၆' လစွဲသည်။ '၆' လလုပ်လျှင် သုံးနှစ်ခိုင်မြဲသည်။ '၃' နှစ် သေသေချာချာလုပ်လျှင် သေရာပါစွဲအောင် တတ်ကျွမ်းတတ်သည်။ ထိုတတ်ကျွမ်းမှုက ဘဝကိုမြှင့်တင်ပေးမည်ဖြစ်ပါသည်။

အမှန်က အလုပ်ရှင်များ၏လိုလားချက်များသည်လည်း (Certificate)များသည် အပရိကသာ၊ လုပ်ငန်းကျွမ်းကျင်မှုသာလျှင် အဓိကဖြစ်ပါသည်။ ဝေဝေဝါးဝါးသာတတ်သော (Certificate) အခုနှစ်ဆယ်ထက် ကျွမ်းကျင်မှုတစ်ခုက ပိုအရေးပါကြောင်း သတိပြုမိစေလိုပါသည်။

ထိုသို့ဆိုလျှင် မေးစရာရှိလာပါသည်။ ဘဝအတွက် (Certificate) တစ်ခုမှမလိုဘူးလား။ ဖြေစရာရှိပါသည်။ ကျွန်တော့်အမြင်မလိုပါ။ ကျွမ်း

ကျင့်မှုသာလိုပါသည်။ လိုသည် ဆိုလျှင်တောင် အရေးကြုံလျှင် ပြရနအောင် ထိုကျွမ်းကျင်သော လုပ်ငန်း၏ (Certificate) သာလိုပါသည်။

ထို (Certificate) များမှာ အသိများသာဖြစ်ပေလိမ့်မည်။ ပညာမဖြစ်နိုင်၊ အသိဆိုသည်မှာ သိလှဖြီတတ်လှပြီဟူသောသဘောဖြင့် ဝါကြွားလေ့ရှိပြီး ပညာကသူသိတာထက် သူသိတာထက်ပိုမသိဟူသောသဘောထားဖြင့် နှိမ့်ချသူဟူ၍ သာမကေပြဦးအံ့။

လူတစ်ဦးသည် ဗိတ်စဆိုင်သို့ရောက်လာပြီး ဗိတ်စဝယ်သည်။

"ဟော့. . . အဲဒီပုလဲလုံးပုံလေးတွေပါတဲ့ ဗိတ်စကိုက်တစ်ရာဖြတ်ပေးစမ်းဟော့. . ."

ဆိုင်ရှင်က ဝမ်းသာအားရနဲ့ဖြတ်ပေးသည်။

"ဟုတ်ပြီ. . . အဲဒီအစကို တစ်ကိုက်စီ တစ်ကိုက်စီ ဖြတ်ပေးဦး. . ."

ဆိုင်ရှင်က ထပ်၍ဖြတ်ပေးလိုက်သည်။

"ကဲ. . ရပြီ. . . အဲဒီအစတွေကို တစ်ပေစီပိုင်းပေးဦး. . ."

ဆိုင်ရှင်ကအနည်းငယ်အံ့ဩပြီးမော့ကြည့်သည်။ ထိုလူက်အတည်ပေါက်နှင့်ပင်. . .

"တစ်ပေစီလေ. . . ဖြတ်ဖြတ်. . ."

ဟု တိုက်တွန်း၍ ဆိုင်ရှင်က ထပ်ဖြတ်ပေးရသည်။ ဖြတ်ပြီးသောအခါ. . .

''ကဲ. . . ကဲ. . တော်တော်တော့ဟုတ်သွားပြီ. . . အခုအဲဒီအစမှာပါတဲ့ ပုလဲလုံးတွေတွေ့လား. . . အဲဒီတစ်လုံးစီထပ်ဖြတ်ပေး. . ."

"ဟင်. . . ပုလဲလုံးတစ်လုံးစီ. . ခင်ဗျားရူးနေလားဗျ. . ."

"ဟုတ်တယ်လေ. . ရူးနေတယ်. . . ဒီမှာလက်မှတ်တောင်ပါသေးတယ်. . ကြည့်ဦးမလား. . ."

ကဲ. . . အဲဒီလို သူနေရာနဲ့သူသုံးဖို့တော့ (Certificate) တစ်ခုတလေတော့လိုသပေါ့လေ။ အရေးကြုံတော့ထုတ်ပြရတာပေါ့။

ကဲ. . . အနှစ်ချုပ်လိုက်ရအောင်။

အသုံးမဝင်သော (Certificate) အခုတစ်ရာထက် ကျွမ်းကျင်စွာလုပ်ပြနိုင်မှုတစ်ခုက သင်ဘဝကိုပိုအရောင်လက်စေမှာ ဖြစ်ပါသည်။ (Certificate) ယူမည်ဆိုလျှင်လည်း ထိုကျွမ်းကျင်မှုကို အရောင်တင်ပေးမည့် (Certificate) ဖြစ်သင့်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ရယ်ရအောင်ပြုလုပ်ခြင်းသည် လူ့သဘာဝကို လေလာခြင်းကိုးဆယ်ရာခိုင်နှုန်းပါဝင်သည်။ ယင်းလေ့လာမှုကိုမှ ရှာလာသောအသိ အတွေးအခေါ်တချို့နှင့် လူတိုင်းအတွက်အံဝင်ခွင်ကျပြုလုပ်ခြင်းသည် ရှစ်ရာခိုင်နှုန်းဖြစ်သည်။ တကယ်တမ်းရေးသားခြင်းမှာမူ နှစ်ရာခိုင်နှုန်းသာ ပါရှိ၏။

(Rube Goldberg)





# ရွှေ့လျားမှုရှိမှအလုပ်ဟုခေါ်သည်

မုတ်ဆိတ်နှင့် ဝတ်ရုံ
. . . သင့်အားပညာရှိမဖြစ်စေပါ။
. . . ကယ်ပညာရှိစေသော အ
. . . နှင့်ကိုကျင့်မှသာ သင်သည်
. . . ညာရှိတစ်ဦးဖြစ်လာမည်ဖြစ်
. . . ည်။

ဖြိုချရမယ့် ကျောက်
. . . တောင်ကြီးကို မနိုင်ပဲတွန်းလှဲနေ
. . . င်းထက် ကျောက်တုံးတစ်တုံးစီ
. . . ထုတ်ခြင်းက ပိုခရီးရောက်နိုင်
. . . သည်။

"သမီးတော့ ဒီအလုပ်
. . . ခိုင်နေတယ်. . ."

နောက်နေ့လည်း. . .

"သမီးဒီအလုပ်လေး မပြီးသေးလို့. . ."

နောက်နေ့လည်း. . .

"မနေ့က အလုပ်လေး လက်စမသတ်သေးလို့. . ."

ဆိုသော ဆင်ခြေမျိုးသည် မရွေ့လျားနိုင်သောသဘောကိုပြနေပါသည်။ ထိုသူသည် အလုပ်ကိုမည်မျှလုပ်စေကာမူ၊ မည်မျှချွေးသွေးထွက်စေကာမူ အလုပ်လုပ်သူဟု မခေါ်ထိုက်ပေ။ ကျောက်တောင်ကြီးကိုတွန်းလှဲနေသူနှင့်သာတူနေမည်ဖြစ်သည်။ ထိုသို့သောလူများ ဝန်ထမ်းလောကတွင် အများအပြားရှိနေပါသည်။

ဥပမာ တစ်ခုပေးပါ



www.burmeseclassic.com

www.burmeseclassic.com



မည်။

"ကြမ်းပိုး၊ ပင့်ကူ၊ ပိုးဟတ်နှင့် ကင်းခြေများတို့ ပျော်ပွဲစားနေကြသည်။ ကြမ်းပိုးက. .

"ကဲ. . . တို့ဘော်ဘော်တွေစုံတုန်း ဘီယာလေးဘာလေးသောက်ရရင်ကောင်းမှာပေါ့. ."

"အေးကွ. . . စကားပြောကောင်းသွားတာပေါ့. . ."

"ကဲ. . ဘီယာသွားဝယ်ဖို့တာဝန် ဘယ်သူယူမလဲ. . ."

ပင့်ကူက စဉ်းစဉ်းစားစားနဲ့ပြောသည်။

"လူဆိုတာခြေနှစ်ချောင်း . . . မြင်းကခြေလေးချောင်း . . . နှစ်ချောင်းထက်ကိုလေးချောင်းကပိုများတယ်. . ဒါဆိုရင် တို့အထဲမှာ ကင်းခြေများကခြေအများဆုံးပဲ. . သူ့ကိုသွားခိုင်း"

ပိုးဟတ်က. . .

"ဟုတ်တယ် ကိုကင်းသွားသင့်တယ်. . ."

ကင်းခြေများက သူ့သူငယ်ချင်းဘက်လှည့်ကြည့်ပြီး. . .

"ကောင်းပြီလေ. . . ဘော်ဘော်တို့ဆန္ဒရှိရင် ကိုယ်သွားပေးမယ် ဟုတ်ပြီလား. ."

ဟုဆို၍ ထထွက်သွားလေသည်။

သူငယ်ချင်းများက စားသောက်ရင်းစောင့်နေကြသည်။ နှစ်နာရီခန့်ကြာသည်အထိ ကင်းခြေများကပြန်မလာသေး။ သူငယ်ချင်းများကစောင့်ရင်းစားလာကြသည်မှာ ဗိုက်ကလည်းတင်း စားစရာကလည်းကုန်သလောက်ရှိနေပြီ။

ပိုးဟတ်က စိတ်ပျက်စွာပြောသည်။

"တောက်. . . ကင်းခြေများဆိုကဲ့ကောင် နာမည်နဲ့လိုက်အောင်ဘယ်သွားပြီး ခြေများနေလဲမသိဘူး. . ."

"ဟုတ်ပါ့ကွာ. . . ဒီကောင်ကြီးခိုင်းလိုက်ရင် ဒီအတိုင်းချည်းပဲဘယ်တော့မှ ဖြောင့်ဖြောင့် တန်းတန်းမသွားဘူး. ."

ပိုးဟတ်စကားကို ပင့်ကူကထောက်ခံ၏။ ကြမ်းပိုးကလည်း. . .

"အဲဒါတွေ ငါ့စိတ်နဲ့မတည့်တာပေါ့. . . ငါထင်သားပဲ. . ဒီကောင်ဒီလောက်ခါးကြောရှည်ကတည်းက ငပျင်းပဲဖြစ်မှာပဲလို့. . ."

အဲဒီ အချိန်မှာအိမ်ရှေ့က ကင်းခြေများအသံထွက်လာ၏။

"မင်းတို့ ငါ့နောက်ကွယ်မှာ ဒီလိုအတင်းအဖျင်းတွေပြောနေကြမယ်ဆိုရင်ငါလုံးဝမသွားတော့ဘူးကွာ. . ငါအခုပဲသွားဖို့ဖိနပ်စီးနေတာ တစ်ဖက်ပဲကျန်တော့တယ်. . . အခုဖိနပ်တွေအကုန်လုံးပြန်ချွတ်လိုက်တော့မယ်. . . ."

အလျှင်လိုသည့် အချိန်ကျမှ ကင်းခြေများကို ခိုင်းမိခြင်းဖြစ်သည်။ သူတို့လိုချင်သည့် ဘီယာဝေးလို့၊ ဖိနပ်ပင်စီး၍မပြီးသေး။ ကင်းခြေများက မလုပ်ဘူးမဟုတ်။ ကြိုးစားရှာပါသည်။ အလုပ်မဖြစ်တာသာဖြစ်သည်။

ထို့ကြောင့်မှတ်ပါ။

အလုပ်ဟူသည် ရှေ့လျှော့မှ အလုပ်မည်သည်၊ တစ်ခုတည်းကို ထပ်ပြန်တလဲလဲလုပ်နေလျှင် မည်မျှကြိုးစားလုပ်ကိုင်စေကာမူ အလုပ်ဟုမည်ပေ။

www.burmeseclassic.com

မိမိ၏အားနည်းချက်ကိုညွှန်ပြသောအကြောင်းနှစ်ချက်ရှိသည်။ ပြောဆိုသင့်သည့်အချိန်အခါ၌ ဆိတ်ဆိတ်နေခြင်းနှင့် ဆိတ်ဆိတ်နေသင့်သည့်အချိန်၌ပြောဆိုခြင်းတို့ဖြစ်သည်။

(ပါရှားစကားပုံ)



# လွဲချော်မှုများအပေါ် ခံနိုင်ရည်ရှိပါ

လူဟူသော သတ္တဝါသည် ကမ္ဘာပေါ်တွင်အကြိုးစားဆုံး၊ အတီထွင်ဆုံး၊ အလုပ်လုပ်ဆုံးသတ္တဝါဖြစ်သည်။ တီထွင်သူဆိုသည်မှာအဘယ်နည်း။ တီထွင်သူဆိုသည်မှာ ကမ္ဘာမြေကြီးနှင့် လိုက်လျောညီထွေနေရမှန်းမသိသူဖြစ်သည်။ လိုက်လျောညီထွေနေတတ်သူများက မိုးဖလာဒီအချိန် စိုက်ပျိုး၊ ဒီအချိန် ရိပ်သိမ်း၊ ဒီအချိန်စားဆိုသော သဘာဝတရားထဲတွင် မွေ့လျော်နေတတ်သည်။ ရေခဲလိုလျှင် ဆောင်းကိုစောင့်ပေါ့။ သို့သော် လူတစ်ဦးက ဒီသဘောကိုနားမလည်။ ထို့အတွက် ရေခဲသေတ္တာကိုတီထွင်ပြီး ဆယ့်နှစ်ရာသီရေခဲစေအောင်လုပ်ပြီး ကမ္ဘာကြီး၊အား ကဏှကောဇတိုက်ခြင်းဖြစ်သည်။ ထိုသို့သောလူများကြောင့် တယ်လီဖုန်းပေါ်လာသည်။ လေယာဉ်ပျံပေါ်လာသည်။ မော်တော်ကား၊ မီးရထားတို့ပေါ်လာရခြင်းဖြစ်သည်။

သို့သော် တီထွင်လုပ်ကိုင်မှုတိုင်းသည် လွယ်လွယ်ကူကူနှင့် ချောမွေ့စွာအောင်မြင်ခဲ့သည်မဟုတ်။ အမှားများစွာထဲက အမှန်ကိုရောက်အောင် ခက်ခဲပင်ပန်းစွာရုန်းကန်လာရခြင်းဖြစ်သည်။

ထိုသို့ တီထွင်ကြံလုပ်

www.burmeseclassic.com


တိုင်း အတိုက်အခံဆိုတာပေါ်လာမြဲ။ လူတိုင်းတွင် အတိုက်အခံရှိခြင်းသည် တီထွင်သူများအဖို့ အကူအညီလွန်စွာဖြစ်စေ၏။ လူတို့လွှတ်တင်လိုက်သောစွန်သည် လေကိုဆန်ပြီးမှ ကောင်းကင်ကိုတက်ခြင်းဖြစ်သည်၊ လေနှင့်အတူတက်လာခြင်းမဟုတ်။

ဘာမှမလုပ်ရင်တော့ ဘာမှမမှားဘူးပေါ့။ လုပ်ရင်တော့မှားစရာတွေပေါ်လာနိုင်သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ငယ်စဉ်ထဲက ထပ်ပြန်တလဲလဲပြောဆိုကြသော စကားတစ်ခုရှိပါသည်။

"ခဲတံရဲ့နောက်မှာခဲဖျက်ပါလာတယ် လူတိုင်းအမှားနဲ့မကင်းနိုင်. . . မှားရင်ဖျက်ပေါ့ဒါပဲ. . . "

အမှားတစ်ခုကိုကျူးလွန်မိတိုင်း မိမိကိုယ်ကိုဒေါသဖြစ်ယူကျုံးမရဖြစ်အောင် အော်ဟစ်မြည်တမ်းနေမည့်အစား ထိုအမှား၏သဘောကိုသေချာအောင်လေ့လာ၊ ဘယ်နည်းနဲ့ အမှန်ရောက်အောင်လုပ်နိုင်မလဲအဖြေရှာ။ ကြိုးစား၍ ပြန်ထူမတ်အောင်လုပ်မှသာ အောင်မြင်သောသူတစ်ဦးဖြစ်နိုင်ပေသည်။

သင်းအုပ်ဆရာတစ်ဦးနဲ့စီးပွားရေးသမားတစ်ဦးဂေါက်သီးရိုက်နေကြသည်။ စီးပွားရေးသမားကို သူရိုက်ချက်လွဲသွားတိုင်း ရုန့်ရင်းကြမ်းတမ်းသောစကားကိုများကို ရေရွတ်တတ်သည်။

"လွဲပြန်ပြီ. . . "

"ချစ်သား. . . လွဲရင်လည်းမှန်အောင်ကြိုးစား. . . ယုတ်ရင်းသောစကားမဆိုသင့်. . "

သင်းအုပ်ဆရာက ဖျောင်းဖျ၏။ စီးပွားရေးသမားက ထပ်ရိုက်ပြန်သည်။

"တောက်. . လွဲပြန်ပဟ. . . "

"ချစ်သား. . . ကြမ်းတမ်းသောစကားကိုမဆိုသင့် ထိုစကားတို့ကို ကောင်းကင်ဘုံကမနှစ်သက်. . ကောင်းကင်ဘုံကအပြစ်ပေးလိမ့်မည်ချစ်သား. . "

"အား. . ကိုယ်တော်ကလည်း ဒီမှာဂေါက်သီးမဝင်လို့စိတ်ညစ်ရတဲ့ကြားထဲ. . . "

သင်းအုပ်ဆရာ ရိုက်သည်၊ လွဲသွားသည်၊ သို့သော်ဆိတ်ဆိတ်ပင်။ စီးပွားရေးသမားအလှည့်ကျလာ၍ ရိုက်လိုက်သည်၊ လွဲချော်သွားပြန်သည်၊

"တောက်. . . ဒီနေ့တစ်နေ့လုံးများလွဲတော့မှာလားမသိဘူး. . . "

"ချစ်သား ကောင်းကင်ဘုံက ကြည့်မနေဘူးနော်. . ဒီလိုကြမ်းတမ်းတဲ့စကားတွေထပ်မပြောနဲ့တော့. . ကောင်းကင်ဘုံကအပြစ်ပေးခါနီးပြီ . . . "

စီးပွားရေးသမား ထပ်ရိုက်ပြန်သည်။ ထပ်လွဲပြန်သည်။

ထိုအချိန်တွင်ကောင်းကင်ဘုံကမည်းလိပ်သော တိမ်တောင်ကြီးများတက်လာပြီး လျှပ်စီးတွေ လက်လာ၏။ စီးပွားရေးသမားလည်း ထိုတော့မှ ကြောက်လန့်နေတော့၏။ သင်းအုပ်ဆရာက ဒူးထောက် လက်မြှောက်၍ ကောင်းကင်ဘုံအားဆုတောင်းနေသည်။ ထိုစဉ်မိုးကြိုးပစ်ချလိုက်ရာ သင်းအုပ်ဆရာအား တိုက်ရိုက်ထိမှန် သေဆုံးလေသည်။ စီးပွားရေးသမားက လတ်တလောအဖြစ်အပျက်ကိုကြည့်ပြီး မယုံကြည်နိုင်စွာအံ့ဩမှင်တက်နေ၏။ ထိုအချိန်တွင်ကောင်းကင်ဘုံမှ တော်လဲသံကြီးကဲ့သို့ မြည်ဟီးသံကြီးထွက်လာ၏။

"လွဲသွားပြန်ပြီ. . . "

ထို့ကြောင့် ကျွန်တော်ပြောခြင်းဖြစ်ပါသည်။ လွဲမှရေရှုတ်မြည်တမ်းနေခြင်းထက် အမှန်ကိုအနီးဆုံးဘယ်လမ်းကသွားလို့ရမလဲ စဉ်းစားအဖြေရှာသုံးသပ်ဆုံးဖြတ်ပြီး လမ်းမှန်ရောက်အောင်လျှောက်လှမ်းသင့်ပေသည်။

ခဲတံတွင် ခဲဖျက်ပါပေါင်းပြီး ထုတ်ပေးပါသည်၊ သို့သော် ခဲတံကအရှည်ကြီး၊ ခဲဖျက်ကတိုတိုသေးသေးလေးဖြစ်ပါသည်။ ပညာရှင်များက များများလုပ်၍ နည်းနည်းသာမှားစေချင်ပုံရသည်။


www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို မိမိတွေး နေကျအတွေးများနှင့် လုပ်နေကျ အလုပ်များကိုသာ ကျေနပ်နေ မည်ဆိုပါက စမ်းနည်းမှုမှယ်ရာ သက်သက်ပင်ဖြစ်သည်။ ကြီးမား ပြင်းပြသောဆန္ဒက လုပ်နေကျ ထက်ပို၍လုပ်နိုင်စရာအကြောင်း များရှိကြောင်းသိသော်လည်း သူ့ စိတ်၏တံခါးများကို ဖွင့်နိုင်ခြင်း မပြုခြင်းသည်လည်း သနားစရာ ဝမ်းနည်းစရာပင် ဖြစ်ပေနေလိမ့် မည်။

(Philips Brooks)



# သင့်ခေါင်းထဲကအရုပ်တွေ

ကဗျာတစ်ပုဒ်ဖတ်ဖူး ပါသည်။

You can not stop birds flying overhead. But you can stop them from nothing in your hair.

အဓိပ္ပာယ်ကတော့. . (ခေတ်စမ်းမြန်မာကဗျာသံလေးနဲ့ ပြောကြည့်ရအောင်)

မင့်ခေါင်းပေါ်မှာ ငှက် များစွာ. . .

ပျံသန်းပါစေ မတားလေနဲ့. . .

ဒါပေမယ့်. . .

မင်းဆံနွယ်မှာ ကျူးကျော်ကာ. . .

သိုက်မြုံမဆောက်ပါ စေနဲ့. . .။

အဓိပ္ပာယ်ကရှင်းပါ တယ်။

လူတို့၏ဘဝတွင် အမှားတွေ အမှားတွေများစွာရှိ ပါသည်။ ထိုအမှားတွေသည် ကိုယ်နဲ့မဆိုင်ပါ။ ကိုယ့်ခေါင်းထဲ ထိုမှားယွင်းမှုနောက်ကျိမှုများ ကိုဆွဲသွင်းမလာပါနှင့်။ ထိုသို့သူ များအမှားများကိုကိုယ့်ခေါင်း ထဲဆွဲ သွင်းလာခြင်းသည် ကိုယ့် ကိုယ်ကိုယ်နှိပ်စက်ဆွဲချနေသူနှင့်တူပါ သည်။ ပတ်ဝန်းကျင်ကသတ် သတ် သင်ကသတ်သတ် ဖြစ်ပါ

www.burmeseclassic.com

သည်။

ခေတ်တစ်ခေတ်ရဲ့ ဖြစ်ရပ်တို့သည် အကောင်းဆုံး အတွေးအခေါ်များမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုသဘောသဘာဝမှ လုပ်ဆောင်မှုအားလုံး အပေါ် အကောင်းဆုံးလမ်းစရှာသွားခြင်းဖြစ်၏။

ကျွန်တော်တို့မြန်မာလူမျိုးများ၏ အားနည်းချက်မှာ လူတစ်ဦးနှင့် တစ်ဦးပေါင်းသင်းဆက်ဆံရေးတွင်သံသယဆိုသော Back Ground စိတ်ကအမြဲတမ်းကပ်ပါနေခြင်းပင်ဖြစ်ပါသည်။ ကိုယ့်အတွင်းစိတ်က မကြိုက်သော်လည်း မျက်နှာပေါ်တွင် အလွန်နှစ်သက်ဟန်ပြထားခြင်း၊ကိုယ်ကလိုလားသော်လည်း တစ်အားလိုလားပုံမပြဘဲ ဟန်ဆောင်နေခြင်းတို့အမြဲရှိနေပါသည်။ ထိုအပြုအမူများသည် ကောင်းသောအပြုအမူများမဟုတ်ပါ။ တစ်ပါးသူကို ထိခိုက်နစ်နာစေရုံသာမက ကိုယ့်အတွင်းစိတ်ကိုလည်းအမြဲညစ်နွမ်းနေစေလေသည်။

ဘဝအောင်မြင်ချင်သူကိုလိုလားတယ်ဆိုရင် လိုလားကြောင်း. . မကြိုက်လျှင်မကြိုက်ကြောင်း စိတ်ရှင်းရှင်း ရုပ်ရှင်းရှင်းနှင့် ပြောကြားနိုင်ရန် ကျင့်ကြံအားထုတ်စေလိုပါသည်။

ထို့ကြောင့် ရှေးပညာရှင်ကြီးများက "ဆိုခဲစေ မြဲစေ" ဟုဆိုခဲ့ကြခြင်းဖြစ်သည်။ ပတ်ဝန်းကျင်က အရှုပ်အထွေးများ ဆဲဝင်ပါပြီး ကိုယ်ပါရှုပ်နေရင် ဘယ်မှာဘဝတိုးတက်နိုင်ပါမည်နည်း။ ဟန်ဆောင်ရင်း ဟန်ဆောင်ရင်းနှင့် လူမှုရေးများလုံးထွေးသွားပြန်ပြီးလျှင် မြန်မာရုပ်ရှင်များအတိုင်း "လာ. . . နင်နဲ့ငါ သွားရှင်းရအောင်" ဆိုပြီးသွားရှင်းကြပြန်နှင့်ဘယ်မှာတိုးတက်ကြီးပွားရေးကို ရှေးရှုနိုင်ပါမည်နည်း။

ပတ်ဝန်းကျင်မှ ဘယ်လောက်များများ ဘယ်လိုမျိုးများ ကိုယ့်ဒသနမှန်ကန်ရေးကို အနှောင့်အယှက်မဖြစ်ပါစေနှင့်။ ပတ်ဝန်းကျင်ကို Back Ground မပါသော ရှင်းလင်းသည့်အမြင်နှင့်ကြည့်၊ ရှင်းလင်းသည့်အမြင်နှင့် ဆက်ဆံလျှင် သင့်ကိုလည်း သင့်ပတ်ဝန်းကျင်မှ ထိုသို့ပင် တုံ့ပြန်လာပေမည်၊ သံသယကင်းသောပတ်ဝန်းကျင်ကို တည်ဆောက်ကြပါစို့။

သာဓကပြလိုက်ပါ ဦးမည်။



သခွားသီးဆိုင်တွင် အမျိုးသမီးသုံးဦး သခွားသီးဝယ်နေကြပါသည်။

ပထမတစ်ယောက်က

"ကျွန်မအတွက် သေးသေးနဲ့ ရှည်ရှည်လေးရွေးပေးပါ"

ဒုတိယတစ်ယောက်ကလည်း. . .

"ကျွန်မအတွက်က တော့တိုရင်တိုပါစေ. . . ခပ်တုတ်တုတ်လေးပေါ့. . ."

တတိယမိန်းမက. .

"ကျွန်မက သုပ်စားမှာ. . . ဘယ်လိုပုံစံဖြစ်ဖြစ်ရတယ်. . ."

ဟူ၏။

ထိုသို့ ဆိုလိုက်တော့ ပတ်ဝန်းကျင်မှအရှုပ်များထဲမှ ခွဲထွက်မလာဘူးလား. . .

ပြောဖူးလား. . .

သင့်ခေါင်းပေါ်က ငှက်တွေပျံလာတာ တားဆီးလို့တော့မရဘူးပေါ့ ကိုယ်နဲ့မှမဆိုင်ပဲဟာကို ကိုယ်နဲ့ဆိုင်တဲ့ခေါင်းပေါ်မှာတော့ အသိုက်မဆောက်နိုင်အောင် တားဆီးဖို့သင့်မှာ တာဝန်ရှိသည်ပေါ့။

ခေါင်းအေးအေးရှင်းရှင်းနှင့်ဆုံးဖြတ်သွားသော သခွားသီးသုပ်ကြိုက်သူ မမကိုလေးစားမိချေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအဖွဲ့ အစည်းတစ်ခုကို ဖျက်ဆီးနိုင်သူတို့သည် မကျွမ်းကျင်သူများမဟုတ်။ ထိုသူများသည် အဖွဲ့အစည်းကို ဖျက်ဆီးနိုင်သည်ရာထူး ဘယ်တောမှမရ။ အမှန်တကယ်ဖျက်ဆီးနိုင်သူများမှာ တစ်ခုခုတွင် အောင်မြင်၍ ထိုအောင်မြင်မှု အပေါ် လဲလျောင်းကျေနပ်နေသူများသာ ဖြစ်သည်။

(Henry Ford)



# အသုံးတည့်မှုရှိပါစေ

စကားပုံဖြစ်ပါသည်။ Ever -jrleby Never crazy အကြောင်းရှိ၍ အကျိုးရှိခြင်းဖြစ်သည်။

အကယ်၍တန်ခိုးရှင်တစ်ဦးက ဆုတစ်ခုတောင်းပါဆိုက လူတိုင်းဥစ္စာနှင့် အာဏာကိုသာတောင်းကြမှာဖြစ်သည်။ ထိုအရာများကသင့်အရည်အချင်းနှင့် အသုံးတည့်မှုရှိပါမလား။ ည်သူကမှစဉ်းစားကြမည်မဟုတ်။

တန်ဖိုးရှိသောအရာတစ်ခု မိမိလက်ထဲရောက်ပြီးမှ ည်သို့အသုံးပြုရမှန်းမသိသူသည် မိုးရွာဖြိုး နေသာသောနေ့၌လမ်းလျှောက်ထွက်ရသကဲ့သို့ပင်ဖြစ်နေပေလိမ့်မည်။

လူတစ်ဦးအသုံးတည့်ခြင်းမတည့်ခြင်းသည် သူ၏ဆောင်ရွက်ခဲ့သော အလုပ်အကိုင်အကျင့် အပြုအမူများမှ မွေးဖွားလာသောဆုလာဘ်များပင်ဖြစ်သည်။ အသုံးမတည့်သောလူ၊ အသုံးမတည့်သောစွည်းသည် ဘယ်မှာ အကျိုးကိုဆောင်နိုင်ပါမည်နည်း။

အမေကြီး၏ အသက်ရှစ်ဆယ့်ငါးနှစ်ပြည့်မွေးနေ့သို့ နယ်ခြားရောက်နေသော သားသုံးယောက်က ကောင်းပေးသို့



www.burmeseclassic.com

www.burmeseclassic.com



သော လက်ဆောင်ပစ္စည်းများ ကို ပေးပို့လိုက်ကြသည်။ သားကြီးက နှစ်ဆောင်ပြိုင်နှစ်ထပ် အိမ်ကြီး ပိုင်ဆိုင်ခွင့်။ သားလတ်က မာစီဒီးဗိမ်ခံကားနှင့် သားငယ်က သမ္မာကျမ်းစာတစ်အုပ်လုံးကို အာဂုံဆောင်ရွတ်ဖတ် သရဇ္ဈာယ်နိုင်သော ကြက်တူရွေး တစ်ကောင်တို့ဖြစ်သည်။

အမေကသားသုံးယောက်အား ကျေးဇူးအထူးတင်ကြောင်း သဝဏ်လွှာပြန်လည်ပို့သသည်။

သားတို့/

သားတို့သုံးယောက်ဟာ. . . နယ်ခြားမှာ အလုပ်လုပ်တာနှစ်နှစ်ဆယ်လောက်ရှိပေမယ့် အမေ့မွေးနေ့ကိုမမေ့ကြတဲ့အတွက် အမေဝမ်းသာလိုက်တာကွယ်. . . သားတို့ရဲ့မေတ္တာကိုပြကြတဲ့ မွေးနေ့လက်ဆောင်တွေလည်းအမေဝမ်းသာစွာ လက်ခံရရှိခဲ့ပါတယ်. . . သားအားလုံးဟာ အမေ့အပေါ်မှာ ကြီးစွာသောမေတ္တာတရားနဲ့ မွေးနေ့လက်ဆောင်ပေးခဲ့ကြတယ်လို့ အမေတော့ယုံကြည်တာပါပဲ ဒါပေမယ့်ကွယ်. . . သားကြီးပေးတဲ့ နှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီးဟာ. . . အမေ့လို တစ်ကိုယ်တည်းနေတဲ့ အမယ်ကြီးတစ်ယောက်အတွက်တော့ သိပ်ကိုကြီးလွန်းနေပါတယ်. . . သန့်ရှင်းရေးကိစ္စကအစ အမေ့မှာ တာဝန်ကြီးတာပေါ့ကွယ်. . . သားလတ်ပေးတဲ့ ဗိမ်ခံမာစီဒီးကားကြီးကလည်း ကောင်းတော့ကောင်းပါရဲ့. . ဒါပေမယ့် အမေ့အနေနဲ့ ဒီကားကြီးစီးပြီးသွားရလောက်အောင်ဝေးတဲ့ခရီးစဉ်လည်းမရှိတော့ပါဘူးကွယ် ဟိုနားဒီနားသွားမယ်ဆိုတော့လည်း အမေ့အသက်အရွယ်က ကားကိုကိုယ်တိုင်မမောင်းသင့်တဲ့အရွယ်ဖြစ်နေပြီမဟုတ်လား. . . သိပ်ပြီးအသုံးမတည့်ဘူးပေါ့ကွယ်. . အဲ. . . လက်ဆောင်ပစ္စည်းပို့ပေးကြတဲ့အထဲမှာ သားငယ်ကတော့ အမေ့အကြိုက်ကိုသိတယ်ပေါ့. . . သားငယ်ပို့ပေးလိုက်တဲ့ ကြက်တူရွေးလေးက ချိုနေတာပဲ. . စားလို့သိပ်ကောင်းလို့ အမေတောင် ကျန်းမာရေးတော်တော်ကောင်းသွားတယ် နောက်နှစ်တွေလည်း ဒီလိုပဲပို့နိုင်ပါစေကွယ်. . .။

ချစ်တဲ့. . မေမေ

ကဲ. . . အဲဒီမယ် အသုံးတည့်မှုနှင့်မတည့်မှုကို ရှင်းရှင်းလင်းလင်း မြင်ရပြီမဟုတ်လား. . . ထိုပစ္စည်းသုံးမျိုးတွင် ကြက်တူရွေးကဈေးအနည်းဆုံးဖြစ်သည်။ ထိုဈေးအနည်းဆုံးကြက်တူရွေးကမှ သမ္မာကျမ်းစာတစ်အုပ်လုံး အာဂုံဆောင်နိုင်သောဂုဏ်ပုဒ်ကို နုတ်လိုက်ဦး သူ့အသားပဲအသုံးဝင်သည်ဆိုသောအဖြေရလာ၏။ သိန်းပေါင်းများစွာအကုန်ခံ၍ အသုံးမတည့်ခြင်းထက် ငွေနည်းနည်းနှင့်အသုံးတည့်ခြင်းကပို၍တန်ဖိုးရှိကြောင်း ပို၍ထင်သာမြင်သာရှိပါသည်။ ရေငတ်နေသူအတွက် ဘယာကြော်ကျွေးခြင်းသည် အသုံးမတည့်သည့်အပြင် အနှောင့်အယှက်ပင်ဖြစ်ဦးမည်။ ဘီယာတစ်ခွက်သာ သူ့အတွက်သာတန်ဖိုးရှိကြောင်းကို အမြဲကြပ်ကြပ်သတိချပ်ပါလေ. . .။

(ကျွန်တော်ကတော့ အမြဲရေငတ်နေသူဖြစ်သည် ဘယာကြော်လေးနဲ့ဆိုရင် တော့ အင်း. . တယ်ကောင်းပေါ့. . ) ဘာပဲပြောပြော ထိုအမယ်ကြီးတွင် ကမ္ဘာကျော် အတွေးအခေါ် ပညာရှင်ကြီး ဆိုကရေးတီးထက်သာလွန်သွားသော အချက်တစ်ချက်ကို မထင်မှတ်ပဲ တွေ့လိုက်ရ၏၊ ဒါကလည်း သူ့သားငယ်ပေးလိုက်သော မွေးနေ့လက်ဆောင်ကြောင့် ပင်ဖြစ်သည်။

ဆိုကရေးတီးသည် မိမိကိုယ်မိမိအဆုံးစီရင်ရန် အဆိပ်သောက်ပြီး သေအံ့မူးမူးအချိန်တွင် ရုတ်တရက်သတိလည်လာပြီး မိမိ၏တပည့်လူယုံကို လှမ်းခေါ်လိုက်သည်။ တပည့်ကြီးကလည်း ဆရာ့လက်ကို လက်စုံယှက်ကိုင်၍ မျက်ရည်တွေကျကာ ဆရာ၏သေခါနီး မျက်နှာကို မမောတ. း်ကြည့်ရင်း ဆရာ၏နောက်ဆုံးမှာတမ်းကို ငံ့လင့်နေသည်။ ထိုစကားစုမှာ အမိုက်မှောင်ဖုံးနေသော မြေကမ္ဘာအတွက် ပညာရှိကြီးဆိုကရေးတီးက နောက်ဆုံးပြောကြားခဲ့သော စကားစုဖြစ်သည်။ မှတ်ပါ။

"ချစ်တပည့် ငါဘောအိမ်ကကြက်ကလေးတစ်ကောင်ချေးပြီး စွပ်ပြုတ်လုပ်သောက်ဖူးတယ်. . . အဲဒီကြက်ကိုအဆင်မပြေတာနဲ့ငါပြန်မပေးရသေးဘူး မင်းငါ့ကိုယ်စား. . . အဲဒီကြက်ကြွေးကလေးကိုဆပ်ပေးပါကွာ အွတ်. . ."

ဆို အသက်ထွက်ပါလေရော။

အမယ်ကြီးကထိုပြဿ

နာကင်းပါသည်။ သား၊ငယ်က အမေအိုလိုအပ်သော သိုအင်ချက်အတွက် ကြက်တူရွေးတစ်ကောင်ကြိုပို့လိုက်သောကြောင့်ဖြစ်သည်။

သာကေထုတ်ကြည့်ရအောင်။

ကိုယ့်အတွက်လိုအပ်သောပစ္စည်းသည် မည်မျှပင်ဈေးပေါနေစေကာမူ တန်ဖိုးရှိသည်။ အသက်ခြောက်ဆယ်ကျော်လူကြီးက ဈေးပေါနေသဖြင့် ချိုလိမ်ဝယ်စို့နေသည်ကိုမြင်ယောင်ကြည့်ပါ။

အသုံးမတည့်သော လူသည်မည်မျှကြိုးစားလုပ်ကိုင်စေကာမူ မည်မျှလုပ်အားခနည်းစေကာမူ အလုပ်မဖြစ်ပါ။

ဘဝအောင်မြင်တိုး တက်လိုသူသည် အသုံးတည့်မှုရှိသော အလုပ်ဖြစ်သော လူတစ်ယောက်ဖြစ်အောင် အမြဲတင်ခြင်မြင်ဆင်သင်ပါသည်။





# ကိုယ့်ပတ်ဝန်းကျင်ကိုလည်းမြှင့်တင်ပါ

လူတချို့ရှိပါသည်။ ငါ့ပစ္စည်း၊ ငါ့ဉစ္စာ၊ ငါ့လယ်၊ ငါ့ကျွဲနွား၊ ငါ့တိုက်၊ ငါ့ကားနှင့် ငါ့တကောတိုက်ကာပတ်ဝန်းကျင်ကိုမေ့နေတတ်ပါသည်။ ကိုယ်တိုးတက်ဖို့ကိုယ်ချမ်းသာဖို့သာ အမြဲနှလုံးသွင်း၍ ကိုယ့်ကိုယ်ကိုယ်သာ မြှင့်တင်နေတတ်ပါသည်။ ဤသည်လည်း လူ့လောကအတွက် မှန်ကန်သောအောင်မြင်ရေးမဟုတ်ပါ။ ကိုယ်ကိုယ်တိုင်လည်း အောင်မြင်အောင်ကြိုးစား၊ ပတ်ဝန်းကျင်ကိုလည်းရသလောက် မြှင့်တင်နိုင်မှစစ်မှန်သော အောင်မြင်သောဘဝကိုရရှိမည်ဖြစ်သည်။

အောင်မြင်ခြင်းဆိုသည်မှာ သင့်ဘဝမှာရလိုက်တဲ့အကျိုးခံစားမှုနဲ့မဆိုင် သင့်အတွက်ပြီးမြောက်အောင်မြင်မှုနဲ့လည်းမဆိုင်။ အောင်မြင်ခြင်းဆိုသည်မှာ သူတစ်ပါးအတွက် သင်ဘာလုပ်ပေးပြီးပြီလဲဆိုတာသာဖြစ်၏။

ဥပမာ-မြို့တစ်မြို့တွင် ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှိသည်ဆိုပါစို့။ ကောင်းလည်းကောင်းသည်လို့ဆိုပါစို့။ ထိုခေါက်ဆွဲဆိုင်သို့ တကူးတကသွား၍စားဖို့ရာ အနည်းငယ်အလှမ်းဝေးနေသဖြင့် သွားချင်သော်လည်းလမ်းကြုံ။ လမ်းကြုံသည်ကလည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စ နှစ်ယောက်စ။ အကယ်၍ ဤနေရာတွင် ပတ်ဝန်းကျင်ကိုလည်း နည်းပညာပေး၍ တရုတ်တန်းကဲ့သို့ခေါက်ဆွဲဆိုင်တန်းကြီးဖြစ်လာလျှင် ရော၊ ဒါဆိုရင်တော့ ပြောစရာပင်မလို။ ခေါက်ဆွဲစားချင်လား၊ အဲဒီလမ်းကိုသွားပေါ့။ စားစမ်းကြိုက်တဲ့ဆိုင်ဆိုလျှင် မစည်ကားလာနိုင်ဘူးလား။နိုင်ငံတိုင်းမြို့တိုင်းရှိ တရုတ်တန်းများကိုပြနိုင်ပါသည်။ ဤသည်မှာ ပတ်ဝန်းကျင်ကိုမြှင့်တင်ခြင်းသီအိုရီပင်ဖြစ်သည်။ မိမိအိမ်မှ မိမိလမ်း၊ မိမိလမ်းမှမိမိရပ်ကွက်၊ မိမိရပ်ကွက်မှမိမိမြို့၊ မြို့မှတိုင်းနိုင်ငံအထိ တဖြည်းဖြည်းချဲ့ထွင်၍ အောင်မြင်အောင်ကြိုးစားဖြစ်ပေါ်ရန် လူတိုင်းတွင်တာဝန်ရှိပါသည်။

စကားကြုံ၍ပြောပါဦးမည်။

ပတ်ဝန်းကျင်ကိုမ မြှင့်တင်မိ၍စိတ်ဒုက္ခရောက်ရသောလူတစ်ယောက်အကြောင်းပါ။

သေလွန်ပြီး၍ ကောင်းကင်ဘုံတွင် စိန့်ပီတာ၏ အစစ်ဆေးခံရန် စောင့်ဆိုင်းနေသူသုံးဦးရှိပါသည်။ စိန့်ပီတာက ပထမတစ်ဦးကို စတင်စစ်ဆေးပါသည်။

"မောင်မင်း လူ့ဘဝတုန်းက အိမ်ထောင်ရေးဖောက်ပြန်ဖူးလား..."

"ဟုတ်ကဲ့.. ဖောက်ပြန်ဖူးပါတယ်..."

"အေး . အဲဒါဆို ကောင်းကင်ဘုံမှာစီးဖို့ လေးဘီးကားလေးပဲရမယ်..."

"နောက်တစ်ယောက်လာစမ်း... သင်ရောလူ့ဘဝတုန်းကအိမ်ထောင်ရေးဖောက်ပြန်ဖူးလား..."

"ဟုတ်ကဲ့ဖောက်ပြန်ဖူးပါတယ်..."

"ဘယ်နှကြိမ်လဲ"

"နှစ်ကြိမ်ထဲပါ..."

"အေး... အဲဒါဆိုရင်တော့ SE ဆလွန်းပေးရမယ်စီးပေရော့..."

"နောက်တစ်ယောက်သင်ရောလူ့ဘဝတုန်းကအိမ်ထောင်ရေးဖောက်ပြန်ဖူးလား..."

"စိန့်ပီတာခင်ဗျား.. ကျွန်တော် တစ်ခါဆိုတစ်ခါမှမဖောက်ပြန်ဖူးပါဘူး..."

"ဟေ... တယ်ဟုတ်ပါလား... ဒါဆိုရင်မာစီဒီးဇ်ခုံမ်ကားသစ်ကြီးကိုစီးပေရော့ဟုတ်ပလား..."



ဤသို့ဖြင့် ထိုသုံးယောက်လည်း မိမိရထိုက်သောကားကိုယ်စီပေါ်တက်၍ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ကြသည်။ မာစီဒီးကားသစ်ကြီးနဲ့ကိုတည်တံ့က ရှေ့ဆုံးမှဝင့်ကြွားစွာမောင်းထွက်သွားသည်ကို ကိုငါးကြိမ်နှင့်ကိုနှစ်ခါတို့က ကားစုတ်ကလေးများထဲမှ ဂုဏ်ယူစွာကြည့်ရင်း ကုတ်ကုတ်ကလေးလိုက်ပါမောင်းနှင်သွားလေသည်။

ကောင်းကင်ဘုံတွင်သွားလာလှုပ်ရှားရင်းဖြင့် တစ်နေ့တော့ထိုသုံးဦးသည် ကောင်းကင်ဘုံ၏မီးပွိုင့်တွင် ဘေးချင်းကပ်ရပ်၍ဆုံကြလေသည်။ ထိုအခါ မာစီဒီးဇ်ခုံမ်ကားပေါ်မှ ကိုတည်တံ့၏မျက်နှာမှာ ငိုမဲ့မဲ့ကြီးဖြစ်နေ၍ ကိုငါးနှင့်ကိုနှစ်တို့က စပ်စုကြသည်။

"သူငယ်ချင်း မျက်နှာလည်းမကောင်းပါလား... ဘာဖြစ်လို့လဲ ကားကြီးကစီးမကောင်းလို့လား..."

"ငါ့ကားက ငါ့ကိုယ်ကျင့်တရားအတွက် ထိုက်ထိုက်တန်တန်ရထားတာပဲ... သိပ်ကောင်းတာပေါ့..."

"ဒါနဲ့များတော် ဘာလို့ငိုမဲ့ငိုမဲ့နဲ့မဲ့ရှုံ့ရှုံ့ကြီးဖြစ်နေရတာလဲ..."

"ဟင့်... အခုလေးတင်ပဲ.. ဟင့်... ငါ့မိန်းမကိုလမ်းမှာ... အဟင့်.. တွေ့ခဲ့ရတယ်.. အဟင့်..သူ... သူစကိတ်တစ်ဖက်ပဲရတယ်ကွ.. ဟင့်..."

ကဲ... ထိုပြဿနာမှာ မိမိပတ်ဝန်းကျင်ကို မြှင့်တင်ဖို့မေ့လျော့ခဲ့သောပြဿနာပင်ဖြစ်သည်။ ဖြစ်ပြီးမှပြင်မရပါ။

ထို့ကြောင့် အောင်မြင်တိုးတက်ချင်သူတိုင်းသည် မိမိ တစ်ဦးတည်း ကောင်းစားရေးထက် အများကောင်းစားရေးကိုလည်း ရှေးရှုသင့်ကြောင်း သတိပေးချင်ပါသည်။

ယခုအချိန်တွင် ချစ်တီးတို့၏ ဘူဇွာဝါဒဘာကြောင့်မရှိတော့သနည်း။ လူတစ်ဦးကောင်းစားရေးကိုအခြေခံသောကြောင့် လူအများစုမလိုလားသဖြင့် ကျရှုံးရခြင်းဖြစ်ပါသည်။

ထိုသာဓကများကိုကြည့်၍ ပတ်ဝန်းကျင်ကိုမမေ့လျော့သော အောင်မြင်သူများဖြစ်အောင် ကြိုးစားသင့်ပါပေသည်။

www.burmeseclassic.com



ဘဝကို ပြန်လည်ပုံသွင်းမယ်ဆိုတဲ့စကား ပြောသူတွေက ဘဝအကြောင်းနည်းနည်းလေးမှနားမလည်သူတွေဖြစ်တယ်။ ဘဝ၏ရင်ခုန်သံကိုလည်းထိတွေ့ဖူးမှာမဟုတ်သလို ဘယ်လောက်ပဲအတွေ့အကြုံရှိရှိ ဘာတွေပဲလုပ်ဖူးလုပ်ဖူး သူတို့ဟာဘဝကိုနားလည်ကြမှာမဟုတ်ဘူး။ ဘဝဆိုတာ ကုန်ချောထုတ်လို့ရတဲ့ ကုန်ကြမ်းပစ္စည်းမှ မဟုတ်တာ။ ဒါကို သူတို့က တိုလိုက်ထိလိုက်ရုံနဲ့ မြင့်မြတ်တဲ့အဆင်ကိုရောက်သွားကြမယ်လို့ ယူဆတယ်။ အမှန်တော့ ဘဝဆိုတာ အမြဲတမ်းပြောင်းလဲနေတာ။ အမြဲတမ်းအသစ်ပြောင်းလိုက် အသစ်ဖန်တီးလိုက် ပုံသဏ္ဌာန်ပြောင်းလဲလိုက် လုပ်နေတာ။

(Borns Pasternak)



## ကိုယ်စွမ်းကိုယ်စကိုသူ့နေရာနဲ့သူအသုံးချပါ

လူတိုင်းတွင် အစွမ်းအစတစ်ခုစီတော့ ကိုယ်စီပါမြဲဖြစ်ပါသည်။ ထိုအစွမ်းအစကို သူ့နေရာနဲ့သူ အချိန်အခါနဲ့ ကာလဒေသကိုက်ညီအောင် အသုံးချနိုင်မှုသည်လည်း ဘဝအတွက်အရေးပါအရာရောက်သော လုပ်ဆောင်ချက်ဖြစ်သည်။ အချိန်အခါမဟုတ်သောနေရာမှာ အစွမ်းအစကို အားသွန်ခွန်စိုက်ထုတ်သုံးပြီး တကယ့်အချိန်လည်းကျရော ခြေကုန်လက်ပန်းကျပြီး ဘာမှမလုပ်နိုင်မကိုင်နိုင်တော့သဖြင့် အခွင့်အရေးများ ဆိတ်လွတ် ဆုံးရှုံးနေရသူများသည်း ဝုန်းဒိုင်းနဲ့တွေ့ကြရမည်ဖြစ်သည်။

ဝေးဝေးမကြည့်ပါနှင့်၊ သင့်ကိုယ်သင်ပြန်လည်သုံးသပ်ပါဦး။ မေးခွန်းလေးခုမေးပါမည်။

-သင့်လုပ်ငန်းနှင့် အံဝင်ခွင်ကျရှိပါသလား၊

-သင့်လုပ်ငန်းတွင် သင်အစွမ်းအစအပြည့်အဝအသုံးချခွင့်ရှိပါ သလား၊

-သင့်လုပ်ငန်းသည် သင့်အတွက်ပျော်ပိုက်စရာနေရာဖြစ်ပါသလား၊

-သင့်လုပ်ငန်းမှလုပ်ဖော်ကိုင်ဖက်များက သင့်ကိုနွေးထွေးကြပါသလား။

ထိုမေးခွန်းများကို

www.burmeseclassic.com

www.burmeseclassic.com



အခုန်ခြစ်ချနိုင်လျှင် သင့်လုပ်ငန်းသည် သင်နှင့်အံဝင်ခွင်ကျဖြစ်သောလုပ်ငန်းဖြစ်ပါသည်။ ထိုအချက်လေးချက်မှ တစ်ချက်ချက် ချို့ယွင်းခဲ့လျှင်တော့ ထိုလုပ်ငန်းနှင့် မိမိ အကြောင်းကို သေချာစေ့ငှစွာ ပြန်လည်သုံးသပ်။ ပြင်တန်ပြင်၊ ဖြည့်တန်ဖြည့်၊ ဖြုတ်တန်ရာကိုဖြုတ်၊ ပြောင်းဆာန် ပြောင်းလုပ်ရမည်မှာ မလွဲပါပေ။

ကိုယ်စွမ်းကိုယ်စနှင့် ကိုက်ညီသောအလုပ်သာလျှင် သင့်ဘဝကို သေချာပေါက်တိုးတက်မြင့်မားစေမှာပင်ဖြစ်သည်။

အစွမ်းအစကို တလွဲအသုံးချမိလျှင် မတိုးတက်သည့်အပြင် ဘေးပင်ဖြစ်တတ်ပါသည်။ ဥပမာ ပြချင်ပါသည်။

ကုမ္ပဏီတစ်ခုတွင် အလုပ်ခန့်ရန်အတွက် အကြီးအကဲမှလူတွေ စစ်ဆေးနေသည်။ မိန်းကလေးတစ်ဦး လက်ဆွဲအိတ်ကြီးကြီးတစ်လုံးကိုပိုက်၍ လူတွေ့စစ်ဆေးခံရန် အခန်းထဲသို့ဝင်လာသည်။ အကြီးအကဲက အိတ်ကြီးကို သတိထားသွားမိပြီးသက်သောင့်သက်သာရှိစေရန် သတိပေးလိုက်သည်။

"အိတ်ချလိုက်သမီး"

ကောင်မလေးက ပျာပျာသလဲနှင့် အခန်းထဲဝေ့ကြည့်ရင်း တိုးတိုးလေးပြန်မေးသည်။

"ဒီဒရင်းဘက်ပေါ်မှာပဲလားဆရာ..."

ကဲ...သွားရော၊ သွားရော။ အစွမ်းအစကို တလွဲအသုံးချမိခြင်းဖြစ်သည်။ အေးလေ...ဒါလည်း လွဲတယ်လို့တော့မဆိုသာပါဘူး။ သူ့ဟာနဲ့သူမှန်နေတဲ့လူတွေက ကုမ္ပဏီပိုင်ရှင်မကြီးတွေကိုဖြစ်လို့။ အဲလေ... ဘယ်ရောက်ကုန်ပြန်ပါလိမ့်။ အင်း...အနည်းနဲ့အများတော့ ဒုက္ခရောက်နိုင်တာပေါ့ဗျာ။ ဒီဥပမာမကောင်းဘူး။ နောက်တစ်ခုပြောင်းပြောမယ်။

ဒုတိယကမ္ဘာစစ်ကြီးတုန်းကဖြစ်သည်။ ဂျာမနီတွင် စစ်မီးဟုန်းဟုန်းတောက်၍ ဟစ်တလာက ဂျူးများကိုကျူးပင်ခုတ်ကျူငုတ်မကျန်ရှင်းလင်းနေစဉ်ကဖြစ်ပါသည်။ တောရွာဇနပုဒ်မှာ ဂျူးအဘွားအိုတစ်ဦးသည် ဟစ်တလာကိုမုန်းလွန်းသဖြင့် နေ့စဉ်ဟစ်တလာသေပါစေဟု ရေရွတ်မြည်တမ်းနေ၏။ ထိုအသံကိုကြား၍ သူမွေးထားသော ကြက်တူရွေးလေးက အားတိုင်းယားတိုင်းရွတ်နေတတ်သည်။

"ဟစ်တလာသေပါစေတော်..."

"ဟစ်တလာသေပါစေတော်..."

တစ်နေ့သော် သူတို့ရွာလေးသို့ ဂျာမန်တပ်စိတ်တစ်စိတ်လာရောက်စခန်းချသည်။ စစ်သားများက ရွာလမ်းမဖြတ်သွားရင်း အဘွားအိုအိမ်ဈေးအရောက်တွင် ကြက်တူရွေးက ဘာစိတ်ပေါက်လာသည်မသိ။ နေ့စဉ်ရေရွတ်မြဲအတိုင်း ရွတ်တရက်ထရေရွတ်သည်။

"ဟစ်တလာသေပါစေတော်..."

စစ်သားများအံ့ဩသွားကြပြီး အိမ်ထဲဝင်ကြည့်ကာ ကြက်တူရွေးကိုသတ်မည်လုပ်ကြသည်။ အမယ်အိုကြီးက တောင်းပန်သည်။

"မလုပ်ပါနဲ့သားတို့ရယ်..ဒီတိရစ္ဆာန်က ဘာမှနားမလည်လို့ ပြောမိတာပါ..."

"အေး.. ဒီတစ်နေ့တော့ခွင့်လွှတ်လိုက်မယ်...နောက်တစ်နေ့ အဲဒီလိုအော်လို့ကတော့ ကြက်တူရွေးရောခင်ဗျားကြီးပါသတ်ပစ်မယ်..ဘာခုတ်လဲ..."

နောက်တစ်နေ့တွင် စစ်သားများဖြတ်သွားကြပြန်ရာ ကြက်တူရွေးကထအော်ပြန်သည်။

"ဟစ်တလာသေပါစေတော်..."

"ဟင်... အဘွားကြီး ခင်ဗျားကြက်တူရွေးကို ဒါတွေဒီလိုမပြောရဘူးလို့ သင်မထားဘူးလား...မနေ့က တစ်ခါ...ဒီနေ့တစ်ခါ... သတ်ပစ်တာပဲအေးပါတယ်.."

"မလုပ်ပါနဲ့ကွယ်..အမေကြီးသင်ထားပါမယ်...နောက်တစ်နေ့အဲဒီလိုမဖြစ်စေရပါဘူးကွယ်..."

"ဟုတ်ရင်ဟုတ်ပေါ့ဗျာ...နောက်တစ်နေ့မှာ ဒီအချိုးချိုးလို့ကတော့..ဟင်း..လူရော တိရစ္ဆာန်ရောသေပြီသာမှတ်"

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ အမယ်ကြီးက ဘုရားကျောင်းကိုသွားပြီး ဘုန်းကြီးကိုအကူအညီတောင်းသည်။ ဘုန်းတော်ကြီးက...

"ဘာမှမပူနဲ့အမေကြီး ကျုပ်ဆီမှာ ကြက်တူရွေးတစ်ကောင်ရှိတယ် ခဏလဲယူထားလိုက်...ဒီကောင်ကသိပ်ကျွန်ရှိရတာ...ဘုရားအကြောင်း

www.burmeseclassic.com


တရားအကြောင်းကလွဲပြီး ကျန်တာမပြောဘူး. . . ”

အမယ်ကြီးလည်း ဝမ်းသာသွားပြီး ကြက်တူရွေးချိုင်းခကာလဲယူလာသည်။

နောက်တစ်နေ့စစ်သားများဖြုတ်သွားသောအခါ လှောင်အိမ်ထဲတွင် ဆရာတော်ကြီးလို ကွမ်းနှုတ်ခမ်းနဲ့ထိုင်နေသော ကြက်တူရွေးကိုတွေ့သဖြင့် အံ့သြသွားကြသည်။ စစ်သားတစ်ယောက်က ဆွပေးသည့် အနေဖြင့် ကြက်တူရွေးကိုလှမ်းစလိုက်သည်။

“ဟေ့ကောင်ကြီး တစ်ခုခုပြောဦးလေကွာ. . . ”

နောက်စစ်သားတစ်ယောက်ကလည်း. . .

“ဟေ့. . . လုပ်ပါဦးကွ. . ဘာတဲ့. . . ဟစ်တလာသေပါစေလေကွာ. . . ”

ကြက်တူရွေးက ကွမ်းနှုတ်ရရပင် မျက်လွှာလေးချလို့။

စစ်သားများက ပြဿနာရှာချင်သဖြင့်ထပ်ဆွကြသည်။

“ဟေ့. . ဟစ်တလာသေပါစေ. . . ဟစ်တလာသေပါစေ ”

ထိုတော့မှ ဘုန်းကြီးကြက်တူရွေးက အောင်မြင်ခဲ့သွားသောအသံနှင့်ပြောချလိုက်လေသည်။

“တောင်းဆုနဲ့ပြည့်ပါစေချစ်သား. . . ”

အစွမ်းအစကို သူ့နေရာနဲ့သူအသုံးချသွားခြင်းဖြစ်သည်။ အံ့မဝင်ပေဘူးလား။

အံ့ဝင်ခွင်ကျရှိသောအလုပ်တစ်ခု ဘုရားသခင်က သင့်ကိုဖန်တီးပေးထားပါသည်။ အလုပ်သည် သင်နှင့်တိုင်းချုပ်ထားသလို အလောတော်ဖြစ်နေပါသည်။ ထိုအလုပ်ကို လုပ်နေမည် ဆိုလျှင် သင်တိုးတက်ပြီသာ မှတ်ပေရော့ပေါ့။





# ဟာသတမသုဉ်းပါစေနှင့်

အရာရာကို စူးစမ်းလေ့လာ၊ တွေ့သမျှကိုလေ့လာမှတ်ခြင်းသည် အဖိုးတန်လှသော သင့်ဘဝကိုအရောင်တင်ပေးနိုင်ပါသည်။ လူတို့သည် တစ်နေ့တစ်နေ့ အိမ်ကထွက်အလုပ်ထဲသွား၊ အလုပ်ကထွက်အိမ် ကိုပြန်နှင့် မပြောင်းလဲသောယန္တရားကြီးတို့ လည်ပတ်အောင် မောင်းနှင်ရင်း ယန္တရားကြီးအောက်တွင် ဘဝများစွာလုံးပါး ပါးနေရပါသည်။ တစ်သက်လုံး အလုပ်နှင့်အိမ် အိမ်နှင့်အလုပ် dow to dow လုပ်နေရာမှ အငြိမ်းစားယူသော အခါမှအမှန်ကိုတွေ့ပြီးရင်း 'ဟင်. . . ဒါတွေက ဒီလိုရှိသေးပါလား. . . ဟား ဒါတွေငါမသိခဲ့ပါလား. . . ' နှင့် ကလေးတစ်ယောက်လို မျက်လုံးကလယ်ကလယ်နှင့် မေးစမ်းနာယူနေရသူများမနည်းပေ။ လွန်ခဲ့သော နှစ်ခြောက်ဆယ်ဆိုသော အချိန်ကာလများ နှမြောဖွယ်ကောင်းလေစွ။ ယခုအချိန်မှ သင်ယူလို့လည်း မဖြစ်နိုင်တော့။ ဘာလုပ်ရမည်နည်း။ ဘဝတန်ဖိုးကားဘယ်မှာနည်း။ ထားပါဦး တော့အနားယူချိန် အလုပ်လုပ်နေချိန်မှာရော ဟာသတမရှိရင် အနည်းအကျဉ်းတော့ ကမောက်ကမနိုင်သည်ချည်းသာဖြစ်နေမည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



လူ့လောကထဲ အဆိုးဆုံးဟု ယူဆရသည့် အထဲ အကောင်းများလည်းရှိနိုင်သေးသလို အကောင်းဆုံးတွေထဲ၌လည်း အဆိုးပေါင်းမြောက်မြားစွာရှိနိုင်ပါသေးသည်။ ဤအရာများကို လေ့လာသူများသာလျှင် သိနိုင်မည်ဖြစ်သည်။ လူတိုင်းသည် ဗဟုသုတများကို မရှာမှီးချင်ကြပေ။ အနည်းငယ်မျှသာ ရနိုင်သော ပညာအတွက် တန်ဖိုးကြီးကြီးပေး ချင်ကြ၏။

ကျွန်တော်တို့ငယ်စဉ်ကဆုံခဲ့သော ဆားပုလင်းမောင်ချိုဆိုသူအကြောင်းပါ။ ဆားပုလင်းမောင်ချိုသည် အကင်းပါးသွက်လက်၍ ချက်ဆိုနားခွက်ကမီးတောက်သော ရဲတစ်ဦးဖြစ်ပါသည်။ ရဲလုပ်ငန်းကျွမ်းကျင်သည့် စံပြရဲသားတစ်ဦးလည်းဖြစ်ပါသည်။

တစ်နေ့ မော်လမြိုင်ကဘီလူးကျွန်းနတ်မျော်ဆိတ်သို့ခုတ်မောင်းလာသောရေယာဉ် တစ်စီးပေါ်တွင် ဆားပုလင်း မောင်ချိုလိုက်ပါစီး နင်းလာရင်း မသင်္ကာစရာ လူငယ်တစ်ဦးကိုတွေ့သဖြင့် နောက်ယောင်ခံ၍အရိပ်အကဲကိုကြည့်နေပါသည်။ ထိုလူငယ် ဇက်၏စက် ခန်းပေါ်ရှိ အထူးခန်းပေါ်တွင် ပက်လက်ကုလားထိုင်နှင့်ထိုင် ၏။ ကိုမောင်ချိုကလည်း ၄င်း လူငယ်နောက်နားတွင်ကပ်ထိုင် ၍ လူငယ်ကိုချက်ကင်လုပ် နေ ၏။ အတန်ကြာသောအခါ လူငယ်က ဘေးဘီကိုကြည့်ရင်း ပြင်းလာသဖြင့် လွယ်အိတ်ထဲမှ စာရွက်တချို့ကိုထုတ်ကြည့်နေ သည်။

ဆားပုလင်းမောင်ချို ထိုလူငယ်ကြည့်သော စာရွက်အ နောက်မှခိုးဖတ်ရင်း အဓိပ္ပာယ် ဖော်သည်။ မည်သို့မှဖော်မရ ချက်ဆိုနားခွက်ကမီးတောက် သောဆားပုလင်းမောင်ချို ကောင်းကောင်းကြီးသိပြီ။ ဒါမြေအောက်ဂိုဏ်းသားတွေ တစ်ယောက်ကိုတစ်ယောက် ဆက်သွယ်သည့် ဝှက်စာဖြစ် မည်။ ဆားပုလင်းမောင်ချိုက ဒေါသထွက်နေသော ကျားန သဖွယ် ဟိန်းဟောက်ရင်းလူငယ် ကိုခုန်အုပ်လိုက်သည်။

"ဆားပုလင်းမောင်ချို တဲ့ကွ. . . မင်းဘာမှပတ်ဖို့ ကြိုး စားမနေနဲ့ မင်းတို့ဂိုဏ်း အ ကြောင်း ငါအားလုံးသိပြီးပြီ. . ."

အမှန်တော့ သူဘာ သိထားတာမဟုတ်ဘူး။ ယခု စာရွက်ကိုကြည့်၍ ရလာသော ကောက်ကြောင်းကို ဖိန့်ဖိန့်သဘောနှင့်ဖြဲခြောက်လိုက် ခြင်းဖြစ်သည်။ သိတယ်မဟုတ်လား ရဲပညာလေ။ လူငယ်ကြောင်စီစီထိတ်လန့်စွာနှင့်. . .

"ဘာ. . . ဘာဖြစ်လို့လဲအစ်ကို. . ."

"အောင်မာ လောကကြီးကိုလုံး ဝနားမလည်တဲ့ ယုန်သူငယ်မျက်နှာနဲ့ မူယာမာယာများဖို့မကြိုးစားနဲ့ကွ. . . ပြောစမ်း အဲဒီစာရွက်တွေကဘာတွေလဲ"

လူငယ်က သူဖတ်နေသော ဂီတသင်္ကေတစာရွက်ကိုကြည့်ရင်း. . .

"ဒါ. . . ဒါ Note တွေပါ. . ."

လူလည်ဆားပုလင်းမောင်ချိုက မျက်လုံးတစ်ဖက်စင်းရင်းစဉ်းစား ဟန်ပြုနေ၏။

"ဒါတော့ မင်းပြောမှလားကွ. . . ဒါတွေကမင်းတို့ ချင်းနားလည် တဲ့သင်္ကေတတွေဆိုတာ ငါသိပြီးသားပါကွာ. . . ငါသိချင်တာက. . . ဒါတွေဟာ ဘယ်သူ့ဟာတွေလဲ... ပြောစမ်း ဟေ့ကောင်. . ."

ဆိုပြီး လည်ပင်းကို ဆက်ဖျဲ့နှင့်ညှစ်ရင်း မေးနေသည်။

"အ. . . အ. . . အစ်တယ်ဗျ. . ."

"အစ်ရင်ပြောလေကွာ. . ဒါဘယ်သူ့ဟာတွေလဲ. ."

"ဗီ. . ဗီ. . ဗီသိုဗင်ရဲ. . . သင်္ကေတတွေ. ."

"ဟားဟား. . ငါထင်သားပဲ. . . ဒါဗီသိုဗင်ရဲ့လက်ချက်ပဲဆိုတာ. . ကဲ. . . မင်းဘာမှလှည့်ပတ်ဖို့ မကြိုးစားနဲ့တော့ မင်းတို့ဆရာကြီး ဗီသိုဗင်ကဒီနေ့ပဲ တို့ဆရာဦးထွန်းနိုင်ကိုလာရောက်ဝန်ချအဖမ်းခံ သွားပြီ အဖြစ်မှန်ကိုအမှန်အတိုင်းပြောပြရင် မင်းသက်သာမယ်. . ."

အမှန်တော့ ဆားပုလင်းမောင်ချိုက ထွက်လာသောသဲလွန်စအစလေး တစ်ခုကိုဆွဲဆန့် စစ်ဆေးသောနည်းဖြင့် အစ်နေခြင်းဖြစ်သည်။ ခက်သည်က သူမေးနေသောလူငယ်မှာ တက် သစ်စဂီတသမားဖြစ်နေသည်ကိုလည်းကောင်း၊ သင်္ကေတအားလည်းကောင်း၊ ဗီသိုဗင်ဆိုသော ကမ္ဘာကျော်ဂီတ ပညာရှင်ကြီးအားလည်းကောင်း မသိခြင်းပင်။ ဗဟုသုတနည်း၍ ဖြစ်ရသော ကမောက်ကမပါလေ။

ဗီသိုဗင်ခမျာမှာလည်း

www.burmeseclassic.com



တစ်သက်လုံးဂီတပညာရှင် အဖြစ်နဲ့ လူရှိသေရှင့်ရှိသေ နေလာရာမှ ဆားပုလင်းမောင်ချိုနှင့် တွေ့မှ ကလေကဝမြေအောက် ဂိုဏ်းသားအဖြစ်နှင့်ဝန်ချရင်း အဖမ်းခံရသောဘဝကိုရောက်ခြင်း မလှ ရောက်ရလေတော့သည်။ ဒါက ကျွန်တော်တို့ဆီက ဗဟုသုတနည်းပါးခြင်းပင်။ သူတို့ဆီက ဗဟုသုတစ်နည်းပုံက ပိုဆိုးသေးသည်။

တိရစ္ဆာန်ရုံမှ ကလေးများ၏အချစ်တော် ကုလားအုတ်တစ်ကောင် လွတ်သွားသဖြင့် ဆိုဗီယက်ရဲများ ခြေချင်းလိမ်ရှာဖွေနေကြသည်။ ပြည်သူများကလည်း ဒီရဲတွေ ဒီလောက်ညံ့နေတာ တစ်သက်လုံးမိမှာမဟုတ်ဘူးဟု မှတ်ချက်ပေးနေကြသည်။ ရဲမင်းကြီးက မခံနိုင်တော့၍ ရဲတပ်ဖွဲ့ဝင်များကို အမြန်ဆုံးမိအောင်လိုက်ရန် ဖိအားပေးနေသည်။ သုံးရက်မြောက်နေ့တွင် လွတ်သွားသောကုလားအုတ်ကို မိပြီဟု ရဲတပ်ဖွဲ့ကစီးစီးပိုင်ပိုင်ကြေညာသည်။ အံ့သြဝမ်းသာနေကြသော ပြည်သူများနှင့် သတင်းထောက်အချို့က စခန်းသို့အပြေးအလွှားရောက်လာကြရင်း သတင်းကိုစုံစမ်းကြသည်။

"ဘယ်မှာလဲ. . . ကုလားအုတ်ဘယ်မှာလဲ. . ."

"လူစုံရင်ပြမယ်လေ ငြိမ်ငြိမ်နေကြဦး. . . စုံပြီလားဟေ့. . . ထုတ်ခဲ့စမ်း. . ."

စခန်းမှူးကပြောသဖြင့် ရဲသားတစ်ဦးကစက္ကူပုံးတစ်ခုကိုမထုတ်လာသည်။ စက္ကူပုံးကိုကြည့်၍ လူများကြောင်ကုန်ကြသည်။

ရဲသားကစက္ကူပုံးကို ဖွင့်ပြလိုက်ရာ အထဲမှကြောက်လန့်နေသော ယုန်တစ်ကောင်ထွက်လာ၏။

"ဟင်. . . ဘယ်မှာလဲ. . . ကုလားအုတ်. . ."

ယုန်က ကြောက်လန့်တုန်ရင်စွာဖြင့် ကမန်းကတန်းပြောသည်။

"ကျွန်တော်ကုလားအုတ်ဖြစ်ကြောင်း ဝန်ခံပါတယ်ခမျာ. . ကျေးဇူးပြု၍ ခြေထောက်ကြီးတွေနဲ့ မကန်ကြပါနဲ့တော့ဗျာ. . ."

ကဲ. . . ဤမှာလည်း ထိုသူငယ်များ၏အပြစ်မဟုတ်ပါ။ ကုလားအုတ်နှင့်ယုန်ကို ခွဲခြားမသိသော ဗဟုသုတကြောင့်သာဖြစ်ပါသည်။

ထိုကြောင့် ကျွန်တော်တိုက်တွန်းပါသည်။ မှတ်ပါ. . .။

ဗဟုသုတမသုံးပါ စေနှင့်။
ဗဟုသုတက သင်ဘဝ ကိုကယ်ပါမည်။
အောင်မြင် ရေးလမ်းကြောင်းဖွင့်ပေးပါမည်။
ဗဟုသုတနည်းခြင်းက သင့်အောင်မြင်တိုးတက်ရေးကို ပိတ်ပင်ပါသည်။

ထပ်မှတ်ပါဦး. . .။

www.burmeseclassic.com



ဝဟုသုတမသုဉ်းပါစေနှင့်။

အသိပညာသည် အခြေခံဖြစ်၏။ အသိပညာသည် ကျွန်ုပ်တို့အား ကမ္ဘာအကြောင်း၊ လူတွေအကြောင်းသိစေသည်။ ထိန်းချုပ်မှုဖြစ်စဉ်၊ လမ်းညွှန်မှုဖြစ်စဉ်ကျင့်သုံးစေသည်။ ယင်းတို့ဖြစ်စဉ်အား အလားအလာများစွာရှိကြောင်း ထုတ်ဖော်ပြ ကာ တွန်းအားပေးသည်။ အသိပညာနှင့် မေတ္တာတရား ပေါင်းစပ်တိုးပွားစေခဲ့လျှင် ထိုအလားအလာတို့သည် ပို၍အကောင်အထည်ပေါ်နိုင်လိမ့်မည်။

(Sir Julian Hukley)



# ဆန္ဒအမှန်ရှိပါကဘယ်အရာမဆို အောင်မြင်အောင်စွမ်းဆောင်နိုင်သည်

ဘဝအောင်မြင်တိုးတက်လိုသူတစ်ယောက်သည် အမြဲတမ်းအောင်မြင်တိုးတက်လိုသောဆန္ဒ အမှန်တကယ်တောက်လောင်နေရပါမည်။ ထိုဆန္ဒက သင့်အား ဒုက္ခတော မှ ကယ်မမည့်တစ်ဦးတည်းသော မဏိမေခလာနတ်သမီးပင်ဖြစ်သည်။ ဆန္ဒသည် လူ၏စိတ်ကို သွေးပေး၏။ လူ၏ဘဝကိုမယိုင်လဲအောင်တည့်မတ်ပေး၏။ တိုတောင်းသောလူ၏ သက်တမ်းတွင် အဓိပ္ပာယ်ဆိုသော အောင်မြင်ရေး ဇာတ်ညွှန်းကိုရေးပေး၏။

သင်ဘယ်နေရာမှာရှိတယ်ဆိုတာအရေးမဟုတ်ပါဘူး။ ဘာလုပ်နေတယ်ဆိုတာသာအရေးကြီးပါတယ်။ နေရာဒေသက လူကိုမြင့်မြတ်စေတာမဟုတ်ပဲ လူကသာနေရာဒေသကို မြင့်မြတ်စေတာပါ။ ဒါကလည်း သင်၏ဆန္ဒအမှန်နဲ့ မြင့်မြတ်တဲ့ အလုပ်လုပ်မှုပါပဲ။

ပညာရှိတို့ဆိုခဲ့သော စကားများ ရှိပါသည်။

"ကောင်းကင်တမွတ်ကြယ်ကိုဆွတ်က မလွတ်စတမ်းရမြဲတမ်းတည့်"

"ကြိုးစားလျှင်ဘုရားတောင်ဖြစ်နိုင်၏"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင် ... ဘူး မဖြစ်သေးတာပဲရှိတယ်..."

ဤစကားစုများသည် ဆန္ဒကိုမီးမောင်းထိုးပေးသော စကားစုများပင်ဖြစ်သည်။ အဘယ်အရာသောအောင်မြင်မှုမဆိုခိုင်မာသောဆန္ဒဉခွံတွင်း မှ ပေါက်ဖွားလာသော ဆုလာဘ်ပင်ဖြစ်သည်။ ထို့ကြောင့် ဘဝ အောင်မြင်တိုးတက်လိုသူသည် ခိုင်မာသောဆန္ဒနှင့် မဆုတ်မနစ်သောဇွဲရှိဖို့လိုကြောင်း တင်ပြလိုပါသည်။

လူတချို့က မိမိဆန္ဒကိုခိုင်ခိုင်မာမာမထားပဲ ကိုယ်မအောင်မြင်တာကို ပတ်ဝန်းကျင်ကိုအပြစ်ဖို့ချင်နေကြပါသည်။

"သူ့ကြောင့် ငါဒုက္ခရောက်တာ... သူသာမပါရင်ပြီးပြီ..."

"ငါကိုယ်က... ကံမကောင်းတာ ဘာအရည်အချင်းမှမရှိတဲ့လူတွေဖြစ်သွားပြီ..."

"ဒီကိစ္စသာ စုမနေရင် ခုချိန်ဆိုငါဟန်ကျနေပြီ..."

"ဒီရပ်ကွက်ကို... ငါလုပ်လုပ်ပြန်ပြီ.., ငါပြောပြောပြန်ပြီနဲ့ နားလည်မှုမရှိကြဘူး.. တစ်ရပ်ကွက်လုံး ကိုစိတ်ရှိလက်ရှိကလော်တုတ်လိုက်ရ...ဟင်း..."

စသောစကားများမှာ ကိုယ်ရဲ့ကိုယ်ပိုင်ဘဝကို ကိုယ်ပိုင်ဆန္ဒနှင့် အောင်မြင်အောင်မကြိုးစားပဲ သူများဘဝများပေါ်မှီတည်သောအယူအဆများနှင့် ဘဝအပွန်းခံနေကြသူများထံမှ ထွက်ကျလာသောအသံများပင်ဖြစ်သည်။ တကယ်ဆန္ဒရှိသူများသည်ပတ်ဝန်းကျင်နှင့်မဆိုင်၊ ပတ်ဝန်းကျင်ကို အပြစ်မဖို့။ ကိုယ့်ဘဝကိုကိုယ့်ဆန္ဒနှင့်ထပ်တူညီအောင်ကြိုးစားရန်လိုပါသည်။ အလုပ်ကသင့်ကိုဘယ်လိုလုပ်ရတယ်ဆိုတာသင်ပေးသွားပါလိမ့်မယ်။ ပြင်းထန်သောဆန္ဒသည် ဒုက္ခတံတိုင်းမဖြစ်နိုင်ဘူးဆိုသော် ဒွိဟတံတိုင်းကို အေးဆေးစွာကျော်ဖြတ်နိုင်ပါသည်။

ဆန္ဒပြင်းထန်သူတစ်ဦးအကြောင်းပြောပြပါဦးမည်။ ဆွံ့အနားမကြားကျောင်းတွင် ကျောင်းသားသူငယ်ချင်းနှစ်ဦးဆုံကြသည်။ ဆိုကြပါစို့ မောင်တစ်နှင့် မောင်နှစ်ပေါ့။ နွမ်းနယ်ညှိုးချုံးနေသောမောင်တစ်ကို မောင်နှစ်ကစိုးရိမ်တကြီးနှင့် လက်ဟန်ခြေဟန်(ဆွံ့အနားမကြားသင်္ကေတစကား) နှင့်မေးသည်။





"နွမ်းလျှချည်လား သူငယ်ချင်း... ဘယ်လဲ.. နေမကောင်းဘူးလား..."

မောင်တစ်နွမ်းနယ်စွာကြောင်ကြည့်နေ၏။ ပြန်ဖြေရန်အတွက်လက်ဟန်ခြေဟန်လုပ်ရန်ပင် အားမရှိဖြစ်နေပုံရသည်။ မောင်နှစ်ကစိုးရိမ်သွားပြီး လက်ဟန်ခြေဟန်နှင့်

"ဘာလဲ... မင်းငါ့ကိုစကားတောင်မပြောနိုင်တော့ဘူးလား.. ဘာတွေဖြစ်နေတာလဲသူငယ်ချင်းရယ်..."

ဒီတော့မှ မောင်တစ်ကလက်ခြေဟန်နှင့်ပြန်ဖြေပြ၏။

"ညကတစ်ညလုံး ဆွံ့အနားမကြားအမျိုးသမီးဆောင်ရှေ့မှာ လက်ဟန်ခြေဟန်နှင့်သီချင်းသွားဆိုတာ မှဲဝင်သွားပြီး သီချင်းဆိုများသွားလို့ လက်ဝေ့နာနေတာ... စကားတောင်ကောင်းကောင်းမပြောနိုင်သေးဘူးကွ..."

ဟူသတဲ့...။

ဤသည်မှာ ဆန္ဒဆောင်သဖြင့်သာ ဆွံ့အနားမကြားတစ်ယောက်က မိမိုင်တွင်းမှသီချင်းများကို မိမိချစ်သူ ဆွံ့အနားမကြား ကောင်မလေး၏ အဆောင်ရှေ့တွင် မရမ်နား တစ်ရစပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

မှိန်ပျပျဆောင်းည၏ ရှက်ကြွေသံများ။ ဆွံ့အနားမကြား အမျိုးသမီးဆောင်ရှေ့လမ်းမပေါ်က ခါတ်တိုင်လေးကိုမှီရင်း လက်ဟန်ခြေဟန်နှင့် သီချင်းဆိုပြနေသော ကောင်လေးနှင့် ဆွံ့အနားမကြားဆောင်မှ မှုန်တုန်မွှားတားညအမှောင်ကြားကို ပြူးပြဲကြည့်ရင်း သီချင်းတောင်းနေသောအဆောင်သူမိကဲလေးတို့နှစ်ယောက်၏ရုပ်ပုံလွှာများမှာ တရေးရေးမြင်ယောင်စရာ။ သီချင်းသံလေးပင်ကြားယောင်လာသည်။

"သီဆိုနေမယ်×× မင်းဖို့သီချင်းတွေ×××တစ်ညလုံးပဲ ဆွံ့အနားမကြား ဆောင်ရှေ့လမ်းမပေါ်မှာလေ××"

ဤသည်မှာ ဆန္ဒတစ်ခုနှင့် မဖြစ်နိုင်တာမရှိစေအောင်စွမ်းဆောင်နိုင်မှုဖြစ်ပါသည်။ ဆွံ့အနားမကြားဖြစ်ပါလျက်မိမိခံစားချက်များကို မိမိချစ်သူအား လက်နာခြေကုန် လက်ပန်းကျသည်အထိ သီဆိုဖျော်ဖြေနိုင်ပုံမှာ အတုယူစရာပါ။

နှစ်ပေါင်းမြောက်မြားစွာကြာပြီးနောက် ကျွန်တော်တို့ရဲ့မျက်နှာတွေဟာ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အတ္တုပ္ပတ္တိဖြစ်လာမှာပါ။

တကယ်အောင်မြင်လိုသူသည် ဤသာဓကကိုယူ၍ မိမိဆန္ဒကိုမျက် ခြည်မပြတ်မမှိတ်မသုန်ကြည့်ရင်း အောင်မြင်အောင်ကြိုးစားပါက မုချအောင်လမ်းပေါ်တွင် အောင်ပန်းတင်မက ကလေးတို့ဘာတို့ပါ ဆွဲခူးနိုင်ပါမည်။ စိတ်ထဲတွင်စွဲမြဲနေအောင်ရွတ်ဆိုကြပါ။

မဖြစ်နိုင်တာမရှိ၊ မဖြစ်သေးတာပဲရှိတယ်။

မဖြစ်နိုင်တာမရှိ၊ မဖျာသေးတာပဲရှိတယ်။

မဖြစ်နိုင်တာမရှိ၊ မဖြစ်သေးတာပဲရှိတယ်။



## မတုံးစမ်းပါနဲ့ ဉာဏ်ကြီးရှင်ရယ်

လူ့ဘဝကိုဖြတ်သန်းနေသော လမ်းများစွာမှာ အချိုးအကွေ့များပြွန်းတီး၍ ဆူးခလုပ်များလည်းထူပြောလှပါသည်။ ထိုအခက်အခဲ၊ ထိုဆူးခလုပ်များကို ဉာဏ်ပညာတည်းဟူသော တစ်ခုတည်းသော ဘူတိုဇာနဲ့နင်းခြေဝင်ရောက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိပေ။

ဤတွင်မှတ်သားမိစေရန်အတွက်အတွေးအခေါ်ပညာရှင် George Santayana ၏စကားကို မှတ်သားထားမိစေလိုပါသည်။

လိမ္မာရုံနဲ့ပညာမဟုတ်။ အတွင်းစိတ်သဏ္ဍာန်ကို မြင်မကြည့်ပဲမျက်စိမှိတ်ထားခြင်းသည်လည်းပညာမဟုတ်။ နှလုံးသားကိုယုံကြည်တာမှပညာပါ။

ကိုလံဘတ်သည် မြေပုံမပါပဲ ကမ္ဘာသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့တာပါတဲ့။

ထို့ကြောင့်ဘဝတိုးတက်ရန်အတွက် အသိဉာဏ်ဖွံ့ဖြိုး၍ ဗဟုသုတကြွယ်ဝအောင် မိမိကိုယ်မိမိအမြဲပျိုးထောင်နေသင့်ပါသည်။ အသိဉာဏ်ကိုဘာနှင့်ပျိုးထောင်မည်နည်း။ အနီးစပ်ဆုံးနှင့် အလွယ်ကူဆုံးမှာ စာဖတ်ခြင်းပင်ဖြစ်သည်။ နံပါတ်စဉ်နှင့်မှတ်ကြည့်ရအောင်. . .

၁။ စာဖတ်ပါ-

www.burmeseclassic.com

www.burmeseclassic.com



၂။ စာတွေ့အတွေးအမြင်များကို လက်တွေ့ဖြစ်ရပ်များနှင့် ယှဉ်တွဲအသုံးချပါ-

၃။ ထွက်လာသောအဖြေကို မှတ်စုထား၍ တိုးတက်မှုဆုတ်ယုတ်မှုကို သုံးသပ်ပါ-

၄။ မိမိကိုယ်မိမိ အားမနာတမ်းဝေဖန်ပါ-

သို့မှသာ တိုးတက်သောအသိအမြင်ကောင်းများ သင့်ထံဝင်ရောက်ခစားလာမည်ဖြစ်သည်။ ထိုအခါ ထက်မြက်ခြင်းသည် သူ့အလိုလိုရောက်လာလိမ့်မည်ဖြစ်သည်။ ထက်မြက်ခြင်းနှင့်တုံးခြင်းကို ထင်ရှားစေရန် ဥပမာ ပြပါဦးမည်။

ဉာဏ်ကြီးရှင်(၁)

စူပါမတ်ကက်ကြီးတစ်ခုတွင်လင်မယားနှစ်ယောက်ဈေးဝယ်ပြီးထွက်လာကြသည်။ မိန်းမက ပစ္စည်းအထုပ်အပိုးများနှင့်ကားဆီသို့သွားရင်း ယောက်ျားလုပ်သူအား စူပါမတ်ကက်ကြီးမှ ကလေးများထားရာအခန်းရှိ မိမိတို့ကလေးကိုယူခိုင်းလိုက်သည်။ ယောက်ျားလုပ်သူသည် ကလေးများအခန်းမှ ကလေးလက်တွန်းလှည်းကိုတွန်း၍ ကားဆီသို့လိုက်လာသည်။ မိန်းမက လက်တွန်းလှည်းထဲကကလေးကိုကြည့်ရင်း အလန့်တကြားပြောသည်။

"ဟင်. . . ကိုပါစီ. . ဒါကျွန်မတို့ကလေးမှမဟုတ်ပဲ"

"တောက်. . . မိန်းမမင်းမတုံးစမ်းပါနဲ့ကွာ. . . ဒီလက်တွန်းလှည်းကိုကြည့်စမ်း. . တို့လှည်းထက်အများကြီးသစ်တယ်ကွ. . . ဉာဏ်ကိုတစ်လှာချင်းတစ်လှာချင်းသုံး. . ဟွင်းဟွင်း. . "

ကောင်းလိုက်တဲ့အတွေး။ ကလေးဆိုတာဘယ်အချိန်ပြန်မွေးမွေးပေါ့၊ ဟုတ်ဘူးလား။ လက်ငင်းရမယ့်လက်တွန်းလှည်းအသစ်ကို အမိအရဆုပ်ကိုင်လိုက်ခြင်းပါပေ။ လေးစားပါသည်ကိုပါစီ။

ဉာဏ်ကြီးရှင်(၂)

မိသားစုတစ်ခုအကြောင်းဖြစ်ပါသည်။ ညီအစ်ကိုနှစ်ဦးနဲ့အမေအိုတစ်ဦးရယ် ကြောင်လေးတစ်ကောင်ရယ်ရှိသည်။ အစ်ကိုကြီးက အလုပ်အကိုင်ကြိုးစားလုပ်ကိုင်သဖြင့် အောင်မြင်သောစီးပွားရေးသမားလေးတစ်ဦးဖြစ်နေသည်။ သူသည် သူ့ မိခင်ကိုချစ်မြတ်နိုးသလို သူ၏ ကြောင်ကလေးကိုလည်း သေမတတ်ချစ်သည်။ သူ့ညီကတော့ သူနှင့်ဆန့်ကျင်ဘက် ပေါ့ပေါ့နေ ပေါ့ပေါ့စားသမား။



တစ်နေ့ အစ်ကိုဟာ စီးပွားရေးကိစ္စအတွက် မလွှဲမရှောင်သာနှင့် မန္တလေးသို့ခရီးထွက်ရမည်ဖြစ်သည်။ ညီဖြစ်သူအားခေါ်၍ မှာကြားနေသည်။

"ညီလေး. . ညီလေးလည်းမငယ်တော့ဘူး. . . ကလေးလိုလုပ်မနေနဲ့. . အစ်ကိုမန္တလေးကို သုံးရက်ခရီးထွက်ရမယ်. . . ဒီသုံးရက်အတွင်းမှာ အမေကိုသေသေချာချာဂရုစိုက်ပါ အမေတသိပ်နေကောင်းတာမဟုတ်ဘူး အစ်ကို့ကြောင်ကလေး ရွှေဝါကိုလည်း အစာလေးဘာလေးကျွေး အစ်ကိုကြီးစိတ်ချပါရစေကွာ. . "

"စိတ်ချပါအစ်ကိုရယ် အိမ်ရော အမေရောကြောင်ကလေးပါ ကျွန်တော်သေသေချာချာစောင့်ရှောက်ပါ့မယ်. . . "

အစ်ကိုဖြစ်သူက နောက်ဆံတင်းတင်းနှင့် ခရီးထွက်သွားသည်။ မန္တလေးသို့ရောက်ရောက်ခြင်း အလုပ်ကိစ္စအမပြီးသေး၍ အိမ်သို့အဆက်အသွယ်မလုပ်နိုင်သေး။ နောက်တစ်နေ့မှ အလုပ်အနည်းအငယ်အားလပ်သဖြင့် အိမ်သို့ဖုန်းဆက် ညီဖြစ်သူအား အကျိုးအကြောင်းမေးရသည်။

"ညီလေး. . . အိမ်မှာအားလုံးအဆင်ပြေရဲ့လား. . "

"အင်း အဆင်တော့ပြေပါတယ်. . . "

"အစ်ကို့ကြောင်လေးရွှေဝါရောနေကောင်းရဲ့လား. . အစာရောကျွေးရဲ့လား. . "

"ကြောင်ကလေးရွှေဝါတတော့ တိုက်ခေါင်မိုးပေါ်တက်ဆော့ရင်း ပြုတ်ကျလို့သေသွားပြီ. . "

"ဟာကွာ. . မင်း. . ဒီလိုဒဲ့ဒိုးကြီးပြောချလိုက်ရယားမင်းကွာ. . . ငါကြောင်လေးကိုဘယ်လောက်ချစ်ဟယ်ဆိုတာသိရဲ့သားနဲ့. . . အမှန်ဆို တကယ်သေသွားပြီဆိုဦးတော့ အစ်ကိုစိတ်ချမ်းသာအောင် တဖြည်းဖြည်းချင်းပြောပြီး အသိပေးသင့်တယ်ကွာ. . . ဟာ. . ညီလေးရာ အစ်ကိုဟတ်ထိသွားပြီကွာ. . . စကားဆိုတာဒီလိုမပြောရဘူးကွ. . . "

"ဘယ်လိုပြောရမှာလဲဟင်. . . "

"ဥပမာကွာ. . ငါပထမတစ်ခါဖုန်းဆက်ရင် ကြောင်ကလေးရွှေဝါတော့တိုက်ခေါင်မိုးပေါ်တက်ဆော့ပြီး ပြန်မဆင်းတတ်လို့ တညောင်ညောင်နဲ့အော်နေတယ်ပေါ့ကွာ. . . ဒါပေမယ့်

www.burmeseclassic.com

အစ်ကို စိတ်မပူပါနဲ့ ကျွန်တော် မီးသတ်ကယ်ဆယ်ရေးသမားတွေကို အကူအညီတောင်းထားလို့ သူတို့လှေကားတွေထောင်ပြီး ကယ်ဆယ်ရေးစလုပ်နေပြီပေါ့ကွာ. . အစ်ကိုစိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်လုပ်ပြီးမှ ကျွန်တော် ဖုန်းပြန်ဆက်လိုက်မယ်ပေါ့. . "

"ကဲ. . . ငါဒုတိယအကြိမ်ဖုန်းဆက်မှ ကျွန်တော်တို့အစွမ်းကုန်ကယ်ကြပေမယ့် ကြောင်ကလေး ပတော်တဆတိုက်ခေါင်မိုးပေါ်က ပြုတ်ကျသွားတယ်ပေါ့ဗျာ ဒါပေမယ့် စိတ်မပူပါနဲ့ တိရစ္ဆာန်ဆေးကုဌာနကိုပို့ထားတယ်ပေါ့ကွာ. . . ဆရာဝန်ကြီးတွေက ဂရုတစိုက်နဲ့ အရေးပေါ်ကုသနေတယ်ပေါ့ကွာ. . အစ်ကိုစိတ်မပူပါနဲ့ မကြာခင် အစ်ကို့အချစ်တော်ကြောင်ကလေးရွှေဝါ အကောင်းပကတိဖြစ်လာမှာပါပေါ့. . . "

"ပြီးတော့ . . ငါတတိယအကြိမ်အကျိုးအကြောင်းမေးတော့မှ ကျွန်တော်တို့ ဘယ့်လိုဂရုစိုက်ကယ်ပေမယ့် ကံမကောင်းတဲ့ရွှေဝါက ဘုရားသခင်အလိုတော်အတိုင်း အိပ်စက်အနားယူသွားပါပြီ အစ်ကိုနဲ့ထပ်တူ စိတ်နှလုံးညှိုးချုံးရပါတယ်. . ဘာညာပေါ့ကွာ. . . ဒီလိုတဖြည်းဖြည်းအသိပေးသင့်တယ်ကွ. . . ဒီလိုဆိုတော့ ငါမှာဝမ်းနည်းဖို့အတွက် ကြိုတင်ပြင်ဆင်ချိန်ရတော့ ခံစားမှုသက်သာတာပေါ့ကွာ. . . နောက်မှတ်ထား. . ကြားလား. . ဝမ်းနားစရာစကားဆိုရင် ဘူလုံးနားမထွင်းမပြောချရဘူးကွ. . . တဖြည်းဖြည်းတစ်ဆင့်ပြီးတစ်ဆင့် အသိပေးရတယ်ကွ. . . "

"ဟုတ်ကဲ့အစ်ကို ကျွန်တော်မှတ်ထားပါမယ်. . . "

"အေးအေး ကောင်းပါလေ့ကွာ. . . ဒါနဲ့မေမေရောနေကောင်းရဲ့လားညီလေးရဲ့. . . "

ညီဖြစ်သူ တစ်ချက်နှုတ်ဆိတ်သွားသည်။ ပြီးမှ တွေးတွေးဆဆပြောသည်။

"မေမေလား. . တိုက်ခေါင်မိုးပေါ်တက်ပြီး ပြန်မဆင်းတတ်လို့ တညောင်ညောင်အော်နေတယ်. . . "

သင်ပေးရင်ချက်ချင်းတတ်သော ဉာဏ်ကြီးရှင်ပါပေ၊ ဤသို့သောပါရမီရှင်မျိုးလည်း အတုယူသင့်ပါတယ်။

ဉာဏ်ကြီးရှင်(၃)

ကျောင်းတစ်ကျောင်း၏ နှုတ်ဆက်ညစာစားပွဲကို ဟိုတယ်ကြီး၏မြက်ခင်းပြင်တွင် ပျော်ရွှင်စွာ ကျင်းပပြုလုပ်နေသည်။ ဆရာများနှင့် ကျောင်းသူကျောင်းသားများ အထူးပျော်ရွှင်နေကြသည်။ ပါမောက္ခချုပ်၏ ဇနီးက ဟိုတယ်မှတည်ခင်းသော ဇွန်းကို မျက်စိကျနေသည်။ ဇွန်းမှာ စတီးအစစ်နဲ့ဖြစ်၍ထူထူထဲထဲရှိပြီး မဟာဆန်သည့်ဒီဇိုင်းလည်း ဖော်ထားသောကြောင့် ပို၍ချင်ခြင်းဖြစ်နေသည်။ ပါမောက္ခချုပ်အား နားနားကပ်၍ တီးတိုးပြောလိုက်သည်။

"ပါပါကြီး. . . အဲဒီစတီးဇွန်းတစ်ချောင်းလောက် ကျွန်မလိုချင်တယ်. . . ရအောင်ယူပေးပါ. . . "

ပါမောက္ခချုပ် စိတ်ရှုပ်သွားပြီး . . .

"အား. . ကျောင်းသူကျောင်းသား ဆရာဆရာမတွေကအများကြီးကွ. . . သိသွားရင် မကောင်းဘူး. . . "

"အို. . . သူတို့ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေကြတာ သိမှာမဟုတ်ပါဘူး. . . ယူပေးဒါပဲ. . . "

ပါမောက္ခချုပ်က ဘယ်လိုတားတားမရသောအခါ နောက်ဆုံးမှ ဒုတိယပါမောက္ခချုပ်ထံကပ်၍ အမိန့်ပေးလိုက်သည်။

"ဒုတိယပါမောက္ခချုပ် ကျုပ်အတွက် ကျုပ်အတွက် အဲဒီဇွန်းတစ်ချောင်းလောက် အမှတ်တရယူခဲ့ပေးစမ်းပါ. . . အမှတ်တရ သဘောပေါ့. . . ဟင်းဟင်း. . "

"လုပ်မနေနဲ့ကိုယ့်လူ လိုချင်ရင်ကိုယ့်ဘာသာကိုယ်ရအောင်ယူ. . . ကျုပ်အတွက်ကို ယူပြီး ဘွတ်ဖိနပ်ထဲမှာတောင် ဝှက်ထားပြီးပြီ. . . "

ပါမောက္ခချုပ်ကြီး စိတ်ညစ်သွားသည်။ ခဏနေတော့မှ ပါမောက္ခချုပ်ကြီးမတ်တတ်ရပ်ပြီး အားလုံး အာရုံစိုက်အောင် လက်ခုပ်တီး၍ ခေါ်လိုက်သည်။

"ဖြောင်းဖြောင်း"

"အားလုံးကြည့်ပါ. . အခုလို ပျော်ရွှင်ဖွယ်ကောင်းတဲ့ နှုတ်ဆက်ညစာစားပွဲအခါသမယမှာ ပိုပြီးအမှတ်တရဖြစ်သွားအောင် အစီစဉ်တစ်ခုထပ်တိုးပါမယ်. . . ဒါကတော့ ပါပါကြီးရဲ့ မျက်လှည့်လက်လှည့် ပဉ္စလက်အစီအစဉ်ပဲဖြစ်ပါတယ်. . . အားလုံးလက်ခုပ်တီးကြပါခင်ဗျာ. . "

"ဟေး. . . ရှီး. . . "

ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ ပျော်ရွှင်စွာ လက်ခေါက်မှုတ်

လက်ခုပ်တီးကြသည်။

"ကဲ... ယခုပါပါကြီး ပြမယ့်ပညာက ယောနယ်ဆောနယ်တစ်ဝိုက်မှာ ကျော်ကြားလှပါတယ်ဆိုတဲ့ ပဉ္စလက်ပညာဖြစ်ပါတယ်.. ဒီမှာကြည့်စမ်း.. ဟော ဒီမှာ သက်မဲ့စတီးဇွန်းလေးတစ်ချောင်း.. ဒါ တပည့်တို့ ဆရာဆရာမတို့စားခဲ့တဲ့ ဒီဟိုတယ်က တည်ခင်းကျွေးမွေးခဲ့တဲ့ သာမန်စတီးဇွန်းလေးတစ်ချောင်းပါ.. ကဲ.. မျက်စိမမှိတ်နဲ့ မျက်တောင်မခတ်နဲ့ သေသေချာချာမြင်အောင်ကြည့်နော် ဒီစတီးဇွန်းလေးကို ဒီမှာကြည့်စမ်း.. ပါပါကြီးရဲ့အိတ်ထောင်ထဲကိုထည့်လိုက်မယ်... ဟပ်ချလောင်း.. ကဲ.. ပျောက်သွားပြီ... ဒီစတီးဇွန်းလေးဘယ်ရောက်သွားလဲ.. ပါပါကြီးရဲ့အိတ်ထောင်ထဲကပျောက် ဒုတိယပါမောက္ခချုပ်ရဲ့ဘွတ်ဖိနပ်ထဲကိုရောက်သွားပါပြီ ခင်ဗျား.. ဒုတိယပါမောက္ခချုပ်.. ခင်ဗျား ဖိနပ်ကိုဖြေပြလိုက်ပါ..."

ဒုတိယပါမောက္ခချုပ်က ပါမောက္ခချုပ်ကြီးကို မကြည်ကြည်ကြည့်ရင်း ဖိနပ်ကြီးကို မဖြေချင်ဘဲ ဖြေပြလိုက်သည်။

ကဲ.. ဘယ်လောက်ကောင်းတဲ့ဉာဏ်ရည်ဉာဏ်သွေးလဲ။ ထိုသို့သော ဉာဏ်ရည်မျိုးကိုဉာဏ်ကြီးရှင်လို့ခေါ်ပါတယ်။ ခေါ်လည်းခေါ်ထိုက်လှပေသည်။

ထိုသို့သော ဉာဏ်ရည်ဉာဏ်သွေးမျိုးသည် မွေးရာပါခဲ့သလား၊ ကျွန်တော်တစ်ခွန်းတည်းဖြေမြွမည်။

'NO ပါ...

စဉ်းစားတွေးခေါ်ခြင်း မိမိကိုယ်မိမိ ထက်မြက်အောင် သွေးထားခြင်းတို့ကြောင့် ဖြစ်လာသောအရည်အချင်းများဖြစ်ပါသည်။

ဉာဏ်ကြီးရှင်သည် ပါရမီကြောင့်ဖြစ်လာသည်မဟုတ်၊ ကံကောင်း၍ဖြစ်လာခြင်းလည်းမဟုတ် မတော်တဆတိုက်ဆိုင်၍ဖြစ်လာသည်လည်းမဟုတ်၊ မိမိကိုယ်မိမိ ဖြည့်ဆည်းရင်း သွေးရင်းအောင် စိတ်မွေးရင်းမှ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လူတိုင်းသည် ကြိုးစားပါက ဉာဏ်ကြီးရှင်ဖြစ်နိုင်သည့်ချည်းသာဖြစ်ပါသည်။ ထိုမှုစူးရှသောအသိဉာဏ်ရပါက လူ့ဘဝဖြတ်သန်းရာ လမ်းကြောင်းတွင် ဘာဆူးငြောင့် ခလုတ်ကိုတွေ့တွေ့ ပူရတော့မည်နည်း။

ဒါ.. ကျွန်တော့်စာအုပ်၏နောက်ဆုံးအခန်းဖြစ်ပါသည်။ ဤအခန်းကို သေသေချာချာ ကျကျနနဖတ်ပါမှတ်ပါလို့





# ဖောက်ထွက်စဉ်းစားနည်း

တိုက်တွန်းချင်ပါသည်။

လူတို့သည် အမှန်တော့ စက်ဝိုင်းသဏ္ဍာန်ဥခွံ၌သာ ကျင်လည် လည်ပတ်၍ တစ်သွားတည်း သွားနေကြပါသည်။ ဒါပြီးရင် ဒါ၊ ဒါပြီးရင်ဒါနဲ့ လူ့ဘဝကိုဥခွံလုံး လုံးကြီးအတွင်းမှ ဖြတ်သန်းနေကြပါသည်။ ထို့ကြောင့်ပင် စီးပွားရေးသမား၏ သားသမီး စီးပွားရေးသမားပင်ဖြစ်သည်။ သားသမီးများကိုလည်း ဒီအတွေး အခေါ်ပဲရိုက်ထည့်သည်။ သားသမီးကလည်း ထမင်းစားရန်အတွက် အဖေဘာလုပ်လဲကြည့်သည်။ သူ့လိုတွေး၊ သူ့လိုလုပ်၊ သူ့ဘဝကိုသာ လက်ဆင့်ကမ်းယူသည်။ ထိုနည်းနဲ့ငွေရှာ၊ အချိန်တန်တော့အိမ်ထောင်ရက်သားကျ။ သူ့သားသမီးတွေမွေး။ ဒီအတွေးတွေလက်ဆင့်ကမ်း။ ကဲ ဘယ်မှာတက်လမ်း။

ပညာရှိတို့၏စကားရှိပါသည်။ ကိုယ့်ထက်ကို ကိုယ့်သားသမီးလက်ထက်မှာ မြင့်ရပါမည်။ ထိုသို့ တစ်ဆင့်ချင်း တစ်ဆင့်ချင်းမြင့်သွားပါမှ မိမိ၏ မြို့ရွာတိုင်းနိုင်ငံ တိုးတက်သောအခြေအနေသို့ဖြစ်ပေါ်လာပါမည်။ မိဘလက်ထက်ကလည်း ဒီလယ်ကွက်ကလေးနဲ့ ဒီနွားနှစ်ကောင် ဒီလယ်လေးစိုက်စား။ ကိုယ့်လက်ထက်ကျတော့လည်း



BURMESE CLASSIC .com
www.burmeseclassic.com

ဒီနွားနှစ်ကောင်နဲ့ ဒီလယ်ကွက်ကလေး စိုက်စားရုံနဲ့ လူ့လောကကြီးကိုလှပအောင်စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ တွေးခေါ်နိုင်ဖောက်ထွက်နိုင်မှ မိမိတို့၏ အနာဂတ်လှပမည်ဖြစ်သည်။

မည်သို့ဖောက်ထွက်တွေးခေါ်ရမည်နည်း။ စိတ်ကူးစိတ်သန်းသည် လှပသောပန်းများကောက်ခြင်းမျှသာ ဖြစ်ပြီး တွေးခေါ်မြော်မြင်ခြင်းသည် ပန်းကုံးသီခြင်းဖြစ်ပါသည်။ လွယ်ကူသောဥပမာပြပါမည်။ ကျွန်တော်တို့ နောက်ကျေအောင်ကြားခဲ့ဖူးသော နဂါးနိုင်မောင်ပေါက်ကျိုင်းဇာတ်၌ အဓိကစကားကြီး တစ်ခွန်းပါရှိပါသည်။

"မအိပ်မနေ အသက်ရှည်..."

ဒါဘာအဓိပ္ပာယ်လဲ ဇာတ်ထဲမှာတော့ မောင်ပေါက်ကျိုင်းက မအိပ်ပဲနေ၍အသက်ရှည်ခဲ့သည်ဟု မှတ်ရသည်။ ဒါရှေးရိုးအစဉ်အဆက်မှတ်ခဲ့သောအတွေးဖြစ်သည်။ ကျွန်တော် တို့ဖောက်ထွက်တွေးခေါ်သူများက လမ်းရိုးအတိုင်းမတွေးတော့ပါ။

"မအိပ်မနေ အသက်ရှည်..."

မအိပ်ဘဲမနေနဲ့၊ အိပ်ကိုအိပ်ရမည်။ ဒါမှအသက်ရှည်မည်။

ဒီလိုပြန်တွေးခြင်းဖြစ်သည်။

ပို၍ထင်ရှားစေရန် သာဓကတစ်ခုပြပါဦးမည်။ ကမ္ဘာကျော်စာရေးဆရာကြီး 'မက်တွိန်း' သည် သူပိုင်သတင်းစာတစ်စောင်မှ သူတို့မြို့၏မျက်နှာဖုံးသူဌေးကြီးတစ်ဦးအား ပြင်းထန်သော ဝေဖန်စာတစ်စောင်ရေးဖူးပါသည်။ သူ့ဆောင်းပါး၏ နောက်ဆုံးပိတ်တွင် 'ဤမြို့မျက်နှာဖုံးကြီးသည် သူ့မျက်နှာကို သူ့တံတွေးနှင့်ပြန်ထွေးရန်ပင် မထိုက်တန်' ဟုဒေါသသင့်အောင် ရေးလိုက်မိသည်။ ထိုအခါ ထိုမြို့မျက်နှာဖုံးသူဌေးကြီးမှာ မကျေနပ်သဖြင့် 'မက်တွိန်း'အား တရားစွဲလေတော့သည်။ တရားရုံးက သတင်းစာမှ မှားယွင်းဖော်ပြမိကြောင်း တောင်းပန်ပေးရမည်ဟု အမိန့်ချသည်။ သမားရိုးကျ သမားဆိုလျှင် သမားရိုးကျပင် တောင်းပန်လိုက်မည်။ ကျေနပ်ပြီးရောပေါ့။ 'မက်တွိန်း' ကထိုသို့ သမားရိုးကျမတွေး၊ ဖောက်ထွက်ပြီး ဤသို့တွေး၊ ဤသို့ရေးသည်။

"ပြီးခဲ့သည့်အပတ်တမြို့မျက်နှာဖုံးကြီးအကြောင်း ရေးခဲ့သော ဆောင်းပါးနောက်ဆုံးအပိုဒ်တွင် ဤလူကြီးသည် သူ့မျက်နှာသူ့တံတွေးနဲ့ထွေးရန်ပင် ထိုက်တန်သူမဟုတ်ဟု မှားယွင်းဖော်ပြမိသဖြင့် တောင်းပန်အပ်ပါသည်။ အမှန်က သူ့မျက်နှာသူ့တံတွေးနဲ့ပယ်ပယ်နယ်နယ်ထွေးထိုက်သောသူဖြစ်ပါသည်။ ဟူ၏။

သူ၏ဆိုလိုရင်းလည်းရောက်၊ တောင်းပန်ရာလည်းရောက်အောင် ရေးသားသွားပုံမှာ အတုယူဖွယ်ရာကောင်းလှပါသည်။ ဖောက်ထွက်တွေးနည်းကို ထင်ရှားသည်ထက် ထင်ရှားစေရန် ဥပမာတစ်ခုပြပါဦးမည်။ ပို၍လေးနက်စေလိုသောကြောင့်ဖြစ်ပါသည်။

ဂျော်နီက သူ့ဖခင်မစ္စတာဂျွန်အားခွင့်တောင်းနေသည်။

"ဖေဖေ.. သားအိမ်ထောင်ပြုတော့မယ်.."

"ဟင်.. ဘယ်သူနဲ့လဲကွ..ဟေ..."

"ဟိုဘက်အိမ်က မေရီနဲ့..."

"ဘုရားရေ.. အဲဒါ ယူလို့မရဘူးသားရဲ့.. သားနဲ့က ဖအေတူ မအေကွဲမောင်နှမတွေ"

ဂျော်နီစိတ်ပျက်သွားသည်။ ဤသို့ဖြင့် နှစ်လခန့်ကြာသွားပြီးနောက်၌ ဂျော်နီက သူ့အဖေထံခွင့်တောင်းပြန်သည်။

"ဖေဖေ... သားမှာ အခုချစ်သူရှိနေပြီ... တစ်လမ်းကျော်က ကသရင်းတဲ့ဖေဖေ.. သားတို့မကြာခင်လက်ထပ်တော့မယ်..."

"အောင်မလေး ဘုရားသခင်.. အဲဒါယူလို့မရဘူးကွဲ့. သားနဲ့က ဖအေတူမအေကွဲမောင်နှမတော်တယ်.. အမလေး မှားကြတော့မလို့..."

ဂျော်နီစိတ်အညစ်ကြီးညစ်သွား၏။ ဤသို့ဖြင့် နှစ်လခန့်ကြာသော တစ်နေ့၌ ဂျော်နီက ပြောပြန်သည်။

"အဖေ.. ဒီတစ်ခါတော့ သားတကယ်အိမ်ထောင်ပြုတော့မယ်... ဟိုဘက်ရပ်ကွက်ထဲက ဒေစီနဲ့..."

"ဟေ... မရဘူး.. မရဘူးကွ.. အဲဒါမင်းနဲ့ဖအေတူမအေကွဲမောင်နှမတွေ.. ယူရင်ငရဲကြီးလိမ့်မယ်.."

ကဲ.. ဂျော်နီအတွက် ဘယ်လိုစဉ်းစားပေးကြမလဲ။ ဂျော်နီ ဖားသားကြီးဂျွန်ကလည်း စွမ်းပုံရတယ်။ ဘယ်မိန်းကလေး

www.burmeseclassic.com



မှ သူနဲ့လွတ်ပုံမရဘူး။ ဒီအချိန်မှာ ဖောက်ထွက်တွေးနည်းကလိုလာပြီ။ ကျွန်တော်တို့ ဂျော်နီအတွက်တွေးပေးကြည့်ရအောင်။

ဂျော်နီက သူ့အမေကို သွားတိုင်တော့သည်။

"အမေ. . သားတော့ ဒုက္ခပဲ. . . ဟိုမိန်းကလေးယူမယ်ဆိုပြီး အဖေ့ကိုခွင့်တောင်းတော့ သားနဲ့က ဖအေတူမအေကွဲ မောင်နှမတွေတဲ့. . ဒီမိန်းကလေး ယူမယ်ဆိုတော့လည်း ဖအေတူ မအေကွဲမောင်နှမတွေတဲ့. . ဘယ်မိန်းကလေးမှ အဖေနဲ့ မလွတ်ဘူးအမေ. . . အဖေနဲ့ လွတ်အောင် သားဘယ်လိုရှာရမလဲ. . ."

"အို. . သားရယ်. . စိတ်မပူပါနဲ့. . . စောစောက မင်းပြောတဲ့. . . ဘယ်သူ. . မေရီတို့ ကသရင်းတို့ ဒေစီတို့ကိုသား ကြိုက်တဲ့သူနဲ့ယူလို့ရတယ်. . ယူချင်တဲ့မိန်းကလေးယူစမ်း. . ."

"ငရဲကြီးမယ်ဆို. ."

"အမယ်လေး. . ဘာငရဲမှမကြီးဘူး. . ."

"ဖအေတူမအေကွဲ မောင်နှမတွေဆို. . ."

"ဘာဖအေတူမအေကွဲမှမဟုတ်ဘူး. . ."

"မေမေဘာကြောင့် ဒီလိုအတတ်ပြောနိုင်တာလဲဟင်. . ."

"ဒီဂျွန်က သားအဖေ အရင်းမှမဟုတ်တာပဲသားရယ်"

ကဲ. . . ဖောက်ထွက်တွေးခြင်း၏အသီးအပွင့်ပင်ဖြစ်ပါသည်။



ကဲ. . . ဇာတ်သိမ်းခန်းကိုရောက်ခဲ့ပါပြီ။ ကျွန်တော် အခုရေးသားခဲ့သော မိတ္တဟာဒယ ဟာသတက်ကျမ်းသည် ကျမ်းတစ်စောင် စာတစ်ဖုံဖြစ်ချင်မှဖြစ်ပေ လိမ့်မည်။ သို့သော် လိုချင်သူများအတွက် လွယ်လွယ်ကူကူ လေ့လာသိရှိနိုင်သော ဖတ်ရိုးဖတ်စဉ် စာအုပ်များထဲမှခွဲထွက်ထားခြင်းလည်းဖြစ်ပေလိမ့်မည်။

ဆိုလိုချင်သည်က ယခုစာအုပ်ကိုဖတ်ပြီး စာအုပ်အတိုင်း လိုက်နာကျင့် သုံးရန်မလိုပါ။ မိမိနှင့် သင့်တော်သမျှ အသုံးဝင်သမျှလေးကိုသာ မျှတ ဂဉ်းစားပြီးကောင်းတာကိုယူ မကောင်းတာကို ပယ်စေလိုပါသည်။ အကယ်၍ ဤ စာအုပ်ကိုဖတ်ပြီး တက်လည်း တက်မလာဘူးဟုဆိုသော် ကျွန်တော့်အပြစ်လုံးလုံးရှိသည့်အဖြစ်မျိုး မရောက်စေချင်၍ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ကိုယ်တိုင်လည်း ဘဝကြီးတစ်ခုလုံးအောင်မြင်အောင် မလုပ်တတ်သေး၍ ဖြစ်ပါသည်။ ဒါဆိုဘာလို့ရေးသေးလဲဟု မေးစရာက ရှိလာပေလိမ့်ဦးမည်။ ရှင်းပြပါမည်။ ဤစာအုပ်ရေးပြီးမှ ကျွန်တော့်မှာ စကားလုံးအသစ်တစ်ခုထွက် လာသည်။

"မင်းတို့ဖတ်ချင်တယ်ဆိုလို့သာ မရေးတတ်ရေးတတ်နဲ့ရေးလိုက်တာ. . . ရှက်လိုက်တာကွာ. . ." ဟူ၍။

လေးစားစွာကြိုးစားလျက်

www.burmeseclassic.com